ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် မှစတင်ထုတ်ဝေသည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 August 2021 ၁၀၄၆၆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရေဝတီတံတား(သရက်-အောင်လံ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။

# ရေဝတီတံတား (သရက်-အောင်လံ)တည်ဆောက်မှု ၂၁ ရာခိုင်နှုန်းပြီးစီး

**သရက် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ရေဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု၏ ၂၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရေဝတီတံတား(သရက်-အောင်လံ)၏ အရှည်မှာ စုစုပေါင်း ၂၂၇၂ ဒသမ ၅ မီတာရှိမည်ဖြစ်ပြီး ပင်မတံတား၏အရှည်မှာ ၁၇၃၂ ဒသမ ၅ မီတာရှိမည်ဖြစ်ကာ မီတာအရှည် ၁၄၄ မီတာစီပါဝင်သော ခန်းဖွင့် ၁၂ ခန်းဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

**တည်ဆောက်သွားမည်**

သရက်မြို့ဘက်ကမ်း၌ အရှည်မီတာ ၃၀၀ ရှိသော ချဉ်းကပ်တံတားအား မီတာ ၃၀ စီပါဝင်သော ခန်းဖွင့် ၁၀ ခန်း၊ အောင်လံမြို့ဘက်ကမ်း၌ အရှည် မီတာ ၂၄၀ ရှိသော ချဉ်းကပ်တံတားအား မီတာ ၃၀ စီပါဝင်သော ခန်းဖွင့် ရှစ်ခန်းဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မည်သည့်ဘဏ်ကိုမျှ ဒေဝါလီခံရန်၊ ပိတ်သိမ်းရန် ဆောင်ရွက်စရာ တစ်စုံတစ်ရာမရှိ ငွေကျပ် ၅၀၀၀ တန်နှင့် ၁၀၀၀၀ တန် ရုပ်သိမ်းမည်ဆိုသည်မှာလည်း မဟုတ်မှန်ကြောင်းနှင့် ရုပ်သိမ်းရန်မရှိ**

စာမျက်နှာ » ၃

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို အသိပေးကြေညာခြင်း**

စာမျက်နှာ » ၅

**လမ်းသမိုင်းရှာမှသည် တောင်ဖြူကျေးရွာဆီသို့ သမိုင်းအရွေ့နှင့်အတူ ဖြစ်တည်လာသည့် ပြည်သူ့စစ် ဒိုစစ်**

စာမျက်နှာ » ၆

**ထိပ်တိုက်ရင်ဆိုင်ရေး အလုပ်ဖြစ်မလား**

စာမျက်နှာ » ၁၀



ကြေးမုံ

# ကိုဗစ်ရောဂါကို စဉ်ဆက်မပြတ်သတိပြုကာကွယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်စတင်ယူသည့်အချိန်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် နောက်ဆက်တွဲ လူမှုစီးပွားအခက်အခဲများကို အစွမ်းကုန် ဖိဖိစီးစီး ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း ရောဂါဖြစ်ပွားမှုကို လွှမ်းခြုံကာကွယ်ထိန်းချုပ်ပေးနိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်တွေ့ဆုံ၍ ရောဂါကူးစက်ပြန့်ပွားမှုကျဆင်းစေရန် လမ်းညွှန်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် ပြီးခဲ့သည့် ဇူလိုင်လနှင့် ယခုလပထမပတ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့်အခက်အခဲများကို ကြိုးပမ်းကျော်လွှားနိုင်ခဲ့သည်။ ယခုရက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုသည် ရာခိုင်နှုန်း ၃၀ အောက်ကျဆင်းလာသည်ကို တွေ့ရသည်။ ယင်းတိုးတက်ကောင်းမွန်လာသော အခြေအနေကို ကျေနပ်နေ၍မရဘဲ ရောဂါကူးစက်ပြန့်ပွားမှုကို ထပ်မံကျဆင်းအောင် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို ပြည်သူများ လိုက်နာရန်အတွက် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာမှုကောင်းမွန်စေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်သည်။

သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိပြည်သူများကိုလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အဆင့်ဆင့် အသိပညာပေးကြရန်လိုအပ်သည်။ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်တွင် လုံးဝပျောက်ကွယ်သွားမည့်ရောဂါမဟုတ်ကြောင်း ပညာရှင်များက သုံးသပ်ထားကြသည်။ ထို့အတွက် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားကြရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ကုသဆေးတို့ကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် ရေရှည်တွင် အခက်အခဲများဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားထားသည်။

လတ်တလောတွင် မျိုးရိုးဗီဇမတူညီသည့် ဗီဇကွဲပိုးနှစ်မျိုးကို အခြားနိုင်ငံအချို့တွင် ထပ်မံတွေ့ရှိနေရသည်ကို ကြားသိနေရသည်။ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ပေ့ါပေ့ါဆဆ မနေထိုင်ဘဲ အထူးဂရုပြုနေထိုင်ကြရန် လိုအပ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ပြည်သူလူထုလက်ဝယ်ရောက်ရှိရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ပါဝင်ကူညီဆောင်ရွက်ပေးကြရန်လိုအပ်ပေသည်။ အများပြည်သူ အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို လက်ဝယ်တွင်ထားရှိကိုင်ဆောင်ပြီး ကိုယ်ကျိုးစီးပွားအတွက် မတော်လောဘဖြင့် သိုလှောင်ထားသူများကို ဖော်ထုတ်အရေးယူရန် ညွှန်ကြားထားပြီးဖြစ်ရာ သက်ဆိုင်ရာတို့က ဆေးဝါးပစ္စည်းများသိုလှောင်ထားသည့် ဂိုဒေါင်များကို ရှာဖွေစစ်ဆေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်တွင် ရှိနေဦးမည်ဖြစ်ပြီး ယခုရောဂါဖြစ်ပွားမှုသည် ကာလတစ်ခုအထိ ဆက်လက်ဖြစ်ပွားနိုင်သဖြင့် အမြဲမပြတ်သတိထားဆောင်ရွက်နေရမည်ဖြစ်သည်။ လူတစ်ဦးချင်း ကျန်းမာရေးနှင့်ညီညွတ်သည့် လှုပ်ရှားသွားလာနေထိုင်စားသောက်မှုများ လိုအပ်သည်ဟု ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက အသိပေးထုတ်ပြန်ထားသည်။ အောက်ဆီဂျင်ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ အောက်ဆီဂျင်ထုတ်လုပ်၍ရနိုင်သည့် စက်ရုံများအားလုံးမှ အမြဲမပြတ်ထုတ်လုပ်၍ ပြည်သူများလိုအပ်သည့်အချိန်တွင် အချိန်မီ အလွယ်တကူရရှိရေးအတွက် ဆောင်ရွက်နေသည်။ အလားတူ ကာကွယ်ဆေးနှင့်ပတ်သက်၍ ပြည်သူများ စဉ်ဆက်မပြတ်ရရှိရေး ပြည်ပမှတင်သွင်းနေရန် လိုအပ်သကဲ့သို့ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် ကမ္ဘာပေါ်တွင် ဆက်လက်ဖြစ်ပွားလျက်ရှိနေပြီး ရေရှည်တွင်လည်း ဆက်လက်ရှိနေမည်ဖြစ်၍ ပြည်သူများအနေဖြင့် ကိုဗစ်အန္တရာယ်ကို ကာကွယ်၍ အတူနေထိုင်နိုင်ရန် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဝိုင်းဝန်းလက်တွဲ လိုက်နာကြိုးပမ်းဆောင်ရွက်ကြရန် လိုသည်။ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အခက်အခဲများကြားမှ စဉ်ဆက်မပြတ်ဂရုစိုက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ယုံကြည်စိတ်ချစွာဖြင့် အတူလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာခင်မောင်ဇော်<br>ဒုတိယပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ပါမောက္ခ ဒေါက်တာမျိုးသက်တင်<br>ဒုတိယပါမောက္ခချုပ် (စီမံ)<br>ဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## အသိပေးကြေညာချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်**

၁။ အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၁၆-၈-၂၀၂၁ မှ ၂၂-၈-၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် လုပ်ငန်းတာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်းပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး(ရန်ကုန်) တို့မှ Online စနစ်ဖြင့် ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၅၈ ခုမှ Flow Meter ၆၀၀၀၊ Nasal Cannula ၂၀၀၀၊ Nasal Tube ၄၀၀၊ Oximeter ၂၈၀၀၊ Oxygen Anylist Gauge သုံးခု၊ Oxygen Bag ၁၅၀၊ Oxygen Concentrator ၁၉၄၄ ခု၊ Oxygen Cylinder ၃၀၊ Oxygen Inhalator ၄၀၀၊ Oxygen Mask ၃၅၀၀၊ Oxygen Tube ၆၀၀၊ Regulator ၄၇၁၀၊ Spirometer ၁၂ ခု၊ Sprayer Head ၁၃၀၀၀၀၊ Thermometer ၁၁၀၀၊ Sodium Injection 40 mg ၅၀၀၀၊ Lomoh 40 Injection ၈၀၈၉၂ ခု၊ U-Tryp ၁၀၀၀၀၀၊ IU Injection ၂၃၄၄ ခု၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၄၈၂၇၆ ဒသမ ၂၃ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး)တွင် ကုမ္ပဏီ ၃၀ ခုမှ Oxygen Cylinder ၇၄၉၈ ခု၊ Oxygen Concentrator ၁၁၅ ခု၊ Mask ၂၀၃၇၄ ကီလိုဂရမ်၊ Flow Meter ၄၅၁၄ ခု၊ PPE ၃၇၈၀၀၊ အောက်ဆီဂျင်အရည် ၁၅၃၂၃ ကုဗမီတာ၊ အောက်ဆီဂျင်အရည် ၄၀ ဒသမ ၄၇ တန်၊ Oxygen mask ၂၀၀၀၀၊ Protective Goggle ၂၀၀၊ Disposable Cap ၁၅၀ ကီလိုဂရမ်၊ Oximeter ၁၀၀၄၊ Oxygen Liquid Storage Tank သုံးစုံ၊ Oxygen regulator ၇၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦး |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | | |

# အမျိုးသားလုံခြုံရေးအက်ဥပဒေ ရေးဆွဲနိုင်ရေး

အမျိုးသားလုံခြုံရေးအက်ဥပဒေရေးဆွဲနိုင်ရေးကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများဖမ်းဆီးမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ရေးကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေပြဿနာများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် တိုင်းရင်းဆေးထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာသုတေသနဌာနများက လုပ်ဆောင်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပန်းခင်းစီမံချက် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး မီဒီယာဆိုင်ရာ ဘက်ပေါင်းစုံအသုံးပြုဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဩဂုတ် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစနစ် (e-ID စနစ်)လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မုံ့ရွှေရည်က အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်စနစ် (e-ID စနစ်) သိကောင်းစရာများ၊ ကမ္ဘာ့နိုင်ငံတချို့၌ ကျင့်သုံးနေသည့် e-ID စနစ်များ၊ e-ID စနစ်နှင့် ပတ်သက်၍ လေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက e-ID လုပ်ငန်းစနစ်အား စနစ်တကျ လေ့လာသုံးသပ်ကာ မိမိတို့ဌာနက ဆောင်ရွက်နေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် စဉ်းစားလေ့လာ သုံးသပ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ e-ID လုပ်ငန်းစနစ်သည် e-Government စနစ်၏ အခြေခံအကျဆုံးလုပ်ငန်းဖြစ်ပြီး နောက်ပိုင်းတွင် အခြားသော ဝန်ဆောင်မှုစနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်မြော်တွေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဌာနလုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ဆက်စပ်သက်ဆိုင်နေသည့်အတွက် အားလုံးက အလေးထားဂရုပြုဆောင်ရွက်ကြရန်နှင့် e-ID စနစ် လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ရေးအတွက် အသေးစိတ် ပြန်လည်ဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပန်းခင်းစီမံချက် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် မီဒီယာကဏ္ဍဖော်ဆောင်ရေး ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက ပန်းခင်းစီမံချက် ဆောင်ရွက်ရာ၌ ပြည်သူလူထု အသိပေးခြင်းလုပ်ငန်းကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပန်းခင်းစီမံချက်သည် နိုင်ငံသားများ၏ လူမှုဘဝ ပြည့်စုံနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားအထောက်အထားတစ်ခုဖြစ်မှု၊ ယင်းလုပ်ငန်းစဉ်သည် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ပေးရသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ ပြည်သူများ သိရှိနားလည်ပြီး လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ရှာကြံတွေးတော ဆောင်ရွက်နိုင်ရေး၊ မီဒီယာကဏ္ဍတွင် Online၊ Offline တို့ဖြင့် ဘက်ပေါင်းစုံ အသုံးပြုဆောင်ရွက်သွားရေးနှင့် လူမှုကွန်ရက်တို့မှ ထပ်ဆင့်ဖော်ပြ အသိပေးနိုင်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဒေသအာဏာပိုင်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများသို့ ဆက်သွယ်၍ လုပ်ငန်းအခြေအနေများကို အသိပေးရှင်းလင်းတင်ပြ ချပြနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မည်သည့်ဘဏ်ကိုမျှ ဒေဝါလီခံရန်၊ ပိတ်သိမ်းရန် ဆောင်ရွက်စရာ တစ်စုံတစ်ရာမရှိ ငွေကျပ် ၅၀၀၀ တန်နှင့် ၁၀၀၀၀ တန် ရုပ်သိမ်းမည်ဆိုသည်မှာလည်း မဟုတ်မှန်ကြောင်းနှင့် ရုပ်သိမ်းရန်မရှိ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မည်သည့်ဘဏ်ကိုမျှ ဒေဝါလီခံရန်၊ ပိတ်သိမ်းရန် ဆောင်ရွက်စရာ တစ်စုံတစ်ရာမရှိကြောင်း၊ ငွေကျပ် ၅၀၀၀ တန်နှင့် ၁၀၀၀၀ တန် ရုပ်သိမ်းမည်ဆိုသည်မှာလည်း မဟုတ်မှန်ကြောင်းနှင့် ရုပ်သိမ်းရန်မရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ယမန်နေ့တွင် အတည်ပြုပြောကြားသည်။

လတ်တလော လူမှုကွန်ရက်စာမျက်နှာများတွင် ဘဏ်များနှင့် ပတ်သက်ပြီး ကောလာဟလသတင်းများ ထွက်ပေါ်နေခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က "အခုအွန်လိုင်းမှာတက်နေတဲ့ ပုဂ္ဂလိကဘဏ် သုံးဘဏ်ကို ဒေဝါလီခံမယ်၊ ဖျက်သိမ်းမယ်ဆိုတဲ့သတင်းက ကောလာဟလသတင်းဖြစ်ပါတယ်။ ဒါက သက်သက်နိုင်ငံတော်စီးပွားရေးစနစ်ကို ကမောက်ကမဖြစ်အောင်၊ ပြည်သူလူထုကို အနှောင့်အယှက်ဖြစ်အောင် လုပ်တဲ့သတင်းဖြစ်ပါတယ်။ လုံးဝမမှန်ဘူးလို့ အတိအလင်းပြောလိုပါတယ်။

"အများပြည်သူရုံးပိတ်ရက် ပထမဆုံး စတင်ပိတ်တဲ့အချိန်ကတည်းကိုက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ဘဏ်တွေ မပါပါဘူး။ ပြည်သူလူထုအနေနဲ့ လက်ရှိမှာ ခံစားနေရတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေ၊ ဆေးဝါးတွေမှာတဲ့အပေါ်မှာ လွယ်ကူလျင်မြန်စေဖို့နဲ့ ဒီပိတ်ရက်တွေ ရက်ရှည်သွားတဲ့အခါ ကုန်စည်စီးဆင်းမှုတွေ အနှောင့်အယှက်ဖြစ်မှာစိုးတာကြောင့် ဝန်ကြီးဌာနအနေနဲ့ ရုံးပိတ်သော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ဘဏ်တွေက ရုံးတက်ဖို့ ခြွင်းချက်အနေနဲ့ ပါပါတယ်။ ရုံးပိတ်ရက်ရှည်မှာ လုပ်ငန်းတွေ မရပ်တန့်အောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ချန်လှပ်ထားခဲ့တာ သုံးပတ်ရှိသွားပါပြီ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ဘဏ်တွေမှာလည်း ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုတွေရှိလာပါတယ်။

"အတည်ပြုလူနာတွေနဲ့ ဆက်စပ်တဲ့သူတွေကလည်း ကွာရန်တင်းဝင်ရောက်ရတာတွေ ရှိလာပါတယ်။ ဒီလိုဖြစ်လာတဲ့အတွက် ဘဏ်သုံးဘဏ်ပေါင်းပြီးမှ တစ်ဘဏ်ဖွင့်ရတာ၊ နှစ်ဘဏ်ပေါင်းပြီးမှ တစ်ဘဏ်ဖွင့်ရတာ စသဖြင့် အခက်အခဲတွေ ရှိလာပါတယ်။ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှုန်းကလည်း ဘဏ်တွေမှာ တက်လာပါတယ်။ ဒါကြောင့် ဒီအပတ်မှာ ကျွန်တော်တို့က အခြေအနေအရပ်ရပ်အရ အများပြည်သူကျန်းမာရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ဘဏ်တွေကလည်း ကျန်းမာရေးကို ထိန်းသိမ်းတဲ့အနေနဲ့ ပိတ်တာဖြစ်ပါတယ်။

"ဘဏ်တွေပိတ်သော်လည်း ဘဏ်နဲ့ပတ်သက်တဲ့ ပုံမှန်အွန်လိုင်းဘဏ်စနစ်နဲ့ ဒစ်ဂျစ်တယ်ဘဏ်စနစ်တို့က တောက်လျှောက် အမြဲတမ်းသွားလို့ရပါတယ်။ Payment System အားလုံးက အွန်လိုင်းနဲ့ အသုံးပြုနေမှုကို မပျက်ကွက်အောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ATM စက်နဲ့ ငွေထုတ်ယူတာကလည်း ပုံမှန်အတိုင်းဖြစ်မှာဖြစ်ပါတယ်။ ဒီပိတ်ရက်သည် ဘဏ်လုပ်ငန်းဆောင်ရွက်မှုကို အနှောင့်အယှက်မရှိပါဘူး။ ပိတ်ရတဲ့ ရည်ရွယ်ချက်သည် ကိုဗစ် – ၁၉ ရောဂါ ပြန့်ပွားမှုကနေ ပြန်လည်ပြီးထိန်းချုပ်တဲ့ အများပြည်သူရုံးပိတ်ရက်မှာ အများပြည်သူအနေနဲ့ပါဝင်ပြီး ရုံးပိတ်ရက်အနေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"ဒီလိုအချိန်မှာ ပြည်သူလူထု စိတ်အနှောင့်အယှက်ဖြစ်အောင် ဘဏ်တွေပိတ်မယ်တို့၊ ငွေကျပ် ၅၀၀၀ တန်နဲ့ ၁၀၀၀၀ တန်တွေ သိမ်းမယ်တို့ ကိစ္စရပ်တွေနဲ့ သက်သက်နှောင့်ယှက်တာက စိတ်မကောင်းစရာလို့ မြင်ပါတယ်။ မဖြစ်သင့် မဖြစ်ထိုက်တဲ့၊ မလွှင့်သင့် မလွှင့်ထိုက်တဲ့ သတင်းတွေလို့ ယူဆပါတယ်။

"ကျွန်တော် ထပ်မံအတည်ပြုပြောချင်တာက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ မည်သည့်ဘဏ်ကိုမှ ဒေဝါလီခံစရာအကြောင်းလည်း မရှိဘူး၊ ပိတ်သိမ်းစရာအကြောင်းလည်း မရှိဘူးဆိုတာကို ထပ်မံအတည်ပြုပြောလိုပါတယ်။ ထို့အတူ ငွေကျပ် ၅၀၀၀ တန်နဲ့ ၁၀၀၀၀ တန်တွေ ရုပ်သိမ်းမယ်ဆိုတာကလည်း လုံးဝရုပ်သိမ်းစရာ အကြောင်းမရှိဘူးဆိုတာကို ထပ်မံအတည်ပြုပြောလိုပါတယ်။ ဒီအတွက်ကြောင့် ပြည်သူလူထုအနေနဲ့ စိတ်အနှောင့်အယှက်မရှိဘဲနဲ့ ပုံမှန်အတိုင်း ဘဏ်နဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ယုံကြည်စွာ ဆက်လက်ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

**မောင်ဓနု**

# မော်လမြိုင်မြို့ ရွှေနတ်တောင်ရွှေလျား အောက်ဆီဂျင်စက်ရုံ စတင်လည်ပတ်

**မော်လမြိုင် ဩဂုတ် ၁၄**

မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ရွှေနတ်တောင် ရေသန့်စင် စက်ရုံဝင်းအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ အထွေထွေ ပိုလျှံရန်ပုံငွေဖြင့် တည်ဆောက်သည့် ရွှေလျား အောက်ဆီဂျင်စက်ရုံ စတင်လည်ပတ်မှုနှင့် အောက်ဆီဂျင်ထုတ်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အောက်ဆီဂျင်စက်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် လိုအပ်သည့် အောက်ဆီဂျင်များ လျင်လျင်မြန်မြန် ထုတ်လုပ်ပေးနိုင်ရေး ဂရုပြုဆောင်ရွက်ရန်နှင့် အောက်ဆီဂျင်စက်ရုံများကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရေသန့်စင်စက်ရုံဝင်းအတွင်းရှိ တန် ၂၀ ဆံ့ Liquid Oxygen စက်ရုံတည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ရွှေနတ်တောင်ရွှေလျားအောက်ဆီဂျင်စက်ရုံသည် ပြင်ပလေမှ အောက်ဆီဂျင် ထုတ်လုပ်ပေးသည့်စနစ်ဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၇၀ ကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီ တည်ဆောက်ပြီးစီးမည့် တန် ၂၀ ဆံ့ Liquid Oxygen စက်ရုံမှ လုံလောက်သည့် အောက်ဆီဂျင် ထုတ်လုပ်ပေးနိုင်မည့်အပြင် ရွှေလျားအောက်ဆီဂျင် စက်ရုံတစ်ခု ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တောင်ကြီးမြို့ပေါ်ရှိ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ရှာင်ံ ဩဂုတ် ၁၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းရှိ ကလေးကုသဆောင်တွင် ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာ ထားရှိမည့်နေရာနှင့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးတို့ကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**ထုတ်လုပ်နိုင်**

အဆိုပါ ကလေးကုသဆောင်တွင် လူနာများအား အပေါ်ထပ်တွင် ၃၇ ဦး၊ အောက်ထပ်တွင် ၂၃ ဦး စုစုပေါင်း ၆၀ ထားရှိကုသနိုင်ပြီး အောက်ထပ်တွင် အောက်ဆီဂျင်ပိုက်လိုင်းမှ အောက်ဆီဂျင်တိုင် လေးခု၊ အပေါ်ထပ်တွင် ကိုးခုရှိပြီး အောက်ဆီဂျင်စက်ရုံမှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၅၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။



ယင်းနောက် တောင်ကြီးမြို့ မိုးလုံလေလုံအားကစားရုံ၌ တောင်ကြီးမြို့ပေါ်ရှိ အသက် ၆၅ နှစ်နှင့်အထက် အဘိုး၊ အဘွားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်ံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ နှာခေါင်းစည်း အခုရေ ၁၀၀၀ ကို ပေးအပ်သည်။

**ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရှာင်ံမြို့ပြည်သူ့ဆေးရုံ၌ ကိုဗစ် - ၁၉ ရောဂါ ကုသရေးစင်တာတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်တို့ကို ပေးအပ်သည်။

ဆက်လက်၍ ရှာင်ံမြို့နယ်အဝင်တွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ရောဂါ စစ်ဆေးရေးဂိတ်သို့ သွားရောက်ကာ တာဝန်ကျဝန်ထမ်းများအား ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၈ နာရီတွင် အမှတ်(၄) လမ်းဆုံသို့ရောက်ရှိပြီး အင်ဂျင်နီယာဌာန(ရေပေးဝေရေးနှင့် သန့်ရှင်းမှု)မှ ဆောင်ရွက်နေသော ဖူးကြီး-လှော်ကား လက်မ ၆၀ သံကူကွန်ကရစ် ရေပို့ပိုက်လိုင်းနှင့် ဆက်သွယ်မည့် 1600 mm HDPE ရေပို့ပိုက်လိုင်း ဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မှော်ဘီ-ပြည်လမ်းမဘေးရှိ ကျောက်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ပြည်လမ်းအတိုင်း လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း ရေတွန်းစက်ရုံအထိ 1600 mm HDPE ရေပို့ပိုက်လိုင်း ဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မှော်ဘီမြို့နယ် ဆန်စပါးသုတေသနဌာန မြေနေရာဝင်းအတွင်း လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သဲအိတ်များစုဆောင်းပြင်ဆင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လူသွားလူလာများသည့် နေရာများတွင် ပညာပေးစိုက်ထူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ထုတ်ဝေသည့် အသိပညာပေး ဗီနိုင်းပိုစတာများကို မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**☆ ရှေ့ဖုံးမှ**

ပင်မတံတားမှာ သံပေါင်ခုံးတံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားများအား သံကူကွန်ကရစ်ဖြင့် တည်ဆောက်မည်ဖြစ်ကာ ရေလယ်တိုင်အုတ်မြစ်များအား သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားအကျယ် ၁၀ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် တစ်မီတာစီပါဝင်မည်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် မီတာ ၁၃၀ နှင့် အမြင့် ၁၆ မီတာရှိမည်ဖြစ်ကာ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။ လက်ရှိအနေအထားအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်စီမံချက်အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပင်မတံတားတိုင် ဘိုးပိုင်အုတ်မြစ် ၁၁၇ လုံးအပါအဝင် ပိုင်ထိပ်နှင့် Shaft တိုင်လုပ်ငန်း ခုနစ်ခု ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားသစ်တည်ဆောက်ရေးလုပ်ငန်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြီးစီးရန်လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက သိရသည်။

အဆိုပါ ရေဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး တံတားသစ်တည်ဆောက်ရန်အတွက် ခန့်မှန်းတန်ဖိုးငွေကျပ် သန်းပေါင်း ၉၈၀၀၀ အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးအောင်က ပြောသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက် ထားဝယ်မြို့သို့ ရောက်ရှိ



**ထားဝယ် ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ခံစားနေရသူများ အပါအဝင် အောက်ဆီဂျင်လိုအပ်သော လူနာများအတွက် အရေးပေါ် အောက်ဆီဂျင်လုံလောက်မှုရရှိစေရန် ရည်ရွယ်လျက် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ ကမ်းကြောင်းလမ်း တိုင်းဒေသကြီးလွှတ်တော်ရုံး အနောက်ဘက် တည်ဆောက်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါနေရာသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သစ်လွင်ထူး နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ အောက်ဆီဂျင်စက်တည်ဆောက်ရေးကုမ္ပဏီ တာဝန်ခံ ဦးမျိုးလွင်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံအတွက် အောက်ဆီဂျင်စက်မှာ တရုတ်နိုင်ငံထုတ် NZO-1160 NM3 အမျိုးအစား ဖြစ်ကြောင်း၊ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၂၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အောက်ဆီဂျင်စက် တည်ဆောက်ရေး လုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာကုမ္ပဏီနှင့် တည်ဆောက်ရေးကော်မတီများနှင့် စက်တပ်ဆင်ပြီးပါက အောက်ဆီဂျင် ထုတ်လုပ်ပြီး အောက်ဆီဂျင်လိုအပ်သည့်လူနာများကို အမြန်ဆုံး ဖြန့်ဝေပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် အောက်ဆီဂျင်စက် ထုတ်လုပ်နိုင်ပြီဆိုပါက အောက်ဆီဂျင်ဖြန့်ဝေသည့် လုပ်ငန်းများကိုစနစ်တကျဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြရန် မှာကြားခဲ့သည်။

အဆိုပါအောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးအတွက် အောက်ဆီဂျင်စက်ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း၊ ပင်မအဆောက်အအုံ ပေ (၃၀ x ၆၀)ကို တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက တာဝန်ယူဆောက်လုပ်လှူဒါန်းခြင်းဖြင့် လည်းကောင်း၊ အုပ်ချုပ်မှုအဆောက်အအုံ တစ်လုံး ပေ (၄၀ x ၁၈)ကို တိုင်းဒေသကြီး ငါးဆရာများအဖွဲ့က တာဝန်ယူဆောက်လုပ်လှူဒါန်းခြင်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး စက်ရုံတည်ဆောက်ပြီးစီးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လည်း အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၁ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၁ ရက်နေ့အတွင်း ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ (၃၃) ဦးရှိခဲ့ပါသည်။

၂။ သတင်းမီဒီယာဥပဒေ၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကောင်စီဝင်အဖြစ် အမည်စာရင်းပေးပို့ခံရသူ (၃)ဦးမှာ -

(က) ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)
(ခ) ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)
(ဂ) ဦးတင်မောင်ဦး(ကြို့ပင်ကောက်)

၃။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က) နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် ၂/၂၀၂၁ အရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအရ ပေးပို့လာသည့် နယ်ပယ်ကိုယ်စားပြုသူ အမည်စာရင်းများမှာ -

(က) **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**
ဒေါ်မြင့်မြင့်သိန်း
(ခ) **မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း**
ဦးရဲနိုင်စိုး
(ဂ) **မြန်မာနိုင်ငံသတင်းစာဆရာအသင်း**
ဦးဇေယျာမြတ်ခိုင်

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအတိုင်း ပေးပို့လာခြင်းမရှိသည့် နယ်ပယ်များအတွက် သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် ၃/၂၀၂၁ အရ ခန့်အပ်ခံရသူအမည်စာရင်းမှာ -

(က) ဦးရဲအောင်မြင့်
(ခ) ဦးအေးချမ်း
(ဂ) ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)
(ဃ) ဒေါက်တာဇော်သန်း
(င) ဦးအောင်ပြည့်စုံ
(စ) ဦးငွေအောင်
(အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း)
(ဆ) ဦးနေလင်း (အမတ်ဒိန်)
(ဇ) ဒေါ်ခင်သန်းနွဲ့ (မမ-လားရှိုး)
(ဈ) ဦးသက်နိုင်ဦး

၅။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကျန်ရှိသည့် အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ နှင့်အညီ စစ်ဆေးတွေ့ရှိချက်များအရ အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် သတ်မှတ်အချိုးအစားနှင့် ကိုက်ညီသူ(၄)ဦးကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရန် မလိုအပ်သဖြင့် သတင်းမီဒီယာကောင်စီဝင်များအဖြစ် အဖွဲ့မှ ရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည့် အမည်စာရင်းမှာ -

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**
ဦးတင်အေး(လပြည့်ဝန်းအောင်ကျော်)
(ခ) **မြန်မာနိုင်ငံစာရေးဆရာအသင်း**
(၁) ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)
(၂) ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက် ဆေး-၁)
(ဂ) **မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**
ပါမောက္ခ ဒေါက်တာမြသိန်းဟန်

၆။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ ကျန်ရှိသည့် ကိုယ်စားလှယ်လောင်း (၁၁) ဦးအား ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြုလုပ်ပြီး ရွေးချယ်ရန် အဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည် -

(က) တစ်ဦးချင်း ရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ
(၁) ဦးနေထွန်းဝင်း(နောင်ရဲဦး)
(၂) ဦးကျော်မင်းညွန့် (လှည်းကူး)
(၃) ဦးသက်ခိုင်(သက်ခိုင်-ရန်ကုန်တက္ကသိုလ်)
(၄) ဦးစိုးမင်း(ရန်ကင်းစိုးမင်း)
(၅) ဦးမောင်မောင်မြင့်အေး
(၆) ဦးအောင်လွင်
(၇) ဦးသိန်းလွင်
(၈) ဦးရဲရင့်စိုးညွန့်
(ခ) သတင်းအေဂျင်စီများမှ -
(၁) ဦးငွေအောင်(Orchid)
(၂) ဒေါ်ချိုအိဇင်(နွေဦးလင်း)
(၃) ဦးတင်မောင်ထွေး

၇။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဆိုပြုလွှာပေးပို့လာသူများအနက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆိုပြုလွှာ(၃)စောင်ကို အဖွဲ့၏ သဘောတူဆုံးဖြတ်မှုဖြင့် ပယ်ချခဲ့ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**



# ထန်းတပင်မြို့နယ်၌ လမုတန်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထန်းတပင်မြို့နယ် လမုတန်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်၍ လှော်ကားငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးငါးသား ပေါက်ကောင်ရေ ၃၀၀၀၀၀၊ လေးထောင့်ကန်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ စုစုပေါင်း ကောင်ရေ ၆၀၀၀၀၀ အား သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟင်္သာတမြို့၌ ဧရာဝတီမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးများ စိုက်ထည့်

**ဟင်္သာတ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်အတွင်း ငါးသယံဇာတတိုးပွားရန်နှင့် ဒေသခံပြည်သူတို့ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးရန်ရည်ရွယ်၍ ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီတွင် ဟင်္သာတမြို့ ရွှေဟင်္သာဆိပ်ကမ်း ဧရာဝတီသဘာဝရေပြင်အတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၂၀၀၀၀ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းသမိုင်ရွာမှသည် တောင်ဖြူကျေးရွာဆီသို့ သမိုင်းအရွေ့နှင့်အတူ ဖြစ်တည်လာသည့် ပြည်သူ့စစ် ဒို့စစ်

စာချစ်သူ

**၁၉၆၇ ခုနှစ်၊ မိုးဦးကာလ။**

မြစ်ဝကျွန်းပေါ်ဒေသ၏မိုးသည် အဆက်မပြတ်တော့ချေ။ ဗမာပြည်ကွန်မြူနစ်ပါတီ မြောင်းမြခရိုင်ကော်မတီသည် လပွတ္တာမြို့နယ်၏ အရှေ့တောင်ဘက်တွင်ရှိသော ကကရုံကြိုးဝိုင်းမှ လမုအုပ်တောတွင် အခြေစိုက်ထားသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ ရဲဘော်ဘအောင်သည် ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် သခင်ချစ်တို့၏ အထူးတာဝန်ပေးချက်အရ လမုအုပ်စခန်းသို့ ရောက်ရှိလာသည်။

ရဲဘော်ဘအောင်သည် မြစ်ဝကျွန်းပေါ်တိုင်းနှင့် မြောင်းမြခရိုင် "အလှည့်အပြောင်း" အတွက် အထူးတာဝန်ကိုယူဆောင်ရခြင်း ဖြစ်သည်။ သခင်ဗိုလ်ဦး ခေါင်းဆောင်သော မြောင်းမြခရိုင်ကော်မတီသည် ရဲဘော်ဘအောင်အား နိုင်ငံရေးနှင့် စည်းရုံးရေးအခွင့်အာဏာတို့ကို ပေးအပ်လိုက်လေသည်။

ရဲဘော်ဘအောင်သည် မြစ်ဝကျွန်းပေါ်ဒေသ၏ စမ်းသပ်ကွက်ဖြစ်သော မြောင်းမြခရိုင်၌ "သုံးပွင့်ဆိုင် အာဏာနီတည်ဆောက်ရေး စီမံကိန်း"ကို ရေးဆွဲလေသည်။ ပေါက်ခေါင်းလမ်းကြောင်းအတိုင်းပင် ဖြစ်သည်။

မြောင်းမြခရိုင် လပွတ္တာမြို့နယ်၌ ငါးတန်တရာ၊ ရေတွင်းကုန်း၊ စလောင်းကျရွာ သုံးရွာသည် သုံးပွင့်ဆိုင်တည်ရှိနေရာ ယင်းသုံးပွင့်ဆိုင် ကျေးရွာများ၌ "သုံးပွင့်ဆိုင် အာဏာနီ တည်ဆောက်ရေး"ဆိုသည်ကို လက်တွေ့ အကောင်အထည်ဖော်လေတော့သည်။

ရဲဘော်ဘအောင်တို့သည် ပါတီ၏ လူတန်းစားအခြေခံမူအရ အလတ်တန်းစား လယ်သမားနှင့် ချမ်းသာသော လယ်သမားများ ပိုင်သည့် မြေယာလက်ငုတ်၊ ကျွဲ နွား၊ လယ်လုပ်ကိရိယာ၊ မျိုးဝမ်းစာနှင့် ခနိဥယျာဉ်များကိုပါ အပိုအလျှံများဖြစ်သည်ဟုဆိုကာ အဓမ္မ သိမ်းဆည်းလိုက်ကြသည်။

ဆင်းရဲသောလယ်သမားတို့သည် ကျွဲ နွားကိရိယာများကို ခွဲဝေယူကြသည်။ အချို့သော ကျွဲ နွားများကိုမူ အမဲပေါ်ပြီး စုပေါင်းပျော်ရွှင်ပွဲအဖြစ် ချက်ပြုတ်စားသောက်ကြသည်။ ဆင်းရဲသော လယ်သမားများသည် ရဲဘော်ဘအောင်၏ တိုက်ရိုက်ခေါင်းဆောင်မှု အောက်တွင် ပစ္စည်းသိမ်းဝေရေးကို ပျော်ပွဲရွှင်ပွဲများအဖြစ် အောင်ပွဲခံလျက်ရှိကြသည်။

ရဲဘော်ဘအောင်တို့က "ချမ်းသာသော လယ်သမားများသည် ကျေးလက်နေ ဓနရှင်များဖြစ်သည်။ ကျေးလက်ဓနရှင်တို့၏အမြီးကို အငုတ်မကျန်အောင်ဖြတ်ရမည်။ လူတောမတိုးနိုင်အောင်၊ လူရာမဝင်နိုင်အောင်လည်း အဘက်ဘက်က သြဇာချထားရမည်"ဟုဆိုကာ မောင်းဒီးဒိုင်နယ်အတွင်းရှိ ချမ်းသာသောလယ်သမားများဟု သတ်မှတ်ခြင်းခံထားရသည့် လယ်သမားများအား ခွေးကတတက်၌သာ ထိုင်စေသည်။ ရဲဘော်ဘအောင်၏အမိန့်ကို ခြွင်းချက်မရှိပင် နာခံ၍ ခွေးကတတက်၌သာ ငုတ်တုတ်ကလေးထိုင်နေကြရသည်။

ရဲဘော်ဘအောင်သည် အချို့သောအမျိုးသမီးများ နဖူးစတွင် ဆံရစ်ချ၍ ဆံထုံးထုံးထားလျှင်လည်း ထိုသို့မထုံးရန် လိုက်လံ၍ ကန့်ကွက်သည်။ ဟန့်တားသည်။

"အာဏာနီဒေသမှာ ဂေါတမဆံထုံး မထုံးရ၊ ဂေါတမဆိုတာ ပဒေသရာဇ်ကြီး သုဒ္ဓေါဒနရဲ့သားဖြစ်တယ်၊ အဲဒီဆံထုံးဟာ အရင်းရှင်နဲ့ ပဒေသရာဇ်တို့စပ်ကျပြီးမှ ပေါ်လာတာဖြစ်တယ်။ အလွန်ဖောက်ပြန်တယ်"ဟုဆိုကာ ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြသည်။ ဤသို့ဖြင့် ရဲဘော်ဘအောင်တို့သည် အမျိုးမျိုးအာဏာပြ၍နေကြသည်။ စိတ်ကူးပေါက်ရာကို လုပ်နေကြလေတော့သည်။

**သောင်းကျန်းသူတို့၏ တရားလက်လွတ် ကြမ်းသမှု၊ ရမ်းသမှုကို ငုံ့ခံနေကြရ**

ထို့အပြင် "ဆင်းရဲက ချမ်းသာကို သတ်တာဟာလည်း ပုန်ကန်တာဖြစ်တယ်။ ပစ္စည်းတွေကို နည်းမျိုးစုံနဲ့သိမ်းပိုက်တာကလည်း တရားတာပဲ" ဟုဆိုကာ အပြစ်မဲ့ရွာသူရွာသားများကို "အာဏာနီ တည်ဆောက်ရေး၏ရန်သူ" အဖြစ် သတ်မှတ်ကာ ဝါးခုတ်သည့် ဓားမများနှင့် ခုတ်ဖြတ်သတ်ဖြတ်ကြသည်။ ဤသို့ဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသခံပြည်သူများသည် သောင်းကျန်းသူတို့၏ တရားလက်လွတ် ကြမ်းသမှု၊ ရမ်းသမှုကို ငုံ့ခံနေကြရလေသည်။

"ဆင်းရဲက ချမ်းသာကို သတ်တာဟာလည်း ပုန်ကန်တာဖြစ်တယ်။ ပစ္စည်းတွေကို နည်းမျိုးစုံနဲ့သိမ်းပိုက်တာကလည်း တရားတာပဲ" ဟုဆိုကာ အပြစ်မဲ့ရွာသူရွာသားများကို "အာဏာနီ တည်ဆောက်ရေး၏ရန်သူ"အဖြစ် သတ်မှတ်ကာ ဝါးခုတ်သည့်ဓားမများနှင့် ခုတ်ဖြတ်သတ်ဖြတ်ကြသည်။ ဤသို့ဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသခံပြည်သူများသည် သောင်းကျန်းသူတို့၏ တရားလက်လွှတ်ကြမ်းသမှု၊ ရမ်းသမှုကို ငုံ့ခံနေကြရ

"ဒီနှစ်မိုးတွင်းမှာ ပါတီနဲ့တပ်တွေအတွက် ရိက္ခာအကျပ်အတည်းတွေ တွေ့ရလိမ့်မယ်၊ မဒညတတပ်ဖွဲ့ဝင်တွေအတွက်တော့ ဘယ်လိုမှ ရိက္ခာပြတ်လို့မဖြစ်ဘူး၊ ဒါကြောင့်မို့ ရတဲ့နည်းနဲ့ ရိက္ခာစုဖို့လိုတယ်။ မြောင်းမြခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာတိုင်းက စပါးတွေကို အပြင်ကို စပါးတစ်စေ့မှမထွက်အောင် လုပ်ကြရမယ်၊ ဒါ့အတွက် စီမံကိန်းချပြီးတော့ အကောင်အထည်ဖော်ကြဖို့လိုတယ်"

မြောင်းမြခရိုင် မဒညတ သဘာပတိအဖွဲ့သည် ထိုသို့အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်အတွင်းရှိကျေးရွာများသို့ "အရေးပေါ် ညွှန်ကြားချက်နှင့် ကြေညာချက်" ကို ထုတ်ပြန်လိုက်လေသည်။

"ဒို့က အနှစ် ၂၀ ကျော် ကျွေးခဲ့တဲ့အစာတွေတောင် သင်းတို့လည်မျိုကို နင်းလိုက်ရင် အတော်င့်လိုက် အတော်င့်လိုက်ထွက်လာမယ့်အကောင်တွေ၊ ဒို့ကောင်းကျိုးအတွက် လုပ်တယ်ပြောပြောပြီး ဒို့ကိုနှိပ်စက်ခဲ့တာလည်း ကြာပြီ၊ ဒို့လည်ချောင်းကိုပါနင်းပြီး ဒို့လည်ချောင်းက ထွက်လာတဲ့အစာတွေကို သင်းတို့က အတင်းအဓမ္မ မျိုချနေကြပြန်ပြီ။ ဒို့ဘဝကတော့ မထူးတော့ဘူး၊ တစ်သက်မှာ နှစ်ခါသေတာမရှိဘူး၊ မတရားလုပ်နေတာကို တိုက်ရင်းနဲ့ပဲ အသေခံတော့မယ်။ ခေါင်းငုံ့လည်စင်းပြီး မခံတော့ဘူး၊ သန်းခေါင်အပြင်တော့ ညဥ့်မနက်တော့ဘူးဟေ့" ကရင်-ဗမာတိုင်းရင်းသား တောင်သူလယ်သမားများသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကြလေပြီ။

"ဒို့ကတော့ ဒီကောင်တွေကို တိုက်ရင်းအသေခံမယ်၊ သင်းတို့ကို သတ်ရင်းသာ အသေခံမယ်" နောက်ဆုံးတွင် တောင်သူလယ်သမားထုကြီး၏ ဒေါသဒီလှိုင်းသည် မိုးမြေသိမ့်သိမ့်တုန်မျှ မြည်ဟည်းလာလေသည်။

**၁၉၆၇ ခုနှစ် စက်တင်ဘာလ ၂၅ ရက်။**

လမ်းသမိုင်ကျေးရွာသို့ မဒညတမှ စံလှနှင့် မောင်မောင်တို့အဖွဲ့သည် ဆန်များကို အတင်း အဓမ္မ လာရောက်လုယက်သည့်အတွက် ကျေးရွာလူထုတို့သည် အလွန်ပင် မခံမရပ်နိုင်ဖြစ်နေကြသည်။ ဓားဆွဲသူက ဆွဲ၊ လှံကိုင်သူက ကိုင်၊ တုတ်ထမ်းသူက ထမ်းနေကြသည်။

လမ်းသမိုင်ကျေးရွာသည် ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် တည်ရှိသည်။ ဝါးခယ်မမြို့နှင့် ငါးမိုင်ကျော်ကွာဝေးသည်။ လမ်းသမိုင်ရွာလေးနှင့် လမ်းသမိုင်ရွာကြီးဟူ၍ တည်ရှိသည်။ ရွာလေးနှင့်ရွာကြီးကို လမ်းသမိုင်ချောင်းက ခြားထားသည်။ လမ်းသမိုင်ရွာကြီးသည် လမ်းသမိုင်ချောင်း၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ လမ်းသမိုင်ရွာသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်မှ စ၍ ငြိမ်းချမ်းမှုဟူ၍ တစ်ချိန်မျှ မရှိခဲ့ချေ။

တော်သလင်းမိုးသည် သည်းထန်စွာရွာသွန်းလျက်ရှိသည်။ ရွာသူရွာသားများသည် ဘုန်းတော်ကြီးကျောင်းအောက်၌ တစုတစည်းတည်းရှိနေကြသည်။ မကြာမီတွင် တပ်မတော်စစ်ကြောင်း တစ်ကြောင်း၏ စစ်ရေယာဉ်သည် ရေဆင်းတံတားသို့ ဆိုက်ရောက်လာသည်။ မိုးထဲရေထဲ၌ ရွာသူရွာသားများသည် တပ်မတော်သားများကို ဆီးကြိုနှုတ်ဆက်ကြသည်။ ကမ်းလုံးညွတ်နေသည်။ ဆီးကြိုနှုတ်ခွန်းဆက်သံများနှင့် ဆူညံ၍နေလေသည်။

ညမှောင်ရီပျိုးစအချိန်တွင် လက်ထဲ၌ မြက်ခုတ်ဓား၊ ကိုင်းခုတ်ဓားရှည်များ၊ ဝါးချွန်များ၊ လှံများ ကိုင်ဆောင်ထားကြသော ရွာသူရွာသားများသည် တပ်မတော်သားများနှင့်အတူ ကြံ့စိန်စားကျက်ဆီသို့ စနစ်တကျ ချီတက်သွားကြသည်။

အချိန်သည် ညသန်းခေါင်ယံသို့ရောက်လုပြီ။ ကြံ့စိန်စားကျက်အတွင်းမှ သေနတ်သံများသည် တစ်ချက်ချင်းထွက်ပေါ်၍လာသည်။ လမ်းသမိုင်ရွာသည် ပို၍ပင် တိတ်ဆိတ်သွားလေသည်။

မကြာမီပင် သေနတ်သံများကြားရာဘက်မှ မီးတောက်မီးလျှံများကို မြင်တွေ့ကြရသည်။ လမ်းသမိုင်ရွာသည် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ရွာသူရွာသားများသည် အောင်ပွဲရပြီဟုဆိုကာ ဝမ်းသာအားရဖြစ်နေကြသည်။

"ဒို့သွားရ လာရတာက ရေထဲမှာဆိုတော့ အတော်ခက်တယ်၊ ဒို့လည်း တဖြည်းဖြည်း ကပ်သွားရော သောင်းကျန်းသူတွေ လှေနဲ့ ထွက်ပြေးကြတယ်။ အဲဒီအခါမှာ ငါတို့က ဌာသံပေးပြီး အတင်းလိုက်ရတယ်၊ ဒီတစ်ခါတော့ လူကိုတော့မရလိုက်ဘူးကွ၊ နာတာပဲ။ စတင်းဂန်း နှစ်လက်နဲ့ ထိပ်တုံး (အင်္ဂလိပ်ရိုင်ဖယ်) နှစ်လက်ပဲ ရလိုက်တယ်။ တဲတော့ ၁၀ လုံး သိမ်းမိတယ်" ကျေးရွာခေါင်းဆောင် ဦးဘိုးလှိုင်၏ အသံသည် ပတ်ဝန်းကျင်တစ်ခုလုံး၌ လွှမ်း၍နေလေတော့သည်။

**ပြဿနာများကို ဒူးတိုက်ဆွေးနွေး**

တပ်မတော်စစ်ကြောင်းများသည် လမ်းသမိုင်ရွာသို့ မကြာခဏ လာရောက်ကြသည်။ တပ်မတော်သားများနှင့် ကျေးရွာလူထုတို့သည် အခြေအနေများနှင့် ပြဿနာများကို ဒူးတိုက်ဆွေးနွေးကြသည်။ အထူးသဖြင့် အရေးကြီးဆုံးနှင့် လက်ငင်းအကျဆုံး ပြဿနာမှာ ရန်သူချေမှုန်းရေးအတွက် လက်နက်ရရှိရေးပင်ဖြစ်သည်။

စည်းလုံးညီညွတ်ရေးသည် "အောင်ပွဲ"ဖြစ်သည်ဟု ကျေးရွာလူထုအားလုံးက ယုံကြည်ထားကြသည်။ ကျေးရွာ၏ စည်းလုံးမှုကိုလည်း အခြေခံအားဖြင့် တည်ဆောက်ထားနိုင်ကြပြီဖြစ်သည်။ လက်နက်ရရှိရေးအတွက် နည်းမျိုးစုံနှင့် ကြိုးစားရန်ကိုလည်း ညှိနှိုင်းကြသည်။ အစီအစဉ်များကိုလည်း ချမှတ်ကြသည်။ "ရန်သူလက်နက်-ဒို့လက်နက်" ဟူသော ကြွေးကြော်သံကို တညီတညွတ်တည်း ကြွေးကြော်၍ "လက်တွေ့လုပ်ငန်းစဉ်" အဖြစ် ဆုံးဖြတ်လိုက်ကြသည်။

**၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလ။**

နှင်းများသည် တဖွဲဖွဲကျနေသည်၊ မိုးပေါက်ကဲ့သို့ ဖြစ်နေသည်။ မဒညတ၏ ကေအင်န်ယူပါတီမှ ဗိုလ်အောင်သန်းတို့သည် လမ်းသမိုင်ရွာအား ဖျက်ဆီးရေးနှင့် လူထုများအား သတ်ဖြတ်ချေမှုန်းရေးအတွက် ကြွေးကြော်သံများထုတ်လျက် ကြိမ်းဝါးနေကြသည်။

"ဟေ့ - လမ်းသမိုင်ရွာသားဆိုရင် ပုခက်အတွင်းက အစိတ်သားကောင်တောင် မချန်ဘူးကွ"

သို့သော်လည်း လမ်းသမိုင်ရွာလူထုသည် ဗိုလ်အောင်သန်းတို့ကို ကြောက်ရွံ့ခြင်း မရှိတော့ချေ။ ညီညီညွတ်ညွတ်ဖြစ်နေကြသည်။ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေကြပြီဖြစ်သည်။

**၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်။**

အချိန်မှာ ည ၉ နာရီခန့် ရှိနေပြီဖြစ်သည်။ မဒညတ ဗိုလ်အောင်သန်းကိုယ်တိုင် ခေါင်းဆောင်သော အင်အား ၅၀ ကျော်သည် လမ်းသမိုင်ရွာသို့ ချဉ်းကပ်လာကြသည်။ လက်နက်များမှာမူ မျိုးစုံဖြစ်သည်။ မောင်းပြန်သေနတ် အများအပြားပါသည်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

အောင်သန်းတို့သည် သေနတ်သံပေး၍နေပြီဖြစ်သည်။ ရွာမှာမူ မည်သည့်အသံမျှ ထွက်၍မလာချေ။ ထို့ကြောင့် အောင်သန်းတို့သည် ချီတုံချတုံဖြစ်နေကြသည်။ ထိုအချိန်တွင် အောင်သန်းတို့နောက်ကျော ကုပ်ပိုးမှ သေနတ်သံများပေါ်လာတော့သည်။ အောင်သန်းတို့သည် မမျှော်လင့်သည့်နေရာမှ အလစ်အငိုက်ခံလိုက်ရသည်။

"ဟေ့ – ဒို့ရွာကို အစိတ်သားတောင်မထားဘူးဆိုတဲ့ အကောင်တွေ၊ ရွာထဲဝင်ကြပါလားကွ၊ သတ်ကြပါလား၊ မီးလည်း ရှို့ကြပါလားကွ။ ဒီတစ်ခါတော့ မင်းတို့နဲ့ ငါတို့နဲ့ အပြတ်ချဖို့ပဲ။ မင်းတို့ကို ငါတို့က ကျွေးမွေးလာရတာဟာ အဆိပ်ပင်ရေလောင်းတာနဲ့ အတူတူပဲ" လမ်းသမိုင်ရွာကြီးသည် သေနတ်သံများ၊ အော်ဟစ်သံများ၊ ဆဲဆိုသံများနှင့် ဆူညံ၍နေသည်။

မဒညတ အောင်သန်းတို့သည် ရှေ့လည်းမတိုးဝံ့၊ နောက်လည်း မဆုတ်ဝံ့ဖြစ်နေသည်။ ပျာယာခတ်နေကြသည်။ တပ်ခွဲမှူးအောင်သန်းသည်လည်း တပ်ကိုနိုင်အောင် မအုပ်ချုပ်နိုင်တော့ချေ။ နောက်ဆုံးတွင် ဖရိုဖရဲဖြစ်ကာ ဦးတည်ရာသို့ တကွဲတပြားပင် ထွက်ပြေးသွားကြလေတော့သည်။

"ဒို့ညက အောင်ပွဲခံလိုက်တာဟာ ဒို့မှာလက်နက်ကောင်းတွေရှိလို့ မဟုတ်ဘူး။ တကယ်က ဒို့အားလုံးရဲ့ စည်းလုံးညီညွတ်မှုကြောင့် ဖြစ်တယ်။ ဒို့ရဲ့စည်းလုံးညီညွတ်မှုဟာ ဘယ်လိုရန်သူကိုပဲဖြစ်ဖြစ် ဘယ်လိုလက်နက်တွေကိုပဲ ကိုင်လာလာ၊ ဒို့အောင်ပွဲခံမှာဖြစ်တယ်။ အရေးကြီးဆုံးတစ်ခုကလည်း ဒို့ဟာတပ်မတော်နဲ့ အမြဲတမ်းပဲ လက်တွဲထားရမယ်"

ကျေးရွာခေါင်းဆောင် ဦးဘိုးလှိုင်သည် ညက တိုက်ခိုက်ခဲ့ရသည့် တိုက်ပွဲအခြေအနေကို အခြေခံလျက် "တိုက်ပွဲနိဂုံးချုပ်"ကို ပြုလုပ်၍နေသည်။

### အောင်ပွဲများ ရယူနိုင်

ဤသို့ဖြင့် လမ်းသမိုင်ရွာမှအစပြုခဲ့သည့် ပြည်သူ့စစ် ဒို့စစ်သည် မီးပွားလေးမှ တောမီးကြီးကဲ့သို့ မြစ်ဝကျွန်းပေါ် တိုင်းဒေသတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့လေသည်။ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်းဆင်နွှဲခဲ့ကြသည့် "ရွှေလင်းယုန်၊ မိုးဟိန်း" စစ်ဆင်ရေးသည် ကြီးမားကျယ်ပြန့်လာသည်။ အောင်ပွဲများကို တစ်ပွဲပြီးတစ်ပွဲ ရယူနိုင်ခဲ့ပေသည်။

မြစ်ဝကျွန်းပေါ်တိုင်းတွင် ဆင်နွှဲခဲ့သော "ရွှေလင်းယုန်၊ မိုးဟိန်း" စစ်ဆင်ရေးသည် ယခင်စစ်ဆင်ရေးများနှင့် အခြေခံကအစ မတူခြားနားသည်။ သောင်းကျန်းသူများ နှစ်ရှည်လများအခြေစိုက်ခဲ့သော အခြေခံစခန်းနှင့် အဓိကအင်အားကို တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းမှုအမြင့်ဆုံးဖြင့် ချေမှုန်းအောင်ပွဲဆင်ခဲ့သော စစ်ဆင်ရေးကြီးဖြစ်သည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်တိုင်းသောင်းကျန်းမှု ဆန့်ကျင်ရေး ပြည်သူ့စစ်ပွဲကြီးတွင် ကရင်–ဗမာတိုင်းရင်းသား လုပ်သားပြည်သူတို့၏ ညီညွတ်မှုသည်လည်း အဆုံးအဖြတ်အခန်းတွင် ပါဝင်ခဲ့သည်။

ဧရာဝတီမြစ်ရေအလျဉ်သည် ဒုံးယိမ်းသံများနှင့် ဒိုးပတ်သံ၊ ဖြောသံတို့နှင့်အတူ ပွဲတင်ထပ်လျက်နေပြီဖြစ်သည်။ ဤသည်ကား တိုင်းရင်းသားလုပ်သားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၏အကျိုးကျေးဇူးရလဒ် သို့မဟုတ် အောင်သီးအောင်နှံများပင် ဖြစ်ခဲ့လေသည်။

"ဒို့ညက အောင်ပွဲခံလိုက်တာဟာ ဒို့မှာလက်နက်ကောင်းတွေရှိလို့မဟုတ်ဘူး။ တကယ်က ဒို့အားလုံးရဲ့ စည်းလုံးညီညွတ်မှုကြောင့် ဖြစ်တယ်။ ဒို့ရဲ့စည်းလုံးညီညွတ်မှုဟာ ဘယ်လိုရန်သူကိုပဲ ဖြစ်ဖြစ် ဘယ်လိုလက်နက်တွေကိုပဲ ကိုင်လာလာ၊ ဒို့အောင်ပွဲခံမှာဖြစ်တယ်။ အရေးကြီးဆုံးတစ်ခုကလည်း ဒို့ဟာတပ်မတော်နဲ့ အမြဲတမ်းပဲ လက်တွဲထားရမယ်"

သမိုင်းသည် မြစ်ရေအလျဉ်လို စီးဆင်းနေသည်။ တစ်ခါတစ်ရံ ဖြောင့်ဖြောင့်မတ်မတ်၊ ရံဖန်ရံခါကွေ့ကာဝိုက်ကာ။ သမိုင်းကို ဆန်လေသော် သမိုင်း၏ရုပ်ကြွင်းများကို တွေ့မြင်ရလေမည်။

သမိုင်းကောင်းကိုတန်ဖိုးထားသူတို့က အတိတ်သမိုင်းကို ခြေရာခံ စံနမူနာပြု၍ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် သမိုင်းကြောင်းကောင်းအောင် ဆက်လက်ဖန်တီးကြသည်။ နိုင်ငံရေးလိုဘနှင့် အာဃာတအမုန်းတရား ကြီးမားသူတို့ကမူ တွေဝေသည့်အလျောက်၊ မိုက်မဲသည့်အလျောက် အတိတ်သမိုင်းဆိုးအတွင်း သမိုင်းတစ်ပတ်လည်မျှ တစ်ကျော့ပြန် ပြန်လျှောက်မိလျက်သားဖြစ်ကြရသည်။

### အကြမ်းဖက် အဖွဲ့အစည်းများ ပေါ်ပေါက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်နောက်ပိုင်းတွင် မြန်မာ့သမိုင်းစာမျက်နှာထက်၌ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် CRPH ၊ NUG နှင့် PDF အဖွဲ့များ ပေါ်ပေါက်လာသည်။

အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားကို ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲသတ်ဖြတ်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသော လမ်းများ၌ မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထောက်ထားညှာတာမှုကင်းမဲ့စွာ နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ပန်းဆက်ကျေးရွာနှင့် တောင်ဖြူကျေးရွာတို့သည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင်တည်ရှိသည်။ အဆိုပါရွာနှစ်ရွာကို ဒီမိုကရေစီကို လိုလားပါသည်ဟူသည့် အကြမ်းဖက် PDF အဖွဲ့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ထောက်ခံသော ရွာများဟု စွပ်စွဲခဲ့ကြသည်။

၂၈ ဇူလိုင် ၂၀၂၁။

ပန်းဆက်ကျေးရွာမှ ရွာသူရွာသားတို့သည် ထိုနေ့မိုးသောက်ကို ခါတိုင်းလို မင်္ဂလာရှိစွာ နိုးထလာကြသည်။ နာရီပိုင်းအတွင်း ကျေးရွာအတွင်းသို့ အမင်္ဂလာဖြစ်ရပ်ဆိုးကြီး တိုးဝင်ဖြစ်ပေါ်လာလိမ့်မည်ဟု သူတို့မထင်မှတ်ခဲ့ကြပေ။ နံနက် ၆ နာရီခန့်တွင် ပန်းဆက်ကျေးရွာသို့ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၃၀၀ ခန့်သည် လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်လေတော့သည်။ ကျေးရွာသား ဦးကုလားမှာ လက်နက်ငယ်ကျည်ဆန်ထိမှန်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရပြီး ကျေးရွာသား ငါးဦးမှာ ဒဏ်ရာများပြင်းထန်စွာရရှိသွားကြသည်။

ဆက်လက်၍ အကြမ်းဖက်သောင်းကျန်းသူအင်အား ၁၀၀ ခန့်သည် ပန်းဆက်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၄၀၀၀ ခန့်အကွာတွင် တည်ရှိသော တောင်ဖြူကျေးရွာတစ်ဝိုက်သို့ ဝင်ရောက်လာပြန်သည်။

တောင်ဖြူကျေးရွာသည် အသင့်အနေအထားရှိနေသည်။ အတိတ်က လမ်းသမိုင်ကျေးရွာကဲ့သို့ စည်းလုံးညီညွတ်မှုအင်အားဖြင့် ကျေးရွာသားများက ပြန်လည်ခုခံပြီး ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ အလောင်းသုံးလောင်း၊ တူမီးသေနတ်အလက် ၅၀ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ ၅၃ ဦးကို အရှင်ဖမ်းဆီးရမိခဲ့သည်။ တောင်ဖြူရွာ၏ အောင်ပွဲသည် တစ်ချိန်က မြစ်ဝကျွန်းပေါ် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ လမ်းသမိုင်ရွာသို့နှယ် စစ်ကိုင်းတိုင်းဒေသကြီး၏ ပြည်သူ့အောင်ပွဲတစ်ခု ဖြစ်လာသည်။

လမ်းသမိုင်ရွာမှအစပြုခဲ့သည့် ပြည်သူ့စစ် ဒို့စစ်သည် မီးပွားလေးမှ တောမီးကြီးကဲ့သို့ မြစ်ဝကျွန်းပေါ်တိုင်းဒေသတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့သလို ပစ္စုပ္ပန်တောင်ဖြူကျေးရွာ၏ အဆိုပါပြည်သူ့စစ် ဒို့စစ် မီးပွားလေးသည် မကြာမတင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြမ်းဖက်သမားတို့ ခိုအောင်းရာ ကျေးရွာအချို့သို့ တောမီးကြီးပမာ ကူးစက်ပျံ့နှံ့လာပေဦးမည်။

အကြမ်းဖက်သမားများ၏ မထင်လျှင်မထင်သလို နှိပ်စက်ကလူပြုခြင်း၊ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲသတ်ဖြတ်၊ မီးရှို့ဖျက်ဆီး နှိပ်စက်ကလူပြုခြင်း ခံနေကြရသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့သောကျေးရွာများသည်လည်း နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့၏ ပူးပေါင်းမှုဖြင့် အတိတ်က တိုင်းရောက ကျေးရွာများသို့နှယ် မကြာမီကာလအတွင်း ဒိုးပတ်သံ၊ ဖြောသံ၊ စည်သံတို့ဖြင့် အေးချမ်းပျော်ရွှင်စွာ ပြန်လည်သက်ဝင် စည်ကားလာပေဦးမည်။ သမိုင်းသင်ခန်းစာ မယူတတ်သူတို့အဖို့ သမိုင်းတစ်ပတ်လည်လေပြီ။ ။

**ကိုးကား**

ရဲဘော်မြနှင့် ရဲဘော်ဘခက်တို့၏ ပြည်သူ့စစ် ဒို့စစ် ဒို့စစ်

## "ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး" ခေါင်းစဉ်နှင့် "ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ" ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၄**

ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက် လည်းကောင်း၊ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ပြည်သူများ အသိပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေးအတွက် လည်းကောင်း **"ကိုဗစ်– ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်နှင့် **"ကိုဗစ်–၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့် ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား(၂) မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်– ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်–၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်–၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများစသည့် အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မအရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀–၉–၂၀၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၈၃၇၁၃၄၂၊ ၀၁–၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ကြရမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဩဂုတ် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၄၁၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှအိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၃-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်းဓာတ်ခွဲနမူနာ စုစုပေါင်း(၁၃,၀၃၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃,၄၁၉) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၃၃၆,၈၆၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၃၅၁,၆၀၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၅၆၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၂၆၇,၇၄၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၉၉)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၃,၀၇၈) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၀၂၇)ခု | (၂၉၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၉)ခု | (၄၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၄)ခု | (၆၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၃၉)ခု | (၂၃၇)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၉၇) ခု | (၄၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၂)ခု | (၄၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၃၈)ခု | (၄၄၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၄၈၈)ခု | (၂,၂၄၃)ဦး |
| စုစုပေါင်း | (၁၃,၀၃၄)ခု | (၃,၄၁၉)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၃၆၄၇၀၀ | ၃၀၁၃၀၀၉၂ | ၆၃၇၁၆၁ |
| ၂။ | အိန္ဒိယ | ၃၂၁၅၆၄၉၃ | ၃၁၃၃၈၀၈၈ | ၄၃၀၇၆၂ |
| ၃။ | ဘရာဇီး | ၂၀၃၁၉၀၀၀ | ၁၉၁၇၃၉၁၇ | ၅၆၇၉၁၄ |
| ၄။ | ရုရှား | ၆၅၇၉၂၁၂ | ၅၈၆၇၈၉၀ | ၁၆၉၆၈၃ |
| ၅။ | ပြင်သစ် | ၆၄၂၅၄၃၆ | ၅၈၆၆၁၃၄ | ၁၁၂၅၆၁ |
| ၆။ | ဗြိတိန် | ၆၂၁၁၈၆၈ | ၄၇၇၀၀၅၆ | ၁၃၀၈၀၁ |
| ၇။ | တူရကီ | ၆၀၃၉၈၅၇ | ၅၅၇၅၂၁၄ | ၅၂၈၆၀ |
| ၈။ | အာဂျင်တီးနား | ၅၀၇၄၇၂၅ | ၄၇၂၅၄၂၆ | ၁၀၈၈၁၅ |
| ၉။ | ကိုလံဘီယာ | ၄၈၆၀၆၂၂ | ၄၆၈၁၂၃၁ | ၁၂၃၂၂၁ |
| ၁၀။ | စပိန် | ၄၆၉၃၅၄၀ | ၃၈၈၈၇၁၇ | ၈၂၄၇၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၈၃၃၅၄၁ | ၃၃၂၁၅၉၈ | ၁၁၆၃၆၆ |
| ၂။ | ဖိလစ်ပိုင် | ၁၇၂၇၃၂၁ | ၁၅၉၈၃၁၄ | ၃၀၀၇၀ |
| ၃။ | မလေးရှား | ၁၃၈၄၃၅၃ | ၁၁၂၈၁၈၃ | ၁၂၂၂၈ |
| ၄။ | ထိုင်း | ၈၈၅၂၇၅ | ၆၆၇၅၅၆ | ၇၃၄၃ |
| ၅။ | မြန်မာ | ၃၅၁၆၀၅ | ၂၆၇၇၄၀ | ၁၃၀၇၈ |
| ၆။ | ဗီယက်နမ် | ၂၅၅၇၄၈ | ၉၂၇၃၈ | ၅၀၈၈ |
| ၇။ | ကမ္ဘောဒီးယား | ၈၄၈၆၀ | ၇၉၆၅၄ | ၁၆၆၆ |
| ၈။ | စင်ကာပူ | ၆၆၁၁၉ | ၆၄၅၃၇ | ၄၄ |
| ၉။ | လာအို | ၉၈၉၄ | ၄၂၄၀ | ၉ |
| ၁၀။ | ဘရူနိုင်း | ၆၄၀ | ၃၃၀ | ၃ |

## လသာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိ

**လသာ ဩဂုတ် ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ရှေးဦးပြုစု ဆေးကုသမှု ခံယူပြီးသော လူနာများနှင့် အရေးပေါ်လူနာများအား ဆေးရုံများသို့ အချိန်မီ ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လူနာတင်ယာဉ်ဝယ်ယူခြင်း အတွက် နှီးဆော်ခြင်း၊ မြို့နယ်အတွင်း ဆေးဖျန်းခြင်းလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အောက်ဆီဂျင်များရရှိရန်ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် သူနာပြုတက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ အခမဲ့စစ်ဆေးပေးသည့် စင်တာတို့တွင် ပါဝင်တာဝန်ထမ်းဆောင်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

### သွားရောက်ကြည့်ရှု

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စုရှိ အဆင့်မြင့်လယ်ယာအထွက်တိုးစပါးစိုက်ခင်းနှင့် ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းရှိ ကြက်မွေးမြူရေးခြံတို့ကို လည်းကောင်း၊ မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ အသားစားနွားမွေးမြူရေးခြံများနှင့် မှော်ဘီမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ရေတွန်းစက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင့်တို့ကိုလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ဝယ်ယူအားပေး

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်းရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှ သီးနှံများကို နယ်မြေခံတပ်မတော်သားများက ဝယ်ယူပေးလျက်ရှိရာ ဩဂုတ် ၁၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ယာပြင်ကျေးရွာနှင့် လားရှိုးမြို့ အမှတ်(၁၀) ရပ်ကွက်တို့ရှိ ဒေသခံပြည်သူများ၏ စိုက်ခင်းများမှ ဟင်းသီးဟင်းရွက်များနှင့် သီးနှံများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ဝယ်ယူအားပေးခဲ့ပြီး အဆိုပါ ဝယ်ယူခဲ့သည့်သီးနှံများကို လားရှိုးမြို့နှင့် လောက်ကိုင်မြို့တို့ရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တာဝန်ရှိသူများ တိုက်ကြီးမြို့နယ် ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းရှိ ကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။

# ပဲခူးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံလမ်းနှင့် ညွန့်ရုပ်ရှင်ရုံလမ်းအကြား အုတ်ရေမြောင်းနှင့် ပလက်ဖောင်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ရွှေမော်ဓောဘုရားလမ်း (ရန်ကုန်-မန္တလေးလမ်းနှင့်ဗန္ဓုလလမ်းအကြား) နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ (၃၁) လမ်း ကွန်ကရစ်ခင်းခြင်း၊ အုတ်ရေမြောင်းနှင့် ပလက်ဖောင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြစ်ဘေးပန်းခြံ အဆင့်မြှင့်ဆောင်ရွက်နိုင်ရေးကိုလည်းကောင်း၊ သမိန်ဗရမ်းလမ်းသွယ် (စိန်သရဖူဂိုဒေါင်လမ်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူးရုံးလမ်း(ဗိုလ်အောင်ကျော်လမ်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့တွင်းလမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာတွင် ပဲခူးမြို့သည် ပဲခူးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့်အတွက် လမ်းများ၊ ရေမြောင်းများ၊ ပလက်ဖောင်းများနှင့် အများပြည်သူ စိတ်လက်အပန်းဖြေနိုင်သည့်ပန်းခြံများကို မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု တစ်ခုချင်းစီတိုင်းကို စေတနာထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိုးတွင်းကာလ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ တည်ဆောက်ရာတွင် မြေပြင်အနိမ့်အမြင့် အခြေအနေကို မှန်ကန်စွာ တိုင်းတာဆောင်ရွက်သွားရန်နှင့် လိုအပ်သည့်နေရာများတွင် ရေထုတ်ပြွန်များလည်း ထည့်သွင်းသွားရမည်ဖြစ်ကြောင်း၊ လမ်း၊ ရေမြောင်း၊ ပလက်ဖောင်းများအား ဆောက်လုပ်ရာတွင် သတ်မှတ်ရွေးချယ်ထားသည့် ဒီဇိုင်းများအတိုင်း စံချိန်စံညွှန်းနှင့်အညီ တာဝန်ယူမှု တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား ၃၁၄ ဦး တောင်ကြီးမြို့မှ နေရာဒေသအသီးသီးသို့ ဆက်လက်ထွက်ခွာ



**တောင်ကြီး ဩဂုတ် ၁၄**

လာအိုနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ပြီး နေရပ်ဒေသအသီးသီးသို့ ပြန်ရောက်လာကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်သို့ ယနေ့နံနက် ၄ နာရီတွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် ပြည်ထောင်စုလမ်းရှိ (Taunggyi Business Center) တောင်ကြီးစီးပွားရေးဇုန် ကားကြီးကွင်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၂၀၁ ဦးနှင့် အမျိုးသမီး ၁၁၃ ဦး စုစုပေါင်း ၃၁၄ ဦးကို တာဝန်ရှိသူများက သစ်တောရပ်ကွက် ပြည်ထောင်စုလမ်းရှိ (Taunggyi Business Center) တောင်ကြီး စီးပွားရေးဇုန် ကားကြီးကွင်း မြို့အဝင်စစ်ဆေးရေးဂိတ်၌ ကြိုဆိုခဲ့ကြသည်။

တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ ရှမ်းပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က ကြိုဆိုကြပြီး လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများပြုလုပ်ပြီး ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ဆက်လက်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရာတွင် တောင်ကြီးခရိုင်အတွင်းရှိ ရပ်စောက်မြို့မှ ရွှေ့ပြောင်းအလုပ်သမားများကို ယာဉ်ငယ်လိုင်း တစ်စီးဖြင့်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ နေထိုင်သူများကို နေရပ်ဒေသအသီးသီးသို့ ဒွိုည်နောင် ခရီးသည်တင်ယာဉ် ခုနစ်စီးဖြင့်လည်းကောင်း တောင်ကြီးမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ထိပ်တိုက်ရင်ဆိုင်ရေး အလုပ်ဖြစ်မလား

မျိုးငြိမ်းငယ်

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုမှာ ထိပ်တိုက်ရင်ဆိုင်ရေးအယူအဆတွေပဲ အများအားဖြင့် လွှမ်းမိုးခဲ့တာတွေ့ရပါတယ်။ နိုင်ငံတည်ဆောက်ဖို့ထက် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စေ့စပ်ညှိနှိုင်းတာ၊ ဆွေးနွေးကြတာဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုထက် ထိပ်တိုက်ရင်ဆိုင်ဖို့နဲ့ လွှမ်းမိုးဖို့ပဲ ကြိုးပမ်းခဲ့ကြပါတယ်။ ဒါကြောင့်လည်း ပြည်တွင်းနိုင်ငံရေးဖြေရှင်းမှုတွေမှာ ထိပ်တိုက်ရင်ဆိုင်ရေးသဘောထားနဲ့ နည်းလမ်းတွေဟာ မရိုးနိုင်တဲ့ အစဉ်အလာဖြစ်လို့နေပါတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ ကျော်အတွင်း နိုင်ငံရေးစနစ်တွေဘယ်လောက်ပြောင်းပြောင်း၊ အချိန်တွေဘယ်လောက်ပြောင်းပြောင်း ထိပ်တိုက်နိုင်ငံရေးသဘောထားကတော့ မပြောင်းမလဲ ယနေ့ထက်တိုင် အမြစ်စွဲနေဆဲပဲဆိုတာ တွေ့ရပါတယ်။ ခေတ်တွေပြောင်းလဲလာပေမယ့် နက်နက်ရှိုင်းရှိုင်း အမြစ်စွဲနေတဲ့ အဲဒီထိပ်တိုက်ရင်ဆိုင်ရေးယဉ်ကျေးမှုဟာ ခိုင်ခိုင်မာမာစွဲမြဲနေတယ်ဆိုတာကို ဒီကနေ့နိုင်ငံရေးဖြစ်စဉ်တွေကိုကြည့်ရင် သိသိသာသာ မြင်နိုင်ပါတယ်။

**အကျိုးဆက်**

သူ့ကျွန်လက်အောက်က လွတ်မြောက်ပြီး နိုင်ငံပြန်လည်တည်ဆောက်ဖို့ ဆယ်စုနှစ်များစွာအတွင်း နိုင်ငံ့ပြည်တွင်းရေးကိစ္စဖြေရှင်းရေး၊ အများသဘောတူ နိုင်ငံရေးအုတ်မြစ်ချမှတ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုတာထက် တစ်ဖက်နဲ့တစ်ဖက် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်နေကြလို့ နိုင်ငံတည်ဆောက်တဲ့အချိန်ထက် မယုံကြည်မှုတွေ၊ တိုက်ခိုက်မှုတွေနဲ့ပဲ ပဋိပက္ခသံသရာက ရုန်းမထွက်နိုင်သေးပါဘူး။ အကျိုးဆက်ကတော့ နိုင်ငံတကာနဲ့ယှဉ်ရင်၊ ဒေသတွင်းနိုင်ငံတွေနဲ့ယှဉ်ရင်၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် တဖြည်းဖြည်း နောက်ပိတ်ဆုံးကိုရောက်လာတာပဲ ဖြစ်ပါတယ်။ ပြည်သူတွေမှာလည်း ဆင်းရဲတွင်းနက်သထက် နက်လာတာပဲ အဖတ်တင်ပါတယ်။

လွတ်လပ်ရေးနဲ့အတူ ဖြစ်တည်လာခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုတွေ ချုပ်ငြိမ်းဖို့၊ ငြိမ်းချမ်းရေးရရှိဖို့၊ နိုင်ငံရေးဘုံသဘောတူညီချက်ရရှိဖို့၊ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ဖို့ လမ်းကြောင်းပေါ် ရောက်ခဲ့ပေမယ့် ထိပ်တိုက်ရင်ဆိုင်လိုတဲ့ သဘောထားတွေ၊ လုပ်နည်းလုပ်ဟန်တွေကြောင့် အခုဆိုနိုင်ငံရေးပဋိပက္ခတောထဲ ပြန်လည်ရောက်ရှိနေပြန်ပါပြီ။ ဆက်ပြီး ဖြစ်လာနိုင်တဲ့ ကောင်းကျိုးနဲ့ဆိုးကျိုး အကျိုးဆက်တွေကို ချိန်ဆကြည့်နိုင်ပါတယ်။

**အတောမသတ်နိုင်သေး**

မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုမှာ ဘာကြောင့် ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းကိုမှ ရွေးချယ်ကြတာလဲဆိုတာ စဉ်းစားစရာပါ။ နိုင်ငံရေးပဋိပက္ခတွေ ဖြေရှင်းဖို့ ရွေးချယ်စရာနည်းလမ်းများစွာ ရှိနေပါလျက် ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းကိုပဲ တစိုက်မတ်မတ်ရွေးချယ်ခဲ့ကြပါတယ်။ ဒီတော့ ဒီလိုထိပ်တိုက်ရင်ဆိုင်နေကြလို့ အောင်မြင်ခဲ့ကြသလား၊ ဘယ်သူတွေနိုင်ပြီး ဘယ်သူတွေဆုံးရှုံးခဲ့သလဲဆိုတဲ့ သမိုင်းဖြစ်ရပ်တွေကို ပြန်လည်သုံးသပ်ကြည့်ဖို့ လိုပါလိမ့်မယ်။ အခြားနိုင်ငံတွေထက် အစစအရာရာ နောက်ကျနေတဲ့ နိုင်ငံရဲ့လက်ရှိအခြေအနေက သက်သေထူနိုင်ပါတယ်။ ဒါကိုလည်း သင်ခန်းစာမယူနိုင်သေး၊ နောင်တမရကြသေးပါဘူး။ ထိပ်တိုက်ရင်ဆိုင်ဖို့ ကြိုးစားနေဆဲပဲ ဖြစ်ပါတယ်။ ဒီလိုဖြေရှင်းတဲ့နည်းလမ်းက သူနိုင်ကိုယ်နိုင် အဖြေရရှိတာထက် သူရှုံးကိုယ်ရှုံးတင်မကပါဘူး၊ ပြည်သူတွေပါ ဆုံးရှုံးခဲ့ရတာ တွေ့ရပါလိမ့်မယ်။

၁၉၄၈ ခုနှစ်ကနေ ဒီကနေ့အထိ အချင်းချင်း သဘောထားကွဲလွဲကြတိုင်း ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ဖြေရှင်းခဲ့တဲ့ အကြိမ်ပေါင်းမနည်းတော့ပါဘူး။ အောင်မြင်ခဲ့ကြသလား၊ ဆုံးရှုံးခဲ့ကြသလား။ နိုင်ငံရော၊ ပြည်သူတွေရော တိုးတက်လာသလား၊ ဆုတ်ယုတ်သွားသလား။ အခုဆိုရင် အကြမ်းဖက်နည်းလမ်းတွေပါ အသုံးပြုလာကြပါပြီ။ ပြည်သူအချင်းချင်း သွေးခွဲ၊ နိုင်ငံသားချင်း ရန်သူသတ်မှတ်၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်တာဟာ မှန်ကန်တဲ့နည်းလမ်းရွေးချယ်တာ မဟုတ်ပါဘူး။ ကိုယ့်ရဲ့နိုင်ငံရေးအတ္တ၊ လောဘနဲ့ ဆန္ဒတွေကို အစဉ်အဆက် မအောင်မြင်ခဲ့တဲ့ ဒီနည်းလမ်းတွေနဲ့ အကောင်အထည်ဖော်ဖို့ ကြိုးစားနေခြင်းသာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံမှာလည်း ကိုယ့်နိုင်ငံမှာလို နိုင်ငံရေးအကွဲအပြဲတွေ၊ အယူအဆမတူတာတွေဖြစ်နေတာ ယနေ့ထက်တိုင်ပါပဲ။ ဒါပေမဲ့ မြန်မာနိုင်ငံမှာလို အကြမ်းဖက်နည်းလမ်းတွေနဲ့ နိုင်ငံပျက်စီးအောင်လုပ်တာ မတွေ့ရပါဘူး။ မြန်မာနိုင်ငံမှာတော့ မျိုးဆက်တွေသာ ပြောင်းသွားတယ်၊ ဆိုးမွေနိုင်ငံရေး အစဉ်အလာနဲ့ လုပ်နည်းလုပ်ဟန်တွေကတော့ မပြောင်းလဲသေးပါဘူး။ လက်ဆင့်ကမ်းပေးနေဆဲ၊ လက်ဆင့်ကမ်းယူနေကြဆဲ၊ ဖက်တွယ်ထားဆဲပဲဖြစ်ပါတယ်။ အတောမသတ်နိုင်သေးပါဘူး။

**နိုင်ငံရေးပဋိပက္ခတွေ ပြေလည်ဖို့၊ ဖြေရှင်းဖို့ဆိုရင် ပိုမိုအကျပ်အတည်းဖြစ်စေတဲ့ သဘောထားတွေ၊ နည်းလမ်းတွေကိုရှောင်ရှားပြီး အားလုံးပြေလည်စေမယ့် နည်းလမ်းကို ရွေးချယ်ကြမှ လက်တွေ့ကျတဲ့အသွင်ကူးပြောင်းရေးကို ဦးတည်နိုင်ပါလိမ့်မယ်။ ဒီမိုကရေစီကို လိုချင်ပါရဲ့၊ ဖက်ဒရယ်ကိုတည်ဆောက်ချင်ပါရဲ့၊ ဒါပေမဲ့ ခေတ်နဲ့မဆီလျော်တော့တဲ့ သဘောထားဟောင်းတွေ၊ နည်းလမ်းဟောင်းတွေနဲ့တော့ ရှေ့ဆက်နိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ နိုင်ငံကိုပြောင်းလဲဖို့ မိမိတို့ကိုယ်တိုင်ရဲ့ သဘောထားတွေ၊ အယူအဆတွေ၊ နည်းလမ်းတွေကို ဦးစွာပြင်ကြရမှာပါ**

**လမ်းကြောင်းသွေဖည်ရခြင်း**

မြန်မာနိုင်ငံ အခုလို ဒီမိုကရေစီအသွင်ကူးပြောင်းရေးအကျပ်အတည်းဖြစ်စေရတဲ့ အကြောင်းတရားတွေထဲမှာ အထက်ကဆိုခဲ့တဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့သဘောထားတွေ ပါဝင်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းတဲ့ ဒုတိယသက်တမ်းကာလအတွင်း ဘင်္ဂါလီအရေးကိစ္စ၊ ရွေးကောက်ပွဲ ဥပဒေပြင်ဆင်ရေးကိစ္စ၊ အခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စနဲ့ နောက်ဆုံးအကြိမ် လွှတ်တော်ခေါ်ယူရေးကိစ္စတွေအပါအဝင်

**နိုင်ငံနဲ့ ပြည်သူတွေအပေါ် နိုင်ငံရေးစိတ်စေတနာမှန်ရင် ထိပ်တိုက်ရင်ဆိုင်တဲ့ နည်းလမ်းထက် သူနိုင်ကိုယ်နိုင်နည်းလမ်းကို ရွေးချယ်ဖို့လိုပါတယ်။ ဒါမှလည်း ဒီမိုကရေစီနဲ့ဖက်ဒရယ်ခရီးကို ဆုံးရှုံးမှုအနည်းဆုံးနဲ့ ခရီးဆက်နိုင်ပါလိမ့်မယ်။ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းဟာ အခြားရွေးချယ်စရာမရှိမှ ရွေးချယ်တဲ့ နောက်ဆုံးနည်းလမ်းဖြစ်ပါတယ်။ သမိုင်းအစဉ်အဆက် ထိပ်တိုက်ရင်ဆိုင်တဲ့ နည်းလမ်းဟာ နိုင်ငံတည်ဆောက်ဖို့ထက် နိုင်ငံကိုပိုမိုဆိုးရွားစေခဲ့တာ သတိပြုဖို့လို**

လွှတ်တော်အတွင်း ထိပ်တိုက်ရင်ဆိုင်မှုတွေ များစွာ ဖြစ်ခဲ့ပါတယ်။ သာမန်အားဖြင့် လွှတ်တော်အတွင်း ဥပဒေတစ်ရပ်ဖြစ်ဖြစ်၊ နိုင်ငံ့ရေးရာကိစ္စတစ်ရပ်ရပ်ဖြစ်ဖြစ် ဆွေးနွေးကြရာမှာ သဘောထားမတိုက်ဆိုင်တာတွေ၊ ငြင်းခုံတာတွေ၊ ဆွေးနွေးညှိနှိုင်းတာတွေဆိုတာ ရှိစမြဲပါ။ ပထမအကြိမ်လွှတ်တော်မှာလည်း ရှိခဲ့ပါတယ်။

ဒါပေမဲ့ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်းမှာဖြစ်ခဲ့တဲ့ တစ်ဖက်သတ် ချုပ်ကိုင်၊ ခြယ်လှယ်မှုတွေဟာ လွှတ်တော်အတွင်း သဘောထားကွဲလွဲမှုတွေပိုများလာပြီး အချင်းချင်းအကြား ယုံကြည်မှုလျော့နည်းစေခဲ့ပါတယ်။ ဥပဒေပြုရေးမှာလိုပဲ အုပ်ချုပ်ရေးကဏ္ဍနဲ့ ငြိမ်းချမ်းရေးကိစ္စတွေမှာလည်း တစ်ဖက်သတ် လုပ်ကိုင်ဆောင်ရွက်လာတာတွေ၊ ထိပ်တိုက်ရင်ဆိုင်လာတာတွေဟာ နိုင်ငံရေးဟန်ချက်ညီမှုနဲ့ တည်ငြိမ်မှုကို အားနည်းစေခဲ့ပါတယ်။ ဒါတွေဟာ နိုင်ငံရေးအကျပ်အတည်း တဖြည်းဖြည်းဖြစ်စေရတဲ့ အရင်းခံအကြောင်းတရားတစ်ခုလို့ ဆိုရမှာပါ။

**အမှားပေါ်အမှားဆင့်**

အဲဒီကတစ်ဆင့်ဖြစ်လာတဲ့ အကျပ်အတည်းကို ဖြေရှင်းဖို့ နှစ်ပေါင်း ၇၀ ကျော်အတွင်း မအောင်မြင်ခဲ့တဲ့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းနဲ့ လူငယ်တွေကို အသုံးချပြီး ထပ်မံလုပ်ဆောင်လာပါတယ်။ ဒါဟာအကျပ်အတည်းကို ပြေလည်စေဖို့ထက် အလုံးစုံပျက်သုဉ်းရေးကို ဦးတည်စေနိုင်ပါတယ်။ ဒီနည်းလမ်းဟာ ယခင်ကလည်း မအောင်မြင်ခဲ့တဲ့ နည်းလမ်းဖြစ်တဲ့အပြင် နိုင်ငံအပေါ်မကောင်းတဲ့ အကျိုးဆက်ပဲ ကျန်ခဲ့တာကို သတိပြုသင့်ပါတယ်။ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးသဘောကွဲလွဲတာတွေကို ဖြေရှင်းဖို့ အကြမ်းဖက်ထိပ်တိုက်ရင်ဆိုင်တဲ့နည်းလမ်းကို ရွေးချယ်တာဟာ အခြားသောရွေးချယ်စရာ နည်းလမ်းတွေမရှိလို့လား၊ ဒါမှမဟုတ် အခြားသူ ကြိုးဆွဲရာ ကနေရလို့လား ဆိုတာကတော့ ကာယကံ ရှင်တွေသာ သိပါလိမ့်မယ်။

တကယ်တော့ အခုလို နိုင်ငံရေးအကျပ်အတည်း မဖြစ်ခင်ကတည်းက ဖြေရှင်းဖို့ နည်းလမ်းတွေ၊ ဖြေရှင်းဖို့အချိန်တွေ၊ သတိပေးတိုက်တွန်းခဲ့သူတွေ များစွာရှိခဲ့ပါတယ်။ ဒီလိုအကျပ်အတည်းတွေ ဖြစ်လာနိုင်တဲ့အခြေအနေကို ကြိုမြင်ကြလို့ သတိပေးကြ၊ တိုက်တွန်းခဲ့ကြတာပါ။ ဒါပေမဲ့ အားလုံးအဆင်ပြေစေနိုင်တဲ့ နည်းလမ်းတွေကို ရှောင်ဖယ်ပြီး သဘောထားတင်းမာစွာ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြလို့ အခုလိုအခြေအနေထိ ရောက်လာတာကို သင်ခန်းစာယူရမှာပါ။ ထပ်ပြီး အမှားပေါ် အမှားမဆင့်မိဖို့နဲ့ အချိန်မီ ပြင်ဆင်ကြဖို့လိုပါတယ်။

**အနာဂတ်ခရီးဖြောင့်ဖြူးဖို့**

အခုချိန်မှာလည်း ဖြစ်နေတဲ့နိုင်ငံရေးအကျပ်အတည်းတွေကို ဖြေရှင်းဖို့ နည်းလမ်းတွေရှိနေပါသေးတယ်။ ရွေးချယ်ဖို့အချိန်လည်း ရှိနေပါသေးတယ်။ အချိန်မနှောင်းသေးပါဘူး။ နိုင်ငံနဲ့ ပြည်သူတွေအပေါ် နိုင်ငံရေးစိတ်စေတနာမှန်ရင် ထိပ်တိုက်ရင်ဆိုင်တဲ့နည်းလမ်းထက် သူနိုင်ကိုယ်နိုင် နည်းလမ်းကို ရွေးချယ်ဖို့လိုပါတယ်။ ဒါမှလည်း ဒီမိုကရေစီနဲ့ဖက်ဒရယ်ခရီးကို ဆုံးရှုံးမှုအနည်းဆုံးနဲ့ ခရီးဆက်နိုင်ပါလိမ့်မယ်။ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းဟာ အခြားရွေးချယ်စရာမရှိမှ ရွေးချယ်တဲ့ နောက်ဆုံးနည်းလမ်းဖြစ်ပါတယ်။ သမိုင်းအစဉ်အဆက် ထိပ်တိုက်ရင်ဆိုင်တဲ့ နည်းလမ်းဟာ နိုင်ငံတည်ဆောက်ဖို့ထက် နိုင်ငံကိုပိုမိုဆိုးရွားစေခဲ့တာ သတိပြုဖို့လိုပါတယ်။

နိုင်ငံရေးပဋိပက္ခတွေ ပြေလည်ဖို့၊ ဖြေရှင်းဖို့ဆိုရင် ပိုမိုအကျပ်အတည်းဖြစ်စေတဲ့ သဘောထားတွေ၊ နည်းလမ်းတွေကို ရှောင်ရှားပြီး အားလုံးပြေလည်စေမယ့် နည်းလမ်းကို ရွေးချယ်ကြမှ လက်တွေ့ကျတဲ့အသွင်ကူးပြောင်းရေးကို ဦးတည်နိုင်ပါလိမ့်မယ်။ ဒီမိုကရေစီကို လိုချင်ပါရဲ့၊ ဖက်ဒရယ်ကိုတည်ဆောက်ချင်ပါရဲ့၊ ဒါပေမဲ့ ခေတ်နဲ့မဆီလျော်တော့တဲ့ သဘောထားဟောင်းတွေ၊ နည်းလမ်းဟောင်းတွေနဲ့တော့ ရှေ့ဆက်နိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ နိုင်ငံကိုပြောင်းလဲဖို့ မိမိတို့ကိုယ်တိုင်ရဲ့ သဘောထားတွေ၊ အယူအဆတွေ၊ နည်းလမ်းတွေကို ဦးစွာပြင်ကြရမှာပါ။ အထူးသဖြင့် မြန်မာ့နိုင်ငံရေးအကျပ်အတည်းတွေမှာ နက်နက်ရှိုင်းရှိုင်း အရင်းခံနေတဲ့ ထိပ်တိုက်ရင်ဆိုင်လိုတဲ့ သဘောထားနဲ့နည်းလမ်းတွေဟာ ကောင်းကျိုးထက် ဆိုးကျိုးတွေကိုပဲ ဖြစ်ခဲ့တာ ယခင်ကလည်း တွေ့ကြုံခံစားခဲ့ရပြီးပါပြီ၊ အခုလည်း အားလုံးတွေ့ကြုံခံစားနေကြရတာ လက်တွေ့ပါပဲ။

ဒီတော့ မြန်မာ့ဒီမိုကရေစီနဲ့ဖက်ဒရယ်ခရီး ရှေ့ဆက်နိုင်ဖို့ဆိုရင် ထိပ်တိုက်ရင်ဆိုင်ရေး အယူအဆတွေနဲ့ နည်းလမ်းတွေဟာ သင့်၏၊ မသင့်၏၊ မှန်၏၊ မမှန်၏။ သုံးသပ်ပြောင်းလဲကြဖို့ အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါတယ်။ ။

# ဂျပန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀၀ နှင့်အထက် နှစ်ရက်ဆက်တိုက်ရှိလာ

**တိုကျို ဩဂုတ် ၁၄**

ဂျပန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၀၀၀ နှင့်အထက် တွေ့ရှိသည်မှာ နှစ်ရက်ဆက်တိုက် ရှိလာခဲ့ပြီး လတ်တလောအချိန်တွင် မြို့တော်တိုကျို၊ အိုဆာကာနှင့် အခြားခရိုင်များတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို သက်တမ်းထပ်တိုးရန် ဂျပန်အစိုးရအား ဖိအားပေးလာခဲ့သည်။

**နှစ်ရက်ဆက်တိုက် စံချိန်တင်**

ဩဂုတ် ၁၂ ရက်က ဂျပန်နိုင်ငံတစ်ဝန်း၌ ရောဂါပြင်းထန်သော ကိုဗစ်-၁၉ ရောဂါလူနာပေါင်း ၁၄၇၈ ဦးရှိရာမှ ဩဂုတ် ၁၃ ရက်တွင် ၄၃ ဦးအထိ ထပ်တိုးလာပြီး ၁၅၂၁ ဦးရှိလာကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်ရက်ဆက်တိုက် စံချိန်တင်ခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အလားတူ ဩဂုတ် ၁၃ ရက်က မြို့တော်တိုကျို၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၇၇၃ ဦး စံချိန်တင်စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၀၉၄ ဦး စစ်ဆေးတွေ့ရှိခဲ့ကြောင်း တိုကျိုအစိုးရက ပြောကြားသည်။

ထို့အပြင် မြို့တော်တိုကျို၌ ခုနစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ပျမ်းမျှကူးစက်မှုနှုန်းမှာ ၄၂၃၁ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိပြီး ယင်းမတိုင်မီ သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ပျမ်းမျှကူးစက်မှုနှုန်းမှာ ၈ ဒသမ ၇ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိခြင်းကြောင့် ရောဂါကူးစက်မှုနှုန်းလည်း လျော့နည်းလာဖွယ်လက္ခဏာ မရှိသေးကြောင်း၊ ထို့ကြောင့် ဂျပန်ဝန်ကြီးချုပ်ဆူဂါသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် လတ်တလောအချိန်၌ တိုကျို၊ ချီဘာ၊ ကာနာဂါဝါ၊ ဆိုင်းတမ၊ အိုဆာကာနှင့် အိုကီနာဝါခရိုင်များတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေနှင့်ပတ်သက်၍ လာမည့်သီတင်းပတ်တွင် သက်ဆိုင်ရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ဂျေတီ**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် နေ့စဉ်သေဆုံးမှု အများဆုံးအဖြစ် စံချိန်တင်

**မော်စကို ဩဂုတ် ၁၄**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၈၁၉ ဦး သေဆုံးခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ကိုဗစ်-၁၉ ရောဂါဖြင့် နေ့စဉ်သေဆုံးမှု အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၈၁၉ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၆၉၆၈၃ ဦး ရှိလာသည်။

အလားတူ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၁၄၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၆၅၇၉၂၁၂ ဦးရှိလာကြောင်း အစိုးရက ထုတ်ပြန်သည့် တရားဝင် အချက်အလက်များအရ သိရသည်။

ရုရှားနိုင်ငံသည် ပြည်တွင်းဖြစ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးသုံးမျိုးကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ အနောက်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို နိုင်ငံအတွင်း၌ ဖြန့်ဖြူးပေးခြင်း မရှိကြောင်း သိရသည်။

ကမ္ဘာ့ပေါ်တွင် ကိုဗစ်-၁၉ ရောဂါ စတုတ္ထအဆိုးရွားဆုံး ထိခိုက်လျက်ရှိသည့် ရုရှားနိုင်ငံသည် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကြောင့် ယခုနှစ် ဇွန်လအလယ်ပိုင်းမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။

သမ္မတပူတင်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မဖြစ်မနေထိုးနှံမှု ခံယူကြရန် ပြည်သူများအား တိုက်တွန်းလျက်ရှိသည်။

သို့သော် ဩဂုတ် ၁၁ ရက်အထိ ရရှိသည့် ကိန်းဂဏန်းများအရ ရုရှားနိုင်ငံ၌ လူဦးရေ ၁၄၆ သန်းခန့်ရှိသည့်အနက် လူဦးရေ ၃၂ သန်းကျော်သာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၄၉ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၁၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၂၄၉ ဦးထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၂၇၂၃၁ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့် ပြီးခဲ့သည့်နှစ်ဇန်နဝါရီလကစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် ဒုတိယအများဆုံး ဖြစ်သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၃၃ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၀၇၀ ရှိလာသည်။

နိုင်ငံတစ်ဝန်းရှိ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် မြင့်တက်လျက်ရှိသည့် ဒေသပေါင်း ၅၄ ခု၌ ရောဂါကာကွယ်ရေးစည်းမျဉ်းများကို တင်းကျပ်စွာ ချမှတ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မာရီယာရို ဆာရီယို ဗာဂျီရီက ပြောသည်။

အဆိုပါဒေသများရှိ ဆေးရုံများကိုလည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများ ဆေးဝါးကုသမှုခံယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အောက်ဆီဂျင်များကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိသည့်အတွက် ရှေ့တန်းမျက်နှာစာတွင် တာဝန်ထမ်းဆောင်ရန် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို အရေးပေါ်ငှားရမ်းသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မာရီယာရိုဆာရီယို ဗာဂျီရီက ပြောသည်။

လက်ရှိအချိန်အထိ ကျန်းမာရေးဝန်ထမ်း ၂၂၂၇၄ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရပြီး ၎င်းတို့အနက် ၁၀၂ ဦး သေဆုံးခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၆ သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၆၇၈၆၂ ဦးရှိလာ



**ဆော်ပေါ်လို ဩဂုတ် ၁၄**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၆၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၆၇၈၆၂ ဦးရှိလာကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၉၃၃ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၀၃၁၉၀၀၀ ရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၉၁၇၃၉၁၇ ဦးရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိပြီး ကမ္ဘာ့တစ်ဝန်းကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင်မူ အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဘင်္ဂလားဒေ့ရှ် ထပ်မံလက်ခံရရှိ




**ဒါကာ ဩဂုတ် ၁၄**
ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံအစိုးရက လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဩဂုတ် ၁၃ ရက်တွင် ထပ်မံလက်ခံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏မြို့တော် ဒါကာရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဩဂုတ် ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ကာကွယ်ဆေးများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ယခုရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအစီအစဉ် COVAX မှတစ်ဆင့် တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ် ရောက်ရှိလာပြီးနောက် နှစ်ရက်အကြာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထပ်မံရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် အခြားသောနိုင်ငံများမှရရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဩဂုတ် ၇ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၆၅ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၄၀၅၃၃၃ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၃၇၁၀ ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၆၇၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၄**
မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၆၇၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၃၈၄၃၅၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူများအနက် ရှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိသူများဖြစ်ပြီး ၂၀၆၆၂ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟာစ်ရှမ်အဗ္ဗဒူလာရှ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၆၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၂၂၈ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၇၆၅၅ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၁၂၈၀၈၃ ဦး ရှိပြီဖြစ်သည်။

လက်ရှိပိုးတွေ့ဆဲလူနာ ၂၄၃၉၄၂ ဦးရှိသည့်အနက် ၁၀၉၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၅၄၀ သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**






# ယူဂန္ဓာနိုင်ငံ၌ ဆေးဘက်ဆိုင်ရာကျောင်းများ ပြန်လည်ဖွင့်လှစ်

**ကမ်ပါလာ ဩဂုတ် ၁၄**
ယူဂန္ဓာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရာတွင် ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံ၏ ကျန်းမာရေးဝန်ထမ်း အရေအတွက်ကို မြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ဆေးဘက်ဆိုင်ရာကျောင်းများကို ဩဂုတ် ၁၃ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာခြင်းကြောင့် ဇွန် ၁၈ ရက်တွင် ကျောင်းများနှင့် တက္ကသိုလ်များအားလုံးကို ပိတ်ထားခဲ့ပြီးနောက် ပညာရေးနှင့် အားကစားဝန်ကြီးဌာနက ကျန်းမာရေး သင်တန်းများကို ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံ သမ္မတ မူဆီဗီနီကလည်း ကျန်းမာရေးသင်တန်းများကို ပြန်လည်ဖွင့်လှစ်သင့်ကြောင်းနှင့် ကျောင်းသားဦးရေကို ၃၃ ရာခိုင်နှုန်းသာ ခွင့်ပြုသင့်ကြောင်း ပြောကြားခဲ့သည်။ ကာဘာလီသူနာပြုသင်တန်းကျောင်း၌ ကျောင်းသားဦးရေ ၉၀၀ ရှိသည့်အနက် လက်ရှိတွင် ကျောင်းသား ၃၆၀ သာလျှင် လာရောက်ပညာသင်ကြားခွင့်ပြုထားကြောင်း အဆိုပါကျောင်းမှ နည်းပြဆရာတစ်ဦးဖြစ်သူ ကာဂီဇီက ဆင်ဟွာ သတင်းဌာနသို့ ဆက်သွယ်ပြောကြားခဲ့သည်။

အခြားသော ကျောင်းများ၊ သင်ကြားရေးဌာနများနှင့် ဝတ်ပြုရာနေရာများအား ပိတ်ထားဆဲဖြစ်ပြီး အများပြည်သူစုဝေးခွင့်နှင့် ဖျော်ဖြေရေးနေရာများကိုလည်း ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။ ယူဂန္ဓာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၉၆၄၉၇ ဦး၊ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၉၄၀၃၉ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၈၅၆ ဦးရှိကြောင်း ယူဂန္ဓာကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ငါးသန်းကျော်ရှိလာ



**ဗျူနိုအေးရိစ် ဩဂုတ် ၁၄**
အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၇၂ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၀၇၄၇၂၅ ဦးရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၆ ဦးထပ်မံတိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၈၈၁၅ ဦး ရှိလာကြောင်း သိရသည်။ လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၄၀၄၈၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၇၂၅၄၂၆ ဦးရှိကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၆၃၈၇၈၉၇ လုံး အသုံးပြုပြီးဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံ၏ ပြည်သူကာကွယ်ဆေးထိုးနှံရေးဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇ ဒသမ ၂ သန်းကျော်ရှိလာ

**အဒစ်အာဘာဘာ ဩဂုတ် ၁၄**

အာဖရိကတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၂၂၂၈၅၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၂၄၅၂ ဦးရှိကြောင်း တောင်အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် လက်ရှိအချိန်အထိ ဆေးရုံများမှ ပြန်လည်ဆင်းသွားသူပေါင်း ၆၃၃၄၉၅၈ ဦးရှိသည်။

ထို့ပြင် ဒေသတွင်းရှိ ဗိုင်းရပ်စ်ကူးစက်ခံရသည့် နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။

တောင်အာဖရိကနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၅၈၂၄၂၇ ဦးရှိပြီး မော်ရိုကိုနိုင်ငံ၌ ၇၄၁၈၃၆ ဦးရှိကြောင်း သိရသည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှုအရေအတွက် အမြင့်မားဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှုအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။ ဗဟိုအာဖရိကတွင် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၅၉၈ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ ဩဂုတ် ၁၄**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၅၉၈ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၈၃၃၅၄၁ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၂၇၀ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၆၃၆၆ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၃၁၈၈၀ ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သူပေါင်း ၃၃၂၁၅၉၈ ဦးရှိလာသည်။ အင်ဒိုနီးရှားအစိုးရက ပြည်သူ ၂၀၈ ဒသမ ၂ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၂၇ ဒသမ ၇၉ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၅၃ ဒသမ ၆၁ သန်းသည် ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၆၇ ဦးရှိ

**နယူးဒေလီ ဩဂုတ် ၁၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၆၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၂၁၅၆၄၉၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၇၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၇၃၂ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၃၈၇၆၇၃ ဦးရှိနေဆဲဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၅၇၄၃ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၁၃၃၈၀၈၈ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ခြောက်သန်းကျော်ရှိလာ



**အန်ကာရာ ဩဂုတ် ၁၄**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၃၇၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၀၃၉၈၅၇ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅၇ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၂၈၆၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၆၄၉၂ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ ၄၃ ဒသမ ၇ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၂ ဒသမ ၄ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈၂ ဒသမ ၆၂ သန်းကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
| --- | --- | --- | --- |
| | ၂၀၇၁၄၈၆၀၇ ဦး | ၄၃၆၂၀၂၇ ဦး | ၁၈၅၇၅၃၀၅၀ |

# အကြောင်းအကျိုးအပေါ်က ဆုံးဖြတ်ချက်တစ်ခု

မောင်မျိုးအောင်(ပန်းရော)

ယခုကာလအတွင်း လူမှုကွန်ရက်နှင့် အချို့သတင်းမီဒီယာများတွင် ပျံ့နှံ့နေသည့် မြန်မာနိုင်ငံနှင့် ပတ်သက်၍ သတင်းများကို ဖတ်လိုက်ရသည်။ သတင်းအရေအတွက်များသည့်တိုင် သတင်းအချက်အလက်မှာ တစ်ခုတည်းဟု ဆိုရမည်ဖြစ်သည်။ စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းသည့် အိမ်စောင့်အစိုးရ၏ ကိုယ်စားလှယ်နှင့် နိုင်ငံကို Fail State သို့ရောက်ရှိအောင် လုပ်ဆောင်မှုများကြောင့် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ကြေညာခြင်းခံထားသော NUG အဖွဲ့မှ ကိုယ်စားလှယ် မည်သည့်ကိုယ်စားလှယ်ကို အသိအမှတ်ပြု၍ အစည်းအဝေးတက်ရောက်စေမည်နည်းဟု အမေးစကားဖြင့် သတင်းမျိုးစုံကို တွေ့ရသည်။ UN က မည်သည့်ကိုယ်စားလှယ်ကို အသိအမှတ်ပြုမည်နည်း။ တစ်ဖက်က တရားဝင်အစိုးရကိုယ်စားလှယ်၊ တစ်ဖက်က ပြည်ပြေးမတရားအသင်းအစိုးရကိုယ်စားလှယ်၊ ဆုံးဖြတ်မည်က နိုင်ငံတကာအရေးမျက်နှာမလိုက်၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်သည့်ပဋိညာဉ်ကို လက်ကိုင်ထားသော ကမ္ဘာ့ကုလသမဂ္ဂ တစ်နည်းဆိုရသော် တရားမျှတသောအဖွဲ့အစည်းဟူသည့် ဂုဏ်ဒြပ်ဖြင့်ပြည့်စုံသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ စိတ်ဝင်စားစရာကောင်းလှ၏။

### နိုင်ငံတစ်ခု၏ဥပမိရုပ်

နိုင်ငံတကာစံနှုန်းအရ သတ်မှတ်ထားသော နယ်မြေ၊ ပြည်သူလူထု၊ ၎င်းလူ့အဆောက်အအုံကို စည်းကမ်းတကျ လုံခြုံဘေးကင်းစွာနေနိုင်အောင် ကြပ်မတ်ပေးသည့်အစိုးရ၊ ၎င်းနိုင်ငံ၊ လူမျိုး၊ အစိုးရ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နိုင်ငံတကာက နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုမှု စသည်တို့ပြည့်စုံလျှင် အဆိုပါနိုင်ငံသည် နိုင်ငံတစ်ခု၏ဂုဏ်အင်္ဂါ၊ နိုင်ငံတစ်ခု၏ဥပမိရုပ်ရှိသောနိုင်ငံဖြစ်လာရပေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် အဆိုပါအင်္ဂါရပ်များနှင့် ကိုက်ညီသဖြင့် လွတ်လပ်သောနိုင်ငံတစ်ခု၏ ဂုဏ်ပုဒ်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းညီသည့် နိုင်ငံတစ်ခု၏ ဥပမိရုပ်နှင့်လည်း လုံးဝကိုက်ညီပေသည်။

ထိုအင်္ဂါရပ်များနှင့်ကိုက်ညီသော နိုင်ငံတစ်ခုအတွက် အစိုးရတစ်ရပ်သည် မရှိမဖြစ်လိုအပ်ပါသည်။ လက်ရှိမြန်မာနိုင်ငံတော်ကို အုပ်ချုပ်နေသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းသည့် အိမ်စောင့်အစိုးရပင်ဖြစ်သည်။ ထိုသို့ အုပ်ချုပ်မှုဖြစ်ပေါ်လာခြင်းကို ဖြစ်တည်လာသော ကွင်းဆက်များအား ချိတ်ဆက်သုံးသပ်ပြီး ဘက်ပေါင်းစုံက ရှုမြင်နိုင်မှသာ ပကတိအခြေအနေကို တွေ့မြင်ရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့်မဲမသမာမှု၊ သံသယဖြစ်ဖွယ်အခြေအနေများအပေါ် တပ်မတော်အနေဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်တွေ့ရှိချက်များ ထုတ်ပြန်ခြင်း၊ သဘောထားထုတ်ပြန်ခြင်း၊ တပ်မတော်သတင်းစာရှင်းလင်းပွဲများတွင် ရှင်းလင်းပြသခြင်းတို့ လုပ်ဆောင်ခဲ့သည်။ အလားတူပင် နိုင်ငံရေးပါတီ ၂၀ ကလည်း ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုနိုင်သည်များကို ဖြေရှင်းပေးရန်နှင့် တတိယအကြိမ်လွှတ်တော်ကို ဆိုင်းငံ့ထားရန်တောင်းဆိုခဲ့သည်။ ထို့အတူ ၁၀-၁၁-၂၀၂၀ ရက်မှ ၂၉-၁-၂၀၂၁ ရက်အထိ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ်အထိ ပြုလုပ်လာခဲ့သည်။

### အကျိုးတရားပေါ်ပေါက်လာ

NLD ပါတီအစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် မိမိဇာတ်မိမိမနိုင်ဘဲ အလွန်အကျွံမဲမသမာမှုပြုလုပ်ခြင်းသည် အခြေခံအကြောင်းတရားဖြစ်၏။ ၎င်းပြဿနာကို ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းမပေးခြင်း၊ သမ္မတထံတင်ပြသော်လည်း သမ္မတက လျစ်လျူရှုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြင့် မဆောင်ရွက်နိုင်သည့်အတွက် အရေးပေါ်လွှတ်တော်ခေါ်ပေးရန် ဥပဒေနှင့်အညီ တောင်းဆိုသော်လည်း ဥပဒေပြုရေးမဏ္ဍိုင်ကငြင်းပယ်ခဲ့ခြင်း၊ နည်းလမ်းတစ်သွယ်အဖြစ် တရားရေးမဏ္ဍိုင်သို့ စာချွန်တော် တင်ပြခဲ့ရခြင်း၊ တပ်မတော်အနေဖြင့် နောက်ဆုံးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ပေးပါရန် သမ္မတထံတင်ပြခဲ့သော်လည်း သမ္မတက တာဝန်ပျက်ကွက်ခဲ့ခြင်းတို့မှာ ဆက်စပ်အကြောင်းတရားများဖြစ်၏။ NLD ပါတီအစိုးရသည် မဲပြဿနာနောက်ကြောင်းအား မဖြေရှင်းဘဲ တတိယအကြိမ်လွှတ်တော် ပထမအစည်းအဝေးခေါ်၍ အစိုးရဖွဲ့ရန်ခေါင်းမာစွာကြိုးပမ်းခြင်းမှာ လတ်တလောဖြစ်ပေါ်သည့် အကြောင်းတရားဖြစ်၏။ ထိုအကြောင်းတရားများကြောင့် ၁-၂-၂၀၂၁ ရက်တွင် တပ်မတော်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၁၇-၄၁၈)တို့အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ တာဝန်ယူထိန်းသိမ်းခဲ့ရသည့် အကျိုးတရား ပေါ်ပေါက်လာခြင်းဖြစ်၏။

တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်အား တာဝန်ယူပြီးနောက် လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများမှာ ဥပဒေကြောင်းအရ ရပ်ဆိုင်းသွားပြီးဖြစ်ပါသည်။ ၎င်းအပြင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်အရဖြစ်ပေါ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လက်ရှိအခြေအနေ၌ တရားဝင်မှု၊ အကျိုးသက်ရောက်မှုတစ်စုံတစ်ရာ ရှိတော့မည်မဟုတ်ပေ။ သို့သော် ယခင်လွှတ်တော်ကိုယ်စားလှယ်အချို့သည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ဟူ၍ တရားမဝင်အဖွဲ့အစည်းတစ်ခုဖွဲ့စည်းပြီး သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များထုတ်ပြန်ကာ စင်ပြိုင်အစိုးရသဖွယ် လုပ်ကိုင်နေသည်ကို တွေ့ရပေသည်။

### တရားဝင်အစိုးရ

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်အရပ်ရပ်အား ထိန်းသိမ်းထားသည့် အစိုးရသည်သာလျှင် တရားဥပဒေကြောင်းအရ တရားဝင်အစိုးရ ဖြစ်သည်။ "အစိုးရဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် မည်သည့်အရပ်၌မဆို၊ ဥပဒေအရ အုပ်ချုပ်မှုအာဏာရရှိသူ တစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ဆိုလိုသည်။ (The word "Government" donates the person or persons authorized by law to admister executive government in any part of the Union of Myanmar)" ဟု ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေ၊ အတွဲ-၈ (Myanmar Code, Volume 8 )ရှိ Penal Code ပုဒ်မ-၁၇ တွင် တိတိကျကျပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် လက်ရှိအုပ်ချုပ်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းသည့် "အိမ်စောင့်အစိုးရ" သည် တရားဝင်အစိုးရဖြစ်၏။ ဥပဒေများကို လက်မှတ်ရေးထိုးပြဋ္ဌာန်းနိုင်သည့် နိုင်ငံတော်အကြီးအကဲရှိခြင်း၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည့် အစိုးရအဖွဲ့အကြီးအကဲနှင့် အစိုးရအဖွဲ့ဝင်များ၊ တရားစီရင်ရေးအာဏာကျင့်သုံးနိုင်သည့် နိုင်ငံတော်တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်တို့ဖြင့် ပြည့်စုံစွာဖွဲ့စည်းထားခြင်းတို့ကြောင့် ခိုင်မာသည့် အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ကို ဥပဒေကြောင်းအရသော်လည်းကောင်း၊ ကျစ်လျစ်ခိုင်မာသည့်ဖွဲ့စည်းတည်ဆောက်ပုံအရသော်လည်းကောင်း မည်သို့မျှငြင်းဆိုနိုင်၍မရပေ။

**လက်ရှိအုပ်ချုပ်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းသည့် "အိမ်စောင့်အစိုးရ" သည် တရားဝင်အစိုးရဖြစ်၏။ ဥပဒေများကို လက်မှတ်ရေးထိုးပြဋ္ဌာန်းနိုင်သည့် နိုင်ငံတော်အကြီးအကဲရှိခြင်း၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည့် အစိုးရအဖွဲ့အကြီးအကဲနှင့် အစိုးရအဖွဲ့ဝင်များ၊ တရားစီရင်ရေးအာဏာကျင့်သုံးနိုင်သည့် နိုင်ငံတော်တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်တို့ဖြင့် ပြည့်စုံစွာဖွဲ့စည်းထားခြင်းတို့ကြောင့် ခိုင်မာသည့်အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ကို ဥပဒေကြောင်းအရသော်လည်းကောင်း၊ ကျစ်လျစ်ခိုင်မာသည့် ဖွဲ့စည်းတည်ဆောက်ပုံအရသော်လည်းကောင်း မည်သို့မျှ ငြင်းဆိုနိုင်၍မရ**

ယခင်လွှတ်တော်ကိုယ်စားလှယ် အချို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) သည် ဖေဖော်ဝါရီလ ၉ ရက်တွင် ကြေညာချက်အမှတ် (၂/၂၀၂၁)ကို လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေ၍ လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများ ရုံးမတက်ဘဲ CDM (Civil Disobedience Movement) တွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြရန် လှုံ့ဆော်ခဲ့သည်။ ၎င်းအပြင် CDM လှုပ်ရှားမှုဖြင့် ဝန်ထမ်းကောင်းများအား တာဝန်ထမ်းဆောင်မှုမှ ပျက်ကွက်စေခြင်းနှင့် အုပ်ချုပ်မှုယန္တရားပျက်ပြား၍ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာအောင် သွေးထိုးမြှောက်ပင့်မှုများကို ဖန်တီးလာခဲ့ကြပါသည်။ နိုင်ငံ၏အရေးကြီးအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသော ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများကို အဓိကထား၍ CDM လှုပ်ရှားမှုကို ဆောင်ရွက်စေခဲ့ခြင်းဖြစ်ရာ ၎င်းတို့အနေဖြင့် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးကို မည်မျှအထိ ထိခိုက်စေလိုသည်၊ ပြည်သူလူထုကို မည်မျှအထိ ပစ်ပယ်လျစ်လျူရှုခဲ့သည်ကို သိသာနိုင်ပေသည်။

### လူ့အခွင့်အရေးစံနှုန်းများကို ဖောက်ဖျက်

၎င်းအပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပညာသင်ကြားမှုကို ခေတ္တရပ်နားနေရသည့် ကျောင်းသား ကျောင်းသူများနှင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်အသီးသီးမှ လူငယ်၊ လူရွယ်များကို Generation-Z အမည်တပ်ပေးပြီး အကြမ်းဖက်ဆူပူမှုများကို လုပ်ဆောင်လာစေရန်လည်း မြှောက်ပင့်ပေးခြင်း၊ ထောက်ပံ့ပေးခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့သည်။ Generation-Z အမည်တပ်ခံထားရသော လူငယ်ထုမှာ နောက်ကွယ်မှ နိုင်ငံရေးသမားများ၏ ကြိုးကိုင်ခြယ်လှယ်မှုဖြင့် နယ်ရုပ်များသဖွယ် အသုံးချခံလိုက်ရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ အချို့နိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သော CDM လှုပ်ရှားမှုများမှာ လူ့ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူခြင်း၊ အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ပါဝင်မှုမရှိဘဲ အစိုးရတစ်ရပ်တည်းကိုသာ အကျပ်အတည်းဖြစ်စေရန် ရည်ရွယ်လှုပ်ရှားကြခြင်းဖြစ်သည်။ မိမိတို့နိုင်ငံအတွင်း လုပ်ဆောင်ခဲ့သော CDM လှုပ်ရှားမှုမှာ ခြိမ်းခြောက်၊ အကျပ်ကိုင်၊ ဖိအားပေးမှုများ၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ၊ Social Punishment ခေါင်းစဉ်ဖြင့် အပြစ်မဲ့ဝန်ထမ်းများနှင့် သာမန်ပြည်သူများအား လူထုကြားတွင် အရှက်ရစေရန် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ခဲ့သည့်အပြင် လူအုပ်စုဖြင့် အနိုင်ကျင့်သတ်ဖြတ်သည်အထိ လုပ်ဆောင်ခဲ့သည်ကို ရင်နင့်ဖွယ်တွေ့ရှိရပါသည်။ ထိုလုပ်ရပ်များသည် မြန်မာ့ယဉ်ကျေးမှုအရသာမက ကမ္ဘာကလည်း လက်မခံနိုင်သည့် ကိစ္စရပ်များဖြစ်သကဲ့သို့ လူ့အခွင့်အရေးစံနှုန်းများကို ဆိုးရွားစွာဖောက်ဖျက်ကျူးလွန်နေသည့်ကိစ္စရပ်များပင် ဖြစ်သည်။

ဒီမိုကရေစီ၏အနှစ်သာရမှာ မတူကွဲပြားမှုများအားလက်ခံ၍ ၎င်းမတူကွဲပြားမှုကိုပင် အင်အားအဖြစ်စုစည်းပြီး ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် အောင်မြင်မှုရအောင် စုပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မတူညီသည့်သဘောထားအမြင်များကို ဆွေးနွေးညှိနှိုင်းသည့်နည်းဖြင့် အဖြေရှာရန်သာဖြစ်ပါသည်။ မိမိဆန္ဒနှင့် ကိုက်ညီမှုမရှိတိုင်း ကိုယ်နှင့်မတူကိုယ့်ရန်သူကဲ့သို့ သဘောထားပြီး ပြုမူလုပ်ဆောင်မှုများသည် ဒီမိုကရေစီနှင့်ကိုက်ညီမှုမရှိကြောင်းကို တွေ့မြင်ရပေသည်။ CRPH ၏ ခြေလှမ်းများကိုလေ့လာကြည့်ရာတွင် ပြည်သူများအား သတင်းအချက်အလက်အမှားများဖြင့် မှိုင်းတိုက်ခဲ့သည်ကို တွေ့ရှိရ၏။ CDM ကြောင့်နစ်နာခဲ့သည့် ပြည်သူလူထု၏ အခက်အခဲများကို မသိကျိုးကျွံပြု၍ အစိုးရယန္တရားရပ်တန့်သွားပြီး CDM လုပ်ဆောင်မှုအောင်မြင်ကြောင်း၊ ၎င်းတို့ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့သည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆွေးနွေးလျက်ရှိပြီး မကြာမီဖက်ဒရယ်တပ်မတော် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ၎င်းတို့အား နိုင်ငံတကာမှ အသိအမှတ်ပြု၍ ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊

စာမျက်နှာ ၁၆ သို့ ✤

✤ စာမျက်နှာ ၁၅ မှ

**NUG အနေဖြင့် သီးခြားစစ်ဘက် (သို့မဟုတ်) နိုင်ငံရေးရည်မှန်းချက်ကို ဦးတည်ထားခြင်းမရှိဘဲ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ မလိုက်နာခြင်း၊ ပျက်ကွက်ခြင်း၊ အများပြည်သူများအား ဥပဒေများကို လိုက်နာမှုမရှိစေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ ဖိအားပေးခြင်း၊ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်းတို့ဖြင့် နိုင်ငံအား ကျဆုံးနိုင်ငံ(Fail State) အဖြစ်ပုံဖော်ပြီး နိုင်ငံရေးပြောင်းလဲမှုဖြစ်စေရန် တစိုက်မတ်မတ်ရည်ရွယ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ၎င်းကဲ့သို့သောအဖွဲ့အစည်းများကို လက်ခံဆောင်ရွက်နေပါလျှင် နိုင်ငံအများလေးစားရသည့်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ကမ္ဘာကလက်မခံသော အကြမ်းဖက်ဝါဒကို အားပေးသည့်အခြေအနေသို့ ဆိုက်ရောက်သွားမည့်အပြင် အဖွဲ့အစည်း၏ဂုဏ်သိက္ခာကိုပါ ထိခိုက်ညှိုးနွမ်းစေနိုင်မည်**

၎င်းတို့ဘက်မှ နိုင်ငံတကာတပ်များပါဝင်ပြီး မြန်မာ့တပ်မတော်ကို တိုက်ခိုက်တော့မည်ဖြစ်၍ ရိက္ခာ၊ ဆေးဝါးနှင့် ရရာလက်နက်များ ကြိုတင်စုဆောင်းထားရန်လိုအပ်ကြောင်း စသည်ဖြင့် အကြောင်းအရာများစွာကို ကောလာဟလမှိုင်းတိုက်၍ လုပ်ဆောင်ခဲ့သည်။ ၎င်းတို့၏ နိုင်ငံအတွက် အပျက်သဘောဆောင်ပြုမူမှု၊ ဝါဒဖြန့်မှုများသည် တရားဥပဒေနှင့် အညီဆောင်ရွက်နေပြီး ပွင့်လင်းမြင်သာစွာဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား စွပ်စွဲပြစ်တင်ခြင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အရေးယူပေးနိုင်ရန်ဟူ၍ပင် မိမိတို့နိုင်ငံအား နိုင်ငံတကာဖိအားပေး၍ ပြည်သူများ အတိဒုက္ခရောက်ရှိစေခြင်း၊ ရရှိပြီးသား နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ သာယာဝပြောမှုတို့ကိုဖျက်ဆီးခြင်းဟု ယူဆရမည်ဖြစ်၏။ CRPH နှင့် NUG တို့သည် ၎င်းတို့အာဏာရရှိရေးတစ်ခုကိုသာ ရှေးရှုပြီးလုပ်ဆောင်နေသည့် ဒီမိုကရေစီအမည်ခံပါတီဝင်များနှင့် လူတစ်စုဖြင့် ဖွဲ့စည်းထားသည့်အတွက် ပြည်သူနှင့် နိုင်ငံတော်ကို ဖျက်ဆီးရန် ကြံစည်သည့်အဖွဲ့အစည်းများအဖြစ်လည်း မှတ်ယူရမည်ဖြစ်ပါသည်။

**ဖြတ်လမ်းနည်းဖြင့် အချောင်ရယူရေးပင်ဖြစ်**

ထိုသို့ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို ပျက်ပြားစေသည့် လုပ်ဆောင်မှုများကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် မတ်လ ၂၁ ရက်စွဲဖြင့် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)နှင့်ဆက်စပ်သူများ၊ အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။ ၎င်းအပြင် အဆိုပါအဖွဲ့များ၏ လှုံ့ဆော်အားပေးမှုကြောင့် နိုင်ငံတော်အတွင်း အကြမ်းဖက်မှုများစွာဖြစ်ပေါ်ခဲ့ရပါသည်။ ထိုအဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ NUG အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force– PDF) ကို ဖွဲ့စည်းဆောင်ရွက်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ NUG နှင့် PDF တို့၏လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ နိုင်ငံတစ်ဝန်း ပေါ်ပေါက်လာခဲ့ရပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ် မေလ ၈ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ မတရားအသင်းအဖြစ်ကြေညာထားသည့် CRPH၊ ၎င်းက ဖွဲ့စည်းထားသော NUG၊ ၎င်းကဖွဲ့စည်းထားသော PDF နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။ CRPH အဖွဲ့အနေဖြင့် ၎င်းတို့၏ အဓိကရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်အာဏာကို ရယူနိုင်ရေးကြိုးပမ်းမှုမှာ ရိုးသားသည့်နိုင်ငံရေးလမ်းကြောင်းအတိုင်းမဟုတ်ဘဲ ဖြတ်လမ်းနည်းဖြင့် အချောင်ရယူရေးပင်ဖြစ်ပါသည်။ နိုင်ငံရေးဆောင်ရွက်ခြင်းနှင့် နိုင်ငံကိုဖျက်ဆီးခြင်းသည် မည်မျှခြားနားဆန့်ကျင်နေသည်ကို ဝေဖန်ခွဲခြားနိုင်သောအသိအမြင်ရှိပါက သိမြင်နိုင်မည်ဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေးယန္တရား၏ အဓိကအခြေခံအကျဆုံး အရေးကြီးလုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် တည်ငြိမ်ရေးလုပ်ငန်းများပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းများမရှိပါက ကျန်လုပ်ငန်းများသည် လုပ်ဆောင်နိုင်၍မရကြောင်း သမိုင်းသင်ခန်းစာများတွင် တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နောက်ပိုင်းမှ ဇူလိုင်လကုန်အထိ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဌာနဆိုင်ရာ ရဲကင်း၊ ရဲစခန်းအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခံရမှုအနေဖြင့် မြို့နယ် ၁၅၁ မြို့နယ်တွင် ၅၂၅ ကြိမ်၊ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုသတ်မှတ်ပြီး အကြမ်းဖက်တိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးသူ ၁၆၉ ဦး၊ ဒဏ်ရာရ ၁၅၄ ဦး၊ နေအိမ်များ ဖျက်ဆီးခံရမှု ၂၉ လုံး၊ လက်ပစ်ဗုံးပစ်ခတ်မှု မြို့နယ် ၂၇၅ မြို့နယ်တွင် ၁၉၅၇ ကြိမ်၊ လမ်းတံတားဖျက်ဆီးမှု ၃၁ မြို့နယ်တွင် ၄၁ ခု၊ စက်ရုံ၊ အလုပ်ရုံများဖျက်ဆီးခံရမှု မြို့နယ် ရှစ်မြို့နယ်တွင် ၂၅ ကြိမ်၊ အခြားအဆောက်အအုံများဖျက်ဆီးခံရမှု ၈၁ မြို့နယ်တွင် ၁၈၅ ကြိမ်တို့ကိုလုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် လူဟုပင်သတ်မှတ်ရန်ခက်ခဲသည့် လုပ်ဆောင်မှုများကိုလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် လုပ်ဆောင်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ပေးဝေလှူဒါန်းနေသူများအား သတ်ဖြတ်ခြင်း၊ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များအား မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေသူများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်သာမက အများပြည်သူအတွက် အနစ်နာခံပေးဆပ်သူတို့၏ သင်္ကေတဖြစ်သည့် PPE ဝတ်စုံကိုဝတ်ဆင်၍ လူသတ်ခြင်းတို့ပင် ကျူးလွန်ခဲ့ကြသည်။ ထိုသို့ တိုင်းဖျက်၊ ပြည်ဖျက်၊ ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝ ပျက်စီးအောင် လုပ်ဆောင်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မြှောက်ပင့်ခြင်း၊ နည်းလမ်းပေးဆောင်ရွက်ခြင်း၊ လက်ခံတွေ့ဆုံခြင်းများပြုလုပ်နေသည့် လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၏ သမိုင်းသည်လည်း အမည်းစက်သာ ထာဝရစွန်းထင်းနေမည်ဖြစ်ပါသည်။

**နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်စွက်ဖက်လေ့ရှိ**

ကမ္ဘာပေါ်ရှိ အင်အားကြီးနိုင်ငံများသည် မိမိနိုင်ငံ၏ စစ်အင်အား၊ လူ့စွမ်းအားအရင်းအမြစ်၊ သယံဇာတနှင့် ငွေကြေးခနဲကြွယ်ဝမှု စသည်တို့အပေါ်မူတည်၍ မိမိနိုင်ငံ၏ ဩဇာအာဏာအား အခြားနိုင်ငံများသို့ဖြန့်ကြက်နိုင်စေရေး နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်စွက်ဖက်လေ့ရှိပါသည်။ နိုင်ငံတစ်နိုင်ငံအပေါ် စွက်ဖက်သည်ဆိုရာတွင် ထိုနိုင်ငံ၏အားနည်းချက်ကို ရှာဖွေထိုးနှက်၍ အားသာချက်များ ပျက်ပြားသွားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းသာဖြစ်၏။ အထူးသဖြင့် တစ်ဖက်ဖက်ကို တိမ်းစောင်းရန် မဖြစ်နိုင်သောပထဝီအနေအထားတွင်တည်ရှိနေသည့် နိုင်ငံငယ်များသည် "ဘက်မလိုက်ဝါဒ" ကို ချမှတ်၍ နိုင်ငံကြီးများ၏အသုံးချမှုကို ရှောင်တိမ်းကာ ကိုယ့်အားကိုယ်ကိုး၍ နိုင်ငံအားထူထောင်ရာ၌ နိုင်ငံသားတို့၏ အခွင့်အရေးများသည် နိုင်ငံကြီးများနှင့်နှိုင်းယှဉ်လျှင် လျော့နည်းလာတတ်သည်မှာ သဘာဝပင်ဖြစ်၏။ ထိုနိုင်ငံမျိုးတို့သည် ကာကွယ်ရေးအင်အားကို သိပ်သည်းကျစ်လျစ်စွာ ထူထောင်တတ်သည်ဖြစ်ရာ စစ်ရေးအရ နိုင်ငံကြီးများက ရုတ်တရက်ဝင်ရောက်စွက်ဖက်၍ မလွယ်ကူပေ။ ထိုအချိန်တွင် စိတ်ဓာတ်ရေးရာ ဖြိုခွဲရန်စွက်ဖက်မှုနည်းလမ်းအသစ်ဖြစ်သည့် "လူ့အခွင့်အရေး" ဆောင်ပုဒ်ကို ကျယ်လောင်စွာ အော်ဟစ်ကာ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံပြည်သူတို့ကို "ဖိနှိပ်သူ" နှင့် "ဖိနှိပ်ခံ" အဖြစ် ပုံဖော်ဖြိုခွဲရန် နည်းလမ်းကို အသုံးပြုလုပ်ဆောင်တတ်ကြသည်။ နိုင်ငံကြီးအချို့၏ စွက်ဖက်ခြေရှုပ်မှုနောက်ကွယ်တွင် ၎င်းတို့နိုင်ငံအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းသာဖြစ်ရာ ထိုလမ်းကြောင်းကို ပို့ဆောင်ပေးသူမှာလည်း "ကျေးဇူးခံ၊ ကျေးဇူးစား" အမျိုးသားသစ္စာဖောက်သမားများသာဖြစ်ပေသည်။

**ကုလသမဂ္ဂ၏အခြေခံယန္တရားများ**

ဒုတိယကမ္ဘာစစ်ကြီးတွင် ခေတ်မီတိုးတက်လာသော လက်နက်အသစ်အဆန်းများ အသုံးချလာခြင်းကြောင့် ပထမကမ္ဘာစစ်ထက် သေကျေပျက်စီးမှုများပြားခဲ့ရသည်။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးအတွက် ကမ္ဘာ့နိုင်ငံအများစုပါဝင်သော အဖွဲ့အစည်းကြီးတစ်ခုလိုအပ်သည်ဟု နိုင်ငံ့ခေါင်းဆောင်များက သဘောပေါက်လာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ အမေရိကန်၊ ဆိုဗီယက်(ရုရှား)၊ ပြင်သစ်နှင့် တရုတ်ခေါင်းဆောင်များပါဝင်သည့် နိုင်ငံ့ခေါင်းဆောင်များသည် ဘော်လ်တာကွန်ဖရင့်ကျင်းပရန် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံအုတ်မြစ်ဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တည်တံ့အောင်ထိန်းသိမ်းရန်နှင့် ကျူးကျော်ရန်စမှုများကို ပူးပေါင်းကာကွယ်ရန်၊ ယောက်ျား၊ မိန်းမ၊ လူမျိုးစကား၊ ဘာသာအယူဝါဒ ခွဲခြားမှုမရှိဘဲ အားလုံးတူညီရန် စသည့်အချက်များပါရှိသည့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ ရည်ရွယ်ချက်များကို အထမြောက်အောင်မြင်အောင် နိုင်ငံများမှ ကြိုးပမ်းလုပ်ဆောင်နိုင်စေရေးအတွက် ဘုံအဖွဲ့အစည်းကြီးတစ်ခုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ အဖွဲ့အစည်း၏ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်အတွက် အဖွဲ့ငယ်များဖွဲ့စည်းထားရာ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ်၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ ကိုလိုနီကြီးကြပ်ရေးကောင်စီ၊ အတွင်းရေးမှူးချုပ်ရုံး စသည်ဖြင့် အဖွဲ့အစည်းခြောက်ခုမှာ ကုလသမဂ္ဂ၏ အခြေခံယန္တရားများ ဖြစ်သည်။ အထွေထွေညီလာခံမှာ အဖွဲ့ဝင်နိုင်ငံများ၏ဆန္ဒကို ဖော်ထုတ်ရာညီလာခံ ဖြစ်သည်။ ထိုသို့ နိုင်ငံများ၏ ဆန္ဒကို ဖော်ထုတ်ရာအစည်းအဝေးသို့ နိုင်ငံတကာမှ သံအမတ်ကြီးများ၊ သံအမတ်ကြီးအဆင့်ရှိသူများ၊ နိုင်ငံတကာအစိုးရများ၏ ပြောကြားချက်များ၊ ရေးသားချက်များ၊ အသိအမှတ်ပြုလက်ခံဆွေးနွေးဆောင်ရွက်နေသူများ၊ တရားဝင်အစိုးရတစ်ရပ်၏ ကိုယ်စားလှယ်များတက်ရောက်နိုင်မှသာ နိုင်ငံတစ်ခု၏ ပကတိဖြစ်စဉ်အမှန်၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို လေးနက်စွာသိမြင်နိုင်မည်ဖြစ်ပါသည်။ ထိုအခြေအနေကို မျက်ကွယ်ပြုပါလျှင် ပကတိအမှန်တရားနှင့်ဝေးကွာပြီး ထိုနိုင်ငံရှိ ပြည်သူတို့၏ အရှိသဘောတရား၊ ဘေးကင်းလုံခြုံမှု၊ ခံစားမှုအသိတို့ကိုလည်း သိမြင်နိုင်မည် မဟုတ်ပေ။

**အဖွဲ့အစည်း၏ဂုဏ်သိက္ခာကိုပါ ထိခိုက်ညှိုးနွမ်းစေနိုင်**

NUG အနေဖြင့် သီးခြားစစ်ဘက် (သို့မဟုတ်) နိုင်ငံရေးရည်မှန်းချက်ကို ဦးတည်ထားခြင်းမရှိဘဲ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ မလိုက်နာခြင်း၊ ပျက်ကွက်ခြင်း၊ အများပြည်သူများအား ဥပဒေများကို လိုက်နာမှုမရှိစေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ ဖိအားပေးခြင်း၊ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်းတို့ဖြင့် နိုင်ငံအား ကျဆုံးနိုင်ငံ(Fail State) အဖြစ်ပုံဖော်ပြီး နိုင်ငံရေးပြောင်းလဲမှုဖြစ်စေရန် တစိုက်မတ်မတ် ရည်ရွယ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ၎င်းကဲ့သို့သော အဖွဲ့အစည်းများကို လက်ခံဆောင်ရွက်နေပါလျှင် နိုင်ငံအများလေးစားရသည့် အဖွဲ့အစည်းတစ်ရပ် အနေဖြင့် ကမ္ဘာကလက်မခံသော အကြမ်းဖက်ဝါဒကို အားပေးသည့်အခြေအနေသို့ ဆိုက်ရောက်သွားမည့်အပြင် အဖွဲ့အစည်း၏ဂုဏ်သိက္ခာကိုပါ ထိခိုက်ညှိုးနွမ်းစေနိုင်မည်ဖြစ်ပေသည်။ NUG ၏ ဖြစ်ခဲ့သည့်ဖြစ်စဉ်များ၊ ဆက်လုပ်နေသည့်အကြမ်းဖက်မှုများကြောင့် နောက်ထပ်လူ့အသက်ပေါင်း မည်မျှဆုံးရှုံးရမည်နည်း။ မိသားစုပေါင်း မည်မျှစတေးရမည်နည်း။ အနာဂတ်လမ်းပျောက်မည့် လူငယ်ပေါင်း မည်မျှပေါ်ပေါက်လာမည်နည်း စသည်ဖြင့် မတွေးဝံ့စရာအကျိုးတရားများစွာတို့က ပေါ်ပေါက်လာမည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းလွှဲပြောင်းရယူပြီးနောက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်တို့အားချမှတ်ပြီး မမိုတ်မသုန် အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပေသည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ပြီးသည့်နောက် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပနိုင်ရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေးတို့ကို လုပ်ဆောင်လျက်ရှိ၏။ ထိုသို့ဆောင်ရွက်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာသည့် တရားဥပဒေစိုးမိုးရေးတို့အား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၇ သို့ ✫

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပိတ်ရက်မရှိ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

ပြည်ပမှ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူရုံးပိတ်ရက်များတွင်လည်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အောက်ဆီဂျင် (အိုးခွံ) ၃၀၊ Oxygen Concentrator ၁၉၄၄ ခု အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ မြဝတီ၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်(အရည်)Bowser ယာဉ် လေးစီးဖြင့် ၇၉ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ငါးတန်၊ အောက်ဆီဂျင်(ဓာတ်ငွေ့) အိုးဖြင့် တစ်တန်၊ အောက်ဆီဂျင် (အရည်) Storage Container သုံးခု၊ အောက်ဆီဂျင်အိုး (အခွံ) ၉၇၃၈ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၇၅ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၄၀၆၈၀ နှင့် နှာခေါင်းစည်း ၃၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၂၀ မှ ယာဉ်စီးရေ ၅၄ စီး ဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၈၀၃ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၇၄၃ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ၁၇၁ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ၇၂ တန်၊ အောက်ဆီဂျင် (အရည်) Storage Container ခုနစ်ခု၊ အောက်ဆီဂျင်(အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၉၉၆၀၁ ခု၊ Oxygen Plant ၂၂ ခု၊ အောက်ဆီဂျင် (Generator) ၁၀ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၇၀၅၀၄ ခု၊ Test Kit ၁၅၀၂၆၈ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၇၃၀၁၂ စုံ၊ လက်အိတ် ၇၂ တန်နှင့် နှာခေါင်းစည်း ၉၈၃ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ယာဉ်စီးရေ ၁၆၁၄ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်ဖြင့် တန် ၁၅၇၀ ၊ အောက်ဆီဂျင် အရည်(အိုးဖြင့်)၇၃၈ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(Bowser) ယာဉ်ဖြင့် ကိုးတန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၁၈၆ တန်၊ Storage Container ခုနစ်ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင် (အိုးခွံ) ၁၄၀၀၉၂ ခု၊ Oxygen Plant ၃၀၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ အောက်ဆီဂျင်ဖြည့်ကိရိယာ နှစ်စုံ၊ Oxygen Generator ၂၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၃၉၆၅၀၊ Test Kit ၄၇၃၁၄၆ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၆၅၆၀၃၇ စုံ၊ လက်အိတ် ၈၈ တန်နှင့် နှာခေါင်းစည်း ၂၂၆၁ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင် အရည်(Bowser) ယာဉ်စုစုပေါင်း ၇၆ စီးတွင် ရန်ကုန်မြို့သို့ ၅၈ စီး၊ မန္တလေးမြို့သို့ ၁၁ စီး ၊ ပဲခူးမြို့သို့ နှစ်စီး ၊ မော်လမြိုင်မြို့သို့ လေးစီး၊ သထုံမြို့သို့ တစ်စီးဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း ၃၀ မှာ လားရှိုးမြို့သို့ ငါးခု၊ ရန်ကုန်မြို့သို့ လေးခု၊ ပဲခူးမြို့သို့ လေးခု၊ မန္တလေးမြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့နှင့် မိုးကောင်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာ ပစ္စည်းများပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၁၆ ရက်မှ ၂၂ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန် လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်) တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၁၃ ရက် နေ့စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ(Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**




ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာသည့်ယာဉ်ကို တွေ့ရစဉ်။



မြဝတီကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာမှုကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၆ မှ

၎င်းအပြင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုမဆို တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားခြင်းဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်သွားနိုင်ရန်အတွက် အလေးအနက်ထား လုပ်ဆောင်လျက်ရှိသည်။ ၎င်းအပြင် အာဆီယံ ဘုံသဘောတူညီချက် (၅) ချက်အား အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း ပြသသည့်အနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ခန့်အပ်မှုအား လက်ခံခဲ့ပြီး နိုင်ငံတကာနှင့်လည်း ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်အတွက် မိတ်ဝတ်မပျက် ရင်းနှီးနွေးထွေးစွာ ဆက်ဆံလျက်ရှိသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ တတိယလှိုင်းကာလတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲအတားအဆီးအမျိုးမျိုးတို့အား ကျော်ဖြတ်နိုင်အောင် ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ကာလရှည်နိုင်ငံ့စီးပွားရေးထိခိုက်နစ်နာခဲ့မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းလုပ်ဆောင်နေလျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုများကို NUG ကဲ့သို့ အဖွဲ့အစည်းများက လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန်အဖျက်အမှောင့်သတင်းများ ရေးသားဖြန့်ဝေကာ နိုင်ငံရေးလိုဘတစ်ခုအတွက် ကိုဗစ်–၁၉ ရောဂါအား လက်နက်သဖွယ်အသုံးပြုနေသည်မှာ NUG ၏ ရုပ်ဆိုးအကျည်းတန်စေသည့် အပြုအမူများဖြစ်သည်ကိုတွေ့မြင်ရ၏။ ထိုသူများအား နေရာတစ်ခုရရှိရေး အသိအမှတ်ပြုပါလျှင် ဆုတ်ယုတ်မှုတို့သာ ကြုံတွေ့လာရဖွယ်ရှိပေ၏။

ဒီမိုကရေစီစနစ်အား ခိုင်မာစေရန်နှင့် တိုင်းပြည်တိုးတက်စေရန်အတွက် ပညာတတ်များစွာရှိရန်လိုအပ်၏။ အဆင့်မြင့်ပညာရပ်များ လက်တွေ့ကျကျအားပေးရန်လိုအပ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များစွာ မွေးထုတ်ပေးရန် လိုအပ်သည်။ နိုင်ငံအတွင်း နိုင်ငံ့လူဦးရေ သုံးပုံတစ်ပုံခန့်သည် ပညာရေးနှင့် အလှမ်းဝေးလာသဖြင့် ပညာရေးခါးဆက်မပြတ်စေရန် ကျောင်းများပြန်လည်ဖွင့်လှစ်ကာ ပညာရည်မြှင့်တင်ရေးအား ကြိုးစားဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်ကလည်း NUG အနေဖြင့် ထိုအခြေအနေများကို မျက်ကွယ်ပြုပြီး တိုင်းပြည်၏အနာဂတ်ပျက်စီးစေမည့် အဖျက်လုပ်ငန်းများအား တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူအတွက် တည်ငြိမ်အေးချမ်းမှုရှိအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် အားသွန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာမျက်နှာစာတွင်လည်း နိုင်ငံနှင့်အုပ်ချုပ်သူအစိုးရ၊ နိုင်ငံသားတို့၏ ရပ်တည်ချက်၊ မျှော်မှန်းချက်၊ ဆောင်ရွက်ချက်များကို ကမ္ဘာကသိမြင်အောင် ကြိုးပမ်းအားထုတ်နေလျက်ရှိသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာအား ထိခိုက်စေသည့် ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုများအား လက်သင့်ခံမည့်အစိုးရမဟုတ်ပါချေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပုဂ္ဂိုလ်ရေးနှင့် ခေတ်အလိုက်၊ ခေတ်အကြိုက်လိုက်မည်မဟုတ်ဘဲ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လက်ရှိလျှောက်လှမ်းနေသည့် နိုင်ငံရေးလမ်းကြောင်းတွင် စေတနာသန့်သန့်ဖြင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲကင်းစွာ ပါဝင်လာမည်ဆိုပါက ပါဝင်ဆောင်ရွက်ခွင့် "နေရာ"ရမည်မှာ အမှန်ပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ထိပ်တိုက်ရင်ဆိုင်ရေးနှင့် အကျပ်ကိုင်ရေးကိုသာ တစိုက်မတ်မတ်ဦးတည်နေသော လုပ်ရပ်၊ ပြည်ပအင်အားကြီးနိုင်ငံများ၏အကူအညီဖြင့် ပိတ်ဆို့ဟန့်တားရေးလမ်းကြောင်းကို ဖန်တီးနေသောလုပ်ရပ်၊ ဆူပူအုံကြွမှုများနှင့် တိုင်းပြည်ပျက်စီးအောင်ကြံဆောင်နေသောလုပ်ရပ်၊ သောင်းကျန်းသူအဖျက်သမားများနှင့် စည်းဝါးရိုက်ပြီး မီးလောင်တိုက်သွင်းနေသော လုပ်ရပ် စသည်တို့ကို လုပ်ဆောင်နေလျှင် ၎င်းတို့၏အကျည်းတန်လုပ်ရပ်များသည် သမိုင်းမှတ်တမ်းဆိုးတစ်ခုအဖြစ် ကျန်နေပေလိမ့်မည်။ ၎င်းကဲ့သို့သော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အခွင့်အရေးရှိနိုင်တော့မည်မဟုတ်ပါ။ ကမ္ဘာ့နိုင်ငံအများစုက ယုံကြည်ကိုးစားရသောအဖွဲ့အစည်းကြီးအနေဖြင့်လည်း အကြောင်းအကျိုးတရားများအပေါ် ပကတိအခြေအနေအမှန်အတိုင်း စဉ်းစားချင့်ချိန်၍ မှန်ကန်သောလုပ်ရပ်တစ်ခုကို ချမှတ်လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါတော့၏။ ။

# ဇန်းမော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အသုံးပြုရန် အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေပေးအပ်

**ဇန်းမော် ဩဂုတ် ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဩဂုတ် ၁၂ ရက်တွင် ဗန်းမော်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ခရိုင်အတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အသုံးပြုရန် အထောက်အကူပြုပစ္စည်းများကို ဖြန့်ဝေပေးအပ်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နံနက် ၇ နာရီခွဲတွင် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက် ကုက္ကိုတောဈေး၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်းများကို ဖြန့်ဝေပေးအပ်ခဲ့ကြပြီး နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအကြောင်း အသိပညာပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အမှတ်(၂၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးကျော်သူနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဗန်းမော်မြို့နယ်နှင့် ရွှေကူမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအတွက် ဆန်အိတ် ၃၀၀ စီနှင့် ဗန်းမော်မြို့နယ်အတွက် ခွဲစိတ်ခန်းသုံးနှင့် N95 နှာခေါင်းစည်း ၁၁၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀၀၊ လက်အိတ် ၅၀၀၊ ပိုးသတ်ဆေး ၁၀ ပုံး၊ လက်ဆေးဆပ်ပြာရည် ၁၅၀၊ ဆပ်ပြာခဲ ၅၀၀၊ ရွှေကူမြို့နယ်အတွက် နှာခေါင်းစည်း ၁၆၅၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၀၊ လက်အိတ် ၇၀၀၊ ပိုးသတ်ဆေး ၁၅ ပုံး၊ လက်ဆေးရည်ဘူး ၂၀၀ နှင့် ဆပ်ပြာခဲ ၇၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ဗန်းမော်မြို့နယ်နှင့် ရွှေကူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် အခမ်းအနားတက်ရောက်လာကြသည့် အဖွဲ့အစည်းများအားလုံးအတွက် ထောက်ပံ့ငွေကျပ် ၆၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ပင်ရပ်ကွက်ရှိ တရုတ်ဘုံကျောင်းအတွင်း စေတနာ့ဝန်ထမ်းလူငယ်များ စုဖွဲ့၍ ဖွင့်လှစ်ထားသည့် အားနွဲ့သူကိုဖေးမကူပရဟိတအဖွဲ့၏ အခမဲ့ဆေးပေးခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အစုအဖွဲ့ဖြင့် ရောဂါပိုးစစ်ဆေးရှာဖွေပေးခြင်း၊ အခမဲ့ဆေးဝါးကုသပေးခြင်း၊ လူနာများအားနှစ်သိမ့်အားပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြပြီး ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ဗန်းမော်ပြည်သူ့ဆေးရုံကြီးအတွင်း ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအားရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး ငွေကျပ် ၄၁ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကာ ဆေးရုံဝင်းအတွင်း ကိုဗစ်အတည်ပြုလူနာဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ဗန်းမော်တက္ကသိုလ်နှင့် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကိုဗစ်-၁၉ အတည်ပြုလူနာများကို သီးသန့်ထားကုသပေးနေသည့် စေတနာ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဗန်းမော်မြို့ ကုန်းမဟတ်ကျေးရွာအုပ်စု ဖိုးဒေဝကျေးရွာ၌ သုညသုခပရဟိတ လူငယ်အသင်းမှ ဆောင်ရွက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိသည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအဝင်လမ်းဆောင်ရွက်ပေးနိုင်ရေးနှင့် စက်ရုံအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထရန်စဖော်မာထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြသီတာညွှဲ့ရိပ်သာ၌ မြို့နယ်အတွင်းရှိ ကြက်၊ ဝက်၊ နွားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသူများနှင့်တွေ့ဆုံပြီး မွေးမြူရေးလုပ်ငန်းများအတွက်တိရစ္ဆာန်အစာလုံလောက်ဖူလုံစွာရရှိရေး၊ ဈေးကွက်စနစ်တည်ငြိမ်မှန်ကန်စေရေး၊ စနစ်တကျမွေးမြူနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဗန်းမော်မြို့ သိရီမင်္ဂလာကန်ဦးကျောင်းတိုက်သို့သွားရောက်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသဝ ထံ ဆန် ၁၀ အိတ်နှင့် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်၊ အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာ၌ တက်ရောက်ကုသမှုခံယူနေသည့် ခတ်ခွဲအတည်ပြုပိုးတွေ့လူနာများအတွက် အလှူငွေကျပ်သိန်း ၃၀၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၂၅၀၀၊ လက်အိတ် အစုံ ၆၀၀၊ ရေမလို လက်သန့်ဆေးရည် ၂၄ ဘူး၊ အရက်ပြန် လီတာ ၂၀ နှစ်ပုံး၊ စားသောက်ဖွယ်ရာများ၊ ဂေါ်ရခါးလူငယ်ပရဟိတအသင်းသို့ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်ပစ္စည်းများအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိစေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များအတွက် အထောက်အကူပြုပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ၊ ပိုးသတ်ဆေးရည်များ၊ လက်သန့် ဆေးရည်များနှင့် အရက်ပြန်များကိုလည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့ရှိ မြို့ပေါ်ရပ်ကွက်များ၊ ကျုံပျော်မြို့ တေဇရပ်ကွက်နှင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၅၃၁ စုတို့အတွက် ဆန်အိတ်များကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ မေတ္တာအေးရိပ်နာရေးကူညီမှုအသင်းအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅ စုံနှင့် နှာခေါင်းစည်း ၅၀၀ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ရှိ ဆွေသဟာပရဟိတလူမှုကူညီရေးအသင်းသို့ အလှူငွေကျပ်သိန်း ၅၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၃၀၀၀၊ အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်နေ အိမ်ထောင်စု ၂၀၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



# နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တနန္ဒောဘာသ (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီးသည် သက်တော် (၁၀၀)နှစ် သိက္ခာတော် (၈၀)ဝါအရ ၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် (၁၄-၈-၂၀၂၁) ရက် (စနေနေ့) နံနက် ၁၀:၁၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ညောင်ကြပ်ပင်ရွာတွင် ခမည်းတော် ဦးရွှေတောင်၊ မယ်တော် ဒေါ်ငြိမ်းတို့မှ ၁၂၈၃ ခုနှစ် တပို့တွဲလဆန်း ၁ ရက် (စနေနေ့) တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်နေ့တွင် ရန်ကုန်မြို့ အင်းလျားဝေဠုဝန်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် ရန်ကုန်မြို့ အလုံရပ်နေ ဒေါ်စံပွင့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၃ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ကိုးထောင့်တောရကျောင်း ခဏ္ဍသိမ်၌ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ရတနာပုံဆန်စက်ပိုင်ရှင် ဒေါ်ဆောင်ပုံနှင့် သား ဦးစောဦးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက် ဒေါ်ဆင်အုဋ္ဌ်ကျောင်းစာချဆရာတော် ဘဒ္ဒန္တ ဇောတိက၊ ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရာမတိုက် ဘဒ္ဒန္တ ပညာသီဟ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဘဒ္ဒန္တ ပညာ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍညာ၊ဘဒ္ဒန္တနန္ဒဝံသ၊ကျိုက္ကလားပါဠိဆရာတော်၊ မန္တလေးမြို့ ခင်မကန်တိုက် စံကျောင်းဆရာတော်၊ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်၊တောင်သမန်တိုက် စာချအကျော် ဘဒ္ဒန္တ ကေသဝ စသော ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ပါဠိဘာသာဖြင့် ရရှိအောင်မြင်တော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ခြောက်ထပ်ကြီးဘုရားကြီးတိုက် စာသင်သားရဟန်း/ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပြုစုတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဘာဏကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ စေတိယင်္ဂဏစာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယစသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဍ္ဍနဂုဏ်၊ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၀) နှစ်၊ သိက္ခာတော်(၈၀)ဝါအရ ၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် (၁၄-၈-၂၀၂၁) ရက် (စနေနေ့) နံနက် ၁၀:၁၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**



# မော်လမြိုင်မြို့ ဆင်ဖြူစာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်း

မော်လမြိုင် ဩဂုတ် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်ကြီးများရှိ ဝါဆိုသံဃာတော်များ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ဆွမ်း၊ ကွမ်းအဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို လှူဒါန်းလျက်ရှိရာ မော်လမြိုင်မြို့ ဆင်ဖြူစာသင်တိုက် ဆရာတော်ကြီးထံသို့ ဆန် ၇၅ အိတ်၊ ဆီ ပိဿာ ၁၀၀ နှင့် ပဲပိဿာ ၂၀၀ တို့ကို မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးက ယနေ့တွင် ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းကိုးကျောင်းသို့ ဆန် ၂၃၉ အိတ်၊ ဆီ ၂၅၇ ပိဿာနှင့် ပဲ ၅၄၅ ပိဿာတို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **ငွေကြယ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေလင်ပန်းတောင် မနှင်းဆီတောရ ဘုန်းတော်ကြီးကျောင်းနှင့် ဖိတ်ဖိတ်ရောင် ဓမ္မလင်္ကာရသာယာကုန်းဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းတိုက်များရှိ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် လက်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များ၊ ပရဟိတကျောင်းများသို့ ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်-၁၉ စင်တာများသို့လည်း လိုအပ်သောဆေးဝါးနှင့် အင်အားဖြည့်အစားအစာများ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဝတ္ထုတို




**လင်းလက်ကြယ်(လက်ပံလှ)**

(၁)

လမ်းဘေးဝဲယာက တောတန်းကြီးကို ကြည့်ရင်း လင်းဝေ ပြုံးလိုက်မိတယ်။ အိမ်ခြေနဲ့ အလှမ်းဝေးတဲ့ တောတန်းလေးတွေက လင်းဝေအလုပ်အတွက် အဆင်ပြေဆုံးပဲ။

"မိုးကလည်း မတိတ်သေးဘူးနော် ကိုကို"

တစ်ယောက်တည်း အတွေးတွေနဲ့ နစ်မျောနေတဲ့အချိန် ဘေးနားက ညီမဖြစ်သူအပြောကြောင့် အတွေးများ ပျက်သွားကာ "အေးဟာ...ဒီနေ့ကျမှ မိုးက ရွာရတယ်လို့"

"ဟုတ်ပ့ါ ကိုကိုရယ်။ မိုးရွာမှတော့ ခရီးသွားတဲ့သူတွေ လာမှာမဟုတ်တော့ဘူး။ လာလည်း ရပ်ပ့ါမလား။ အဲဒါကြောင့် မလို့ ညီမလေးက မိုးရွာရင် အရမ်းမုန်းတာ"

ဆံပင်က စုတ်ဖွားဖွား၊ အင်္ကျီလေးက ပေတိပေစုတ်၊ အသားအရည်လေးက နေလောင်ထားတော့ သံချေးရောင်ပေါက်နေတဲ့ ညီမလေးကို ကြည့်ရင်း လင်းဝေ သနားမိတယ်။ ညီမလေးရဲ့ စကားကိုကြားရတော့ စိတ်ထဲက မကောင်း။ ဆယ်နှစ်ကျော် ကလေးလေးက ဘဝလောကဓံကြောင့် ရင့်ကျင့်တဲ့ စကားတွေပြောနေတာ။ ဒီလိုအရွယ်လေးဆိုတာ တီတီတာတာလေးနဲ့ ကျောင်းလိုက်နေရမှာ။ အခုတော့ ငယ်ငယ်ရွယ်နဲ့ လောကဓံကို အန်တုရင်း မျက်နှာသာမပေးတဲ့ ကံကြမ္မာကို မုန်းနေတာ။

ညီမလေးကိုလည်း အားနာနေမိတယ်။ အစ်ကိုဖြစ်သူက ဘာမှမလုပ်တတ်တော့ ညီမလေးပါ လင်းဝေရဲ့ အလုပ်ကို လိုက်လုပ်နေရတာ။ ပြန်တွေးကြည့်တော့ စိတ်မကောင်း။ လင်းဝေအနေနဲ့ ဖြစ်လာတဲ့ဘဝမှာ ဖြစ်သလိုရွေးလိုက်ရတဲ့ အလုပ်ဆိုတော့ ဘာမှမပြောနိုင်။ ဒီအလုပ်ကို စလုပ်တော့ ရေရှည်မလုပ်ဘူးလို့ ဆုံးဖြတ်ထားတာ။ မေမေနေကောင်းလာတဲ့အထိ လုပ်မယ်လို့ စိတ်ကူးထားတာ။ ဒါပေမဲ့ မေမေ့ရောဂါက နာတာရှည်လို ဖြစ်လာတော့ လင်းဝေလည်း ဒီအလုပ်ကို ဆက်လုပ်နေတော့တာ။

(၂)

လင်းဝေတို့အဖေက ညီမလေး လေးနှစ်သမီးလောက်မှာ ဆုံးသွားတာ။ အဖေဆုံးသွားတော့ မေမေက ဈေးရောင်းပြီး လင်းဝေတို့ကို လုပ်ကျွေးနေတာ။ လင်းဝေ ကိုးတန်းရောက်တော့ မေမေ့ ကျန်းမာရေးက ဖောက်လာတယ်။ ရိုးရိုးဖျားတာပဲဆိုပြီး မေမေက ဆေးမထိုးဘဲ သောက်ဆေးပဲသောက်နေတာ။ မေမေက သူ့စိတ်သူတင်းရင်း ဈေးဆက်ရောင်းနေတာ။ နောက်တော့ မေမေဟာ ရောဂါကို အန်မတုနိုင်တော့ဘဲ ဘုန်းဘုန်းလဲတော့တာ။ မေမေ ဘုန်းဘုန်းလဲတော့ လင်းဝေတို့လည်း အခြေပျက်ကုန်ရော။ အဖေဆုံးတုန်းက မေမေက ကျန်းမာနေတော့ လုပ်ကိုင်ကျွေးမယ့်သူ ရှိသေးတယ်။ အခုတော့ လင်းဝေတို့ အားကိုးနေရတဲ့ မြင်းမိုရ်တောင်ကြီးက မကျန်းမာတော့ လင်းဝေတို့ ဘဝတွေက ဖရိုဖရဲနဲ့။ မေမေ စဖြစ်တုန်းကတော့ ဆွေမျိုးတွေက ကူညီစောင့်ရှောက်ကြပါသေးတယ်။ တစ်ရက်မဟုတ်၊ တစ်လမဟုတ်ဆိုတော့ ဘယ်သူမှ မစောင့်ရှောက်နိုင်တော့ဘူး။ သူတို့လည်း သူတို့ဘဝတွေနဲ့ သူတို့ဆိုတော့ စိတ်ရှိပေမယ့် မကူညီနိုင်။ ကူသူမဲ့တဲ့ဘဝ ရောက်လာတော့ လင်းဝေလည်း ကျောင်းထွက်လိုက်တယ်။ မေမေ ကျန်းမာရေးကောင်းတုန်းက စုထားတာလေးတွေကလည်း ကုန်သလောက်ဖြစ်သွားပြီ။ မေမေကတော့ လင်းဝေတို့ မောင်နှမကိုကြည့်ပြီး စိတ်မကောင်းတွေဖြစ်လို့။ အဲဒီလိုဖြစ်လာလေလေ မေမေက သူ့ရောဂါကို ပိုပျောက်ချင်လေလေ။ ဒါပေမဲ့ မေမေ့ရောဂါက မပျောက်။ ဝင်ငွေကမရှိတော့ ဆေးကမကုနိုင်။ ဆေးကုဖို့နေနေသာသာ လင်းဝေတို့ စားဖို့တောင် အခက်အခဲဖြစ်လာခဲ့တယ်။ ဆွေမျိုးတွေဆီကို ချေးငှားရပေမယ့်လည်း နေ့တိုင်းဆိုတော့ ဘယ်သူမှ မချေးချင်ကြတော့ဘူး။ ပိုဆိုးတာက လင်းဝေတို့ကို ချေးရင် ပြန်မရတာကများမှာ။ ဘာဖြစ်လို့လည်းဆိုတော့ လင်းဝေတို့မှာ အလုပ်အကိုင်က မရှိဘူးလေ။ နောက်တော့ လင်းဝေလည်း ဝင်ငွေရဖို့အတွက် အလုပ်လုပ်ဖို့ စိတ်ကူးလိုက်တယ်။ အလုပ်လုပ်မယ်စိတ်ကူးပေမယ့် ဘာအလုပ်လုပ်ရမှန်းမသိ။ မေမေ့လို ဈေးလိုက်ရောင်းရအောင်လည်း ဈေးကမရောင်းတတ်။ အချိန်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်သွားပေမယ့် လင်းဝေ လုပ်ရမယ့်အလုပ်က အဖြေမထွက်။ အလုပ်အတွက် စဉ်းစားနေပေမယ့် ဆန်အိုးထဲက အိုးခြစ်သံက ပတ်ဝန်းကျင်တောင် ကြားနေလောက်ပြီ။

"ကိုကိုရော မိုးရွာတာကို မမုန်းဘူးလား"

"မမုန်းဘဲ နေပ့ါမလား ညီမလေးရယ်။

(၃)

ဘဝအတွက် အခက်အခဲ ဖြစ်တဲ့အခါ ကိုယ့်ရဲ့ ဝမ်းရေးအတွက် အနှောင့်အယှက်ပေးတဲ့အရာကို မုန်းသွားတာ လူ့သဘာဝပဲ ထင်တယ်။ မိုးရွာတာကို ညီမလေး မုန်းတာလည်း မပြောနဲ့လေ။ အခု လင်းဝေတို့ လုပ်မယ့်အလုပ်က မိုးရွာတဲ့အခါ အဆင်မပြေဘူး။ မိုးရွာတော့ ခရီးသွားလာတဲ့သူတွေက နည်းသွားတယ်။ မိုးရွာထဲမှာ သွားလာနေတဲ့သူတွေကလည်း တခြားသူရဲ့ ဒုက္ခကို ဂရုစိုက်မှာ မဟုတ်ဘူး။ အရင်တုန်းက အခုလို မိုးရွာရင်တောင် လင်းဝေတို့အတွက် လမ်းစရိတ်နဲ့ ထမင်းဖိုးတော့ ရသေးတယ်။ အခုတော့ သိပ်မရတော့ဘူး။ မိုးရွာတဲ့နေ့ဆိုရင် လာခဲ့ရတဲ့ ဆိုင်ကယ်ဆီဖိုးတောင် မရဘူး။ လင်းဝေတို့ အလုပ်ကလည်း နှစ်ကြာလာတော့ အရင်လို အဆင်မပြေတော့ဘူး။ သွားနေကြတဲ့သူ တော်တော်များများက လင်းဝေတို့ မောင်နှမကို သိနေကြပြီ။ အခုတော့ ခရီးအဝေးကြီးက လာတဲ့သူတွေကိုပဲ ပစ်မှတ်ထားပြီး လုပ်ကိုင်နေရတာ။ သူများပစ္စည်းကို ခိုးတာမဟုတ်ပေမယ့် ဒီအလုပ်လုပ်နေတာကို မေမေသိရင် လက်ခံမှာမဟုတ်ဘူး။ မကောင်းပေမယ့်လည်း လင်းဝေတို့အတွက် အဆင်ပြေနေတာ။ ဒီအလုပ်ကလည်း ဘာမှမပင်ပန်း။ ဆိုင်ကယ်အစုတ်လေး တစ်စီးရှိရင် အဆင်ပြေနေပြီ။ ဘဝင်မြင့်မြင့် ပြန်တွေးကြည့်ရင် ဒီအလုပ်ကို စတီထွင်တဲ့ ကိုယ့်ကိုယ်ကိုယ်တောင် စွန့်ဦးတီထွင်သူလို့ လင်းဝေ တွေးလိုက်မိတယ်။ သူများတွေက လှေကြီးထိုးရိုးရိုးတွေသွားနေကြတော့ လင်းဝေတို့လောက်လည်း ဝင်ငွေမရ။ လူတိုင်းရဲ့ အထင်သေးခြင်းလည်း ခံရသေးတယ်။ ဒီအလုပ်ကိုစလုပ်ဖို့ ဖြစ်တည်လာတာကလည်း ဘဝပေးအခြေအနေကြောင့်။ လုပ်ဖို့ အကြံရတာလည်း မထင်မှတ်ထားတဲ့ အတွေ့အကြုံတစ်ခုကြောင့်ရခဲ့တာ။ အဲဒီနေ့က အဖေမဆုံးသေးဘူး။

အဖေနဲ့ လင်းဝေ ခရီးတစ်ခုကို ဆိုင်ကယ်နဲ့သွားတော့ လမ်းမှာ ဆိုင်ကယ်ဆီပြတ်ရော။ ဆိုင်ကယ်ဆီပြတ်တော့ ဆိုင်ကယ်တွန်းသွားရတယ်။ ခရီးကလည်းဝေး၊ အိမ်ခြေကလည်းပြတ်ဆိုတော့ အဖေလည်း ပင်ပန်းလာပြီ။ အဲဒါနဲ့ အဖေက ဆိုင်ကယ်ကို ဘေးရပ်ပြီး ဆိုင်ကယ်ကြုံစောင့်နေလိုက်တယ်။ လာတဲ့ဆိုင်ကယ်တွေကို အဖေတားတော့ ဘယ်သူမှ မရပ်ကြဘူး။ မရပ်ဆို လူပြတ်တဲ့နေရာဆိုတော့ တော်တော်တန်တန်လူတွေက မရပ်ဘူး။ ကူညီချင်ရင်တောင် သူတို့အန္တရာယ်ဖြစ်မှာဆိုးလို့ မရပ်ကြတာ။ အဲဒါနဲ့ အဖေက သူမတားတော့ဘဲ လင်းဝေကို တားခိုင်းတာ။ လင်းဝေတားတဲ့အချိန် ပထမတစ်စီးတုန်းကတော့ မရပ်ဘူး။ ကြည့်ပြီးမောင်းသွားတာ။ နောက်တစ်စီးလာတော့ ရပ်ပေးတယ်။ အဲဒီအချိန် အဖေက ဆိုင်ကယ်အနားကနေ ရောက်လာပြီး အကျိုးအကြောင်း ပြောပြတယ်။ ရပ်ထားတဲ့ ဆိုင်ကယ်သမားကလည်း အဖေ့စကားဆုံးတော့ သူ့ဆိုင်ကယ်ထဲက ဆီကို ထုတ်ပေးပြီး ကူညီလိုက်တာ။ အဲဒါမှ လင်းဝေတို့လည်း ခရီးဆက်ရတာပဲ။

အခုတော့ အဲဒီအတွေ့အကြုံလေးကို အသုံးချပြီး မေမေနေမကောင်းတဲ့ တစ်လျှောက်လုံး လင်းဝေလုပ်နေတာ။ မေမေနေမကောင်းတော့ စားဖို့အတွက်ရော၊ ဆေးဖိုးရော လိုအပ်လာတော့ မေ့မေ့ ဆိုင်ကယ်အစုတ်လေးကို အသုံးချပြီး လုပ်ကိုင်နေတာ။ ပထမတုန်းကတော့ ရှက်တတ်တတ်ရယ်။ နောက်တော့လည်း ကျွမ်းကျင်လာတယ်။ ဒီမန္တလေး-မိုးကုတ်လမ်းမကြီးဟာ လင်းဝေအတွက်တော့ ငွေရှာရာနေရာ ဖြစ်လာတယ်။ နောက်ပိုင်းတော့ လင်းဝေတစ်ယောက်တည်း မလုပ်တော့ဘူး။ ညီမလေးပါ ခေါ်ပြီးလုပ်တော့တယ်။ ညီမလေးကိုလည်း ပြောဆိုရမယ့် စကားတွေကို သေချာသင်ပေးထားတာ။ ညီမလေးက ဉာဏ်ကောင်းတယ်။ လင်းဝေပြောသလို လုပ်နိုင်တယ်။

ညီမလေး စပါတဲ့နေ့ကဆိုရင် ပိုက်ဆံတော်တော် ရလိုက်တယ်။ ညီမလေးရဲ့ပုံစံ ပြောဆိုပုံ လေးကြောင့်ထင်တယ်။ ရာသီဥတုသာယာရင်တော့ ဆိုင်ကယ်လေးကို ကားလမ်းဘေးလေးမှာ ထိုးရပ်ပြီး ဆိုင်ကယ်ပျက်ချင်ယောင် ဆောင်လိုက်တယ်။ လင်းဝေကတော့ ဆိုင်ကယ်ဘေးလေးမှာ ထိုင်နေလိုက်တယ်။ ညီမလေးကတော့ ကားလမ်းဘေးလေးရပ်ပြီး လာသမျှ ဆိုင်ကယ်တွေကို အကူအညီတောင်း၊ တခြားသူတွေရဲ့ ကိုယ်ချင်းစာမေတ္တာတရားတွေက လင်းဝေတို့အတွက်တော့ ဝင်ငွေဖြစ်နေတာ။ လင်းဝေက ဆိုင်ကယ်ပျက်သလို ဟန်ဆောင်၊ ညီမလေးက အကူအညီတောင်း၊ ပိုက်ဆံလေးတွေရတော့ လင်းဝေတို့ဝမ်းရေးလေးစိုပြေလို့၊ အဲဒီလိုလုပ်ဖို့အတွက်က လူသူမနီး၊ အိမ်ခြေမနီးမှ အဆင်ပြေတာ။ ဒါမှ လင်းဝေတို့အကူအညီတောင်းတဲ့ ခရီးသွားတွေက သူတို့တတ်နိုင်သလောက် ပိုက်ဆံလေးတွေ ပေးသွားတယ်။ အကူအညီတောင်းရတဲ့ ခေါင်းစဉ်ကတော့ အမျိုးမျိုးပြောရတာ။ အဲဒါကလည်း ညီမလေးရဲ့ ကျွမ်းကျင်မှုအပေါ်မှာ မူတည်တယ်။ လုပ်စားတာ ကြာလာတော့ လင်းဝေတို့ လုပ်ကွက်ကို တချို့က သိကုန်ပြီ။ ခါတိုင်းဆို နေ့တိုင်းလုပ်ပေမယ့် အခုနောက်ပိုင်း ရက်ခြားပြီး လုပ်နေရတာ။

အရင်လိုလည်း လမ်းပေါ်မှာသွားတဲ့ သူတိုင်းကို မတားတော့ဘူး။ တကယ် ခရီးသွားတဲ့သူတွေ၊ အသက်ကြီးကြီး လူကြီးတွေကိုတားပြီး အကူအညီတောင်းရတယ်။ အဲဒီလိုလူတွေကမှ ပေးတော့တာ။ တချို့ကြတော့လည်း မရပ်ကြဘူး။ ဒီနေ့လည်းနားရက်ပြီးလို့ ထွက်လာမှ မိုးကရွာလာတယ်။ အရင်လို အခြေအနေ မကောင်းပါဘူးဆိုမှ မိုးက ရွာနေတာ။ ဒီနေ့အတွက် ဝင်ငွေမရရင် နောက်ရက်ဆက်ထွက်ရဦးမှာ။ အဲဒါကြောင့် ညီမလေးက မိုးရွာတာကို မုန်းနေတာ။

"အား... ကိုကိုရေ... နာတယ်.. နာတယ်.."တွေးနေရာမှ အသံတစ်ခုကြောင့် ညီမလေးကို လှည့်ကြည့်လိုက်တယ်။ လင်းဝေရဲ့ဘေးမှာ ညီမလေးမရှိတော့ဘူး။ ဘယ်အချိန်ကတည်းက ညီမလေး ထွက်သွားမှန်းမသိ။

"ကိုကို ရေ... လာပါဦး" မိုးဖွဲဖွဲလေးတွေထဲကနေ ထွက်ပေါ်လာတဲ့ ညီမလေးရဲ့ အသံကြောင့် လင်းဝေ ထူပူသွားတယ်။ လင်းဝေတို့ မိုးခိုနေတဲ့ ဇရပ်အနောက်နားဆီက တောတန်းလေးထဲက ညီမလေး အသံထွက်ရာနေရာကို လင်းဝေပြေးလိုက်တယ်။

(၄)

တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် မျက်လုံးတွေ ပြာသွားတယ်။ မိုးစိုစိုနဲ့ သစ်ရွက်တွေဘေးမှာ ခွေခွေလေးလဲနေတဲ့ ညီမလေးကိုတွေ့လိုက်ရတယ်။ ညီမလေးကို ပြေးပြီး ပွေ့မလိုက်တယ်။

"ညီမလေး"လင်းဝေခေါ်သံကြောင့် ညီမလေးက မျက်လုံးလေးကို အားယူဖွင့်ပြီး "ကိုကို မြွေမြွေ" ညီမလေးက သူ့ခြေထောက်ကို ထိုးပြရင်း ပျော့ခွေသွားတယ်။ လင်းဝေလည်း အင်္ကျီကိုချွတ်ပြီး ညီမလေး ပြတဲ့နေရာရဲ့ အထက်ကို ချည်လိုက်တယ်။ ညီမလေးကိုလည်း ပွေ့ချီပြီး ဇရပ်ရှိရာကို ပြေးလိုက်တယ်။

(၅)

"ဦးလေး..ဦးလေး ကျွန်တော့်ညီမလေး ပိုးထိလို့ ကျွန်တော့်ကို ကူညီပါဦး"

မိုးတွေရွာနေတဲ့ ကြားထဲကနေ ကားလမ်းပေါ်မှာသွားနေတဲ့ ဆိုင်ကယ်တွေ၊ ကားတွေကို တားနေပေမယ့် တစ်စီးမှ မရပ်ကြဘူး။ သူတို့ရဲ့ အကြည့်တွေက လင်းဝေကို မယုံသလို။ သူတို့ယုံအောင်လို့ ဇရပ်အပေါ်မှ လဲနေတဲ့ ညီမလေးရော၊ ဇရပ်ဘေးမှာရပ်ထားတဲ့ ကာဗာမပါတဲ့ ဆိုင်ကယ်လေးရောပြပေမယ့် မရ။ မိုးရွာကြီးထဲ အရူးတစ်ယောက်လို ငိုကြွေးရင်း လာသမျှလူတွေ အကူအညီတောင်းနေတာ။ ဒါပေမဲ့ အရာမရောက်။ အရင်တုန်းက ဟန်ဆောက်ပျက်ခဲ့တဲ့ လင်းဝေ ဆိုင်ကယ် အစုတ်လေးက ညီမလေး ပိုးထိမှ တကယ်ပျက်နေတာ။ အရင်တုန်းက အကူအညီရခဲ့တဲ့ ကားတွေဆိုင်ကယ်တွေက အခုတော့မရခဲ့ဘူး။ လင်းဝေ ညီမလေးရှိရာ ဇရပ်ဆီကိုပြေးပြီး ညီမလေးကို ထမ်းကာ မိုးရွာကြီးထဲ ပြေးထွက်လိုက်တယ်။ နားထဲမှာလည်း သူတားပေမယ့် မကူညီခဲ့တဲ့ လူတွေရဲ့ စကားတွေကို ပြန်ကြားနေရတယ်။

"ဘာလဲ ကောင်လေး၊ ဒါနောက်တစ်နည်းလား။ အရင်တုန်းက ငါတို့က မင်းတို့ တကယ်ဒုက္ခရောက်တယ်ထင်ပြီး ကူညီခဲ့တာ။ ဒါပေမဲ့ မင်းက ငါတို့ မေတ္တာတရားတွေကို အသုံးချနေတာ။ ဒီနေ့တော့ တော့တာကောင်လေး။ ငါတို့က ဒီလမ်းပေါ် သွားနေကြတွေ"

စိုးရိမ်စိတ်နဲ့ သောကတွေကြောင့် ပြေးနေတဲ့ခြေလှမ်းတို့က နှေးနေသလို။ မိုးကလည်း အငြိုးကြီးစွာနဲ့ လင်းဝေတို့ အပေါ်ကို သွန်ချနေတာ။ စိတ်ထဲကနေ ညီမလေး ဘာမှမဖြစ်ပါစေနဲ့လို့ လင်းဝေ ဆုတောင်းနေလိုက်တယ်။ ။

ဆောင်းပါး

# လူငယ်နှင့် လူကြီးကြားက လူမှုဆက်ဆံရေး

လင်းနွေးအိမ်

လူသားများ၏ အခန်းကဏ္ဍကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ကလေး၊ လူငယ်၊ လူကြီး ဟူ၍ အကြမ်းဖျင်းထွက်ပေါ်လာပေသည်။ အသက်အရွယ် အပိုင်းအခြား အလိုက်ပိုင်းခြားထားခြင်းနှင့်အတူ အနေအထိုင် အပြုအမူများလည်း မတူညီကြပေ။ ထိုသို့ မတူညီမှုများထဲတွင် စိတ်သဘောထားချင်း မတူညီခြင်းက အဆိုးရွားဆုံးပြဿနာတစ်ခု ဖြစ်လာခဲ့သည်။

ကလေးဆိုသည့်အရွယ်က အပူအပင်ကင်းကင်းဖြင့် အသိပညာ၊ အတတ်ပညာများကို လေ့လာသင်ယူသော ကာလဖြစ်သည်။ ကစားပျော်ပါးခြင်းများဖြင့် အချိန်တန်စား၊ အချိန်တန်အိပ်ဆိုသလိုပင်။ လေးလေးနက်နက်ဟူ၍ ခေါင်းထဲမှာမထားတတ်သေး။ ပေါ့ပေါ့ပါးပါး နေထိုင်တတ်၏။

အသက်အရွယ် အတန်အသင့်ရရှိလာပြီဖြစ်သော လူငယ်များတွင်မူ ငါဆိုသည့်မာန်မာနများရှိလာတတ်ပြီ ဖြစ်၏။ အကြောင်းအရာကိစ္စတစ်ခုခုအပေါ် လက်တွေ့ကျကျ ပြုမူချင်၏။ ဖြစ်လိုသည့်ဆန္ဒများကို ရည်ရွယ်ချက်ရှိရှိဖြင့် အကောင်အထည်ဖော်နေတတ်၏။ ဤသည်မှာ လူငယ်များ၏ သဘောထားတချို့ ဖြစ်သည်။

လူကြီးအရွယ်သို့ ရောက်ရှိနေသူများတွင် ဘဝ၏ အတွေ့အကြုံများမှာ အင်မတန်မှ များပြားနေပြီဖြစ်၏။ ထို့ကြောင့် မိမိတွေ့ကြုံခဲ့မှုများဖြင့် အရာရာကို တိုင်းတာတတ်၏။ ရှေ့ရေးကို မြော်တွေးကာ ပူပန်ခြင်း၊ ကြိုတင်ပြင်ဆင်တတ်ခြင်းတို့ကို ပြုမူနေ၏။ ထိုအရွယ်တွင် အပျော်အပါးဟူသည်ကို အဓိကမထားတော့။ သားသမီးအရေး စီးပွားရေးနှင့် ဘာသာရေးကိစ္စများကိုသာ အလေးပေးဆောင်ရွက်ကြ၏။

လူ့လောက လူသားကမ္ဘာမှာ အရေးကိစ္စများကဖြင့် အင်မတန်မှ မြားမြောင်လှပေသည်။ စီးပွားရေးအတွက် ကြိုးစားရှာဖွေကြရသလို ပညာရေးအတွက်လည်း လေ့လာဆည်းပူးကြရပြန်သည်။ လူမှုရေးကိစ္စရပ်တစ်ခုဖြစ်သည့် ဆက်ဆံရေးနယ်ပယ်တွင် အချင်းချင်း သင့်မြတ်အောင်လည်း နားလည်မှုတွေထားရှိကြရပေသည်။ မှန်ကန်သောအပြော၊ မှန်ကန်သည့်လုပ်ရပ်များဖြင့် ဆက်ဆံရေးနယ်ပယ်မှာ အများနှင့် လိုက်လျောညီထွေမှုရှိအောင် ပြုမူနေထိုင်ကြရသည်။ ကျွန်တော် ယခုတင်ပြလိုသော အကြောင်းအရာမှာ ဆက်ဆံရေးနယ်ပယ်မှ လူငယ်နှင့်လူကြီးများကြားက သဘောထားကွဲလွဲနေမှု ဖြစ်သည်။

ထိုအကြောင်းကို ပြောဖို့ဆိုလျှင်"ခေတ်" ဆိုသည်ကား မပါမဖြစ်ပါပေမည်။ ခေတ်ကာလဆိုသည်က အချိန်နှင့်အမျှ ရွေ့လျားပြောင်းလဲနေ၏။ ယနေ့ကလေးဖြစ်နေသူဟာ နောင်အနှစ်နှစ်ဆယ် အချိန်တွင် လူငယ်ဘဝသို့ ရောက်ရှိလာမည်ပင်။ ကလေးဘဝကို ပြန်မရနိုင်တော့သလို မိမိငယ်စဉ်ကလေးဘဝက ဖြစ်စဉ်များမှာလည်း အချိန်ကာလတစ်ခုနှင့်အတူ ကျန်နေခဲ့ပေမည်။ ငယ်စဉ်အခါတုန်းက မိမိ၏စားသောက်နေထိုင်မှုများနှင့် ယနေ့အချိန် စားသောက်နေထိုင်မှုများဟာဖြင့် မတူညီတော့ပါ။ ထမင်းကို ထင်းမီးဖြင့်ချက်ရာမှ လျှပ်စစ်မီးဖိုပေါ်မှာ ချက်ပြုတ်လာကြခြင်း၊ ဟိုနားဒီနားသွားလိုလျှင် စက်ဘီးကို အသုံးပြုလာရာမှ ကားများ မော်တော်ဆိုင်ကယ်များကို အသုံးပြုလာခြင်း၊ ထို့အပြင် မိမိတို့ငယ်စဉ်ကလေးဘဝအရွယ်က မစွမ်းဆောင်နိုင်သည့် ကိစ္စရပ်များ၊ မကြားဖူးခဲ့သော ကိစ္စရပ်များကို ယနေ့ကလေးများက စွမ်းဆောင်နိုင်သည်ကိုလည်း မြင်တွေ့ကြရ၏။ ခေတ်ကာလပြောင်းလဲမှုနှင့်အတူ တိုးတက်ကောင်းမွန်လာမှုမှာ များစွာရှိနေသလို ဆိုးကျိုးများလည်း ရှိနေသည်ပင်။ ဤသည်မှာ စိတ်ပိုင်းဆိုင်ရာနှင့် သက်ဆိုင်သည့် ဆိုးကျိုးတစ်ခုဖြစ်၏။ ယခင်တုန်းက လူသားများသည် အလုပ်ကို ကြိုးစားပမ်းစားလုပ်ဆောင်တတ်ကြသော်လည်း ယနေ့ခေတ်မှာတော့ ရေသာခိုအချောင်လိုက်တတ်သည့် စိတ်ထားများ ပေါ်ပေါက်လာတော့၏။ "ဟီရိဩတ္တပ" ဟူသည့် အရှက်အကြောက်တရားများလည်း ကင်းဝေးလာကြ၏။ ရိုးရာယဉ်ကျေးမှုများ တဖြည်းဖြည်းချင်း ကွယ်ပျောက်လာ၏။ ဤသည်မှာ ခေတ်ကာလပြောင်းလဲလာမှုမှ အတုယူမှားယွင်း၍ ရရှိလာသောဆိုးကျိုးများဖြစ်သည်။

ခေတ်ရေစီးကြောင်းပေါ်၌ လူသားအားလုံး စီးမျောနေကြရင်း သဟဇာတကွဲလွဲမှုများဖြစ်ပေါ်လာသည်။ လူငယ်များ လက်ဝယ်ရှိနေသည့် ခေတ်ကာလကို လူကြီးများက သဘောမကျတတ်။ တကယ်တော့ လူကြီးအများစု၏ မသိစိတ်ထဲတွင် ခေတ်ကာလပြောင်းလဲလာမှုကို လက်မခံချင်။ ရောက်မသွားအောင် ထိန်းသိမ်းပေးမှုဖြင့် လူငယ်များ ဖြစ်ချင်သည့်ဆန္ဒများကို မြေတောင်မြှောက်ပေးစေချင်ပါသည်။

လူငယ်များအနေဖြင့်လည်း လူကြီးများအား ခေတ်နောက်ကျ ကျန်နေခဲ့ပြီဟူသော ဆင်ခြေမပေးစေချင်။ လူမှုဘဝကို မိမိတို့ထက် ဖြတ်သန်းလာမှုကြာခဲ့ပြီဖြစ်သော လူကြီးများ၏ အတွေ့အကြုံများမှ ယူသင့်သည်များကိုလည်း ယူကြရပေမည်။ လေးစားမှုရှိကြရမည်။ အသက်ကြီးလျှင် တစ်နည်းသာ ဆိုသည့်အတိုင်း လူ့လောကကို မိမိတို့ထက် အရင်စောစီးစွာရောက်နေကြသည့် လူကြီးများသည် မိမိတို့ထက် အတွေ့အကြုံသာသည်ပင်။ တစ်ဆက်တည်းမှာပဲ နားလည်စိတ် မွေးမြူထားရမည်။ အမှားတစ်ခုကို ကိုယ်တိုင်ကြုံတွေ့ဖူးသူက ဒါအမှားဟု

> **တကယ်တော့ လူငယ်နှင့်လူကြီးများကြားမှာ နားလည်မှုရှိရန် အမှန်ပင် လိုအပ်နေသည်။ လူငယ်များဘက်ကလည်း အရာရာတွင် စောဒကမတက်ပါဘဲ လူကြီးများ၏ စေတနာကို အသိအမှတ်ပြုပေးကြရမည်။ ထို့နောက် စဉ်းစားရမည်။ ချင့်ချိန်ဝေဖန်တွေးတောရမည်။ ပြီးမှ မှန်ကန်သောဆုံးဖြတ်ချက်ကို ချမှတ်မည်ဆိုပါက မှားယွင်းဖွယ်ရာ မရှိတော့။ လူကြီးများဘက်ကလည်း တစ်နေ့ထက်တစ်နေ့ မတူညီတော့သည့် ခေတ်အခြေအနေများကို သိမြင်ကာ နောက်ဆက်တွဲဖြစ်လာမည့်အကြောင်းတရားများကို ထိထိမိမိတွေးမြင်တတ်ကြရမည်**

ရွာတစ်ရွာတွင် လူကြီးတစ်ဦးက လူငယ်များကို ပြောဆိုနေသည့် စကားချို့ကို ကျွန်တော်ကြားနာခဲ့ရဖူးသည်။

"မင်းတို့ ခေတ်မှပဲကွာ။ အား,အားရှိ လိုင်းပေါ်တက်မယ်။ လျှောက်လည်မယ်နဲ့။ တို့ငယ်ငယ်တုန်းက မင်းတို့လို နေရဖို့ အဝေးကြီး။ တစ်နေ့ကုန်တစ်နေ့ခန်းတောထဲမှာ အလုပ်လုပ်ကြရတာ။ ညရောက်တယ်ဆို စားသောက်ပြီး အိပ်ကြတာပဲ"

"ဦးလေးတို့ ခေတ်တုန်းက စက်ပစ္စည်းတွေ မထွန်းကားသေးဘူးလေ။ အခုကျ စက်ပစ္စည်းတွေနဲ့ပဲ အလုပ်လုပ်ကြရတော့ လူတွေ သက်သာလာတာပေါ့။ ညပိုင်း စောစောမအိပ်ဘူးဆိုတာကလည်း ရန်ကုန်တို့လို မြို့ကြီးပြကြီးတွေရဲ့ စတိုင်လ်ကို အတုယူထားတာဗျ"

"ကောင်းပွဲကွာ။ ဟိုဟာက ရန်ကုန်။ ဒါက တောဆိုတာလည်း သိထားကြဦး။ နောက်ပြီး အဲဒီစက်ပစ္စည်းတွေ ထွန်းကားလာမှုကြောင့် လူပျင်းလူညံ့တွေ ပိုပြီး ပေါ်များလာရတာပေါ့"

ဤသည်မှာ ခေတ်ဆိုသည်ကို လူငယ်ဘက်က အမြင်နှင့် လူကြီးဘက်က အမြင်ဖြစ်ပါသည်။ ရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုကြခြင်း ဖြစ်၏။ သို့သော် ခေတ်ဆိုသည်က ကြားခံပစ္စည်းတစ်ခုအဖြစ် လူငယ်နှင့်လူကြီးကို ခြားနားပေးလိုက်ခြင်း ဖြစ်သည်။ ယနေ့အချိန်တွင်သိသိသာသာမြင်တွေ့လာရသည်မှာ လူငယ်များ၏ ဆန္ဒကို လူကြီးများက ငြင်းပယ်လာကြခြင်း ဖြစ်သည်။ ဤသည်မှာ ဆိုးရွားသည့်ပြဿနာကို ဖြစ်ပေါ်စေသည်ပင်။ လူငယ်တစ်ယောက် ပြုမူနေသည့် အပြုအမူများကို လူကြီးများက မိမိတို့၏ ကြုံတွေ့ခဲ့ရမှု ပေတံဖြင့် တိုင်းတာကာ အမျိုးမျိုးဝေဖန်ချက်ထုတ်ကြ၏။ သင်ခန်းစာပေးခြင်းတော့ မှန်ပါသည်။ သို့သော် မတူညီတော့သည့် ခေတ်အခြေနှင့်အတူ နားလည်ပေးသင့်သည်များကို နားလည်ပေးစေချင်ပါသည်။ ငါတောင် ဒီလိုတွေ မလုပ်ခဲ့ဖူးတာဘဲ ဆိုသည့်အချက်တစ်ခုတည်းဖြင့် ဝေဖန်မှုက ငါ့လိုပဲ ငါ့လောက်ပဲ ရှိနေရမည်ဟု ရည်ရွယ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အသိအမြင်များ ပိုမိုတိုးတက်လာပြီဖြစ်သော ယနေ့ခေတ်လူငယ်များအပေါ် လမ်းမှားပြောလာလျှင် အသိဉာဏ်ပညာကို အသုံးပြုကာ လက်ခံပေးသင့်သည်ကို လက်ခံပေးတတ်ရမည်။ ကိုယ်တိုင် စမ်းသပ်နေရန် အချိန်မရှိသလို မှားမှန်းသိနေပါလျက် စမ်းသပ်နေဦးမည်ဆိုပါက မိမိသည် မိုက်မဲသူသာ ဖြစ်တော့မည်။

တကယ်တော့ လူငယ်နှင့်လူကြီးများကြားမှာ နားလည်မှုရှိရန် အမှန်ပင် လိုအပ်နေသည်။ လူငယ်များဘက်ကလည်း အရာရာတွင် စောဒက မတက်ပါဘဲ လူကြီးများ၏ စေတနာကို အသိအမှတ်ပြုပေးကြရမည်။ ထို့နောက်စဉ်းစားရမည်။ ချင့်ချိန်ဝေဖန်တွေးတောရမည်။ ပြီးမှ မှန်ကန်သောဆုံးဖြတ်ချက်ကို ချမှတ်မည်ဆိုပါက မှားယွင်းဖွယ်ရာ မရှိတော့။ လူကြီးများဘက်ကလည်း တစ်နေ့ထက်တစ်နေ့ မတူညီတော့သည့် ခေတ်အခြေအနေများကို သိမြင်ကာ နောက်ဆက်တွဲဖြစ်လာမည့်အကြောင်းတရားများကို ထိထိမိမိ တွေးမြင်တတ်ကြရမည်ပင်။ အကျိုးရလဒ်မှာ အဆိုးဘက်ကို ဦးတည်မနေပါက နားလည်ပေးသင့်သလောက် နားလည်ပေးရမည် ဖြစ်သလို တိုးတက်မှုဖြစ်နေပါကလည်း အားပေးအားမြှောက် ပြုကြရပါမည်။ ငါကလူငယ်ပဲ ငါကလူကြီးပဲ ဟူသည့် ပညတ်ချက်ကြီးကို တရားသေစွဲကိုင်မထားသင့်။ အကြောင်းအရာ အချက်အလက်အပေါ်မူတည်၍ ပြောဆိုတတ်ကြရပေမည်။ လူကြီးများသည် မိမိတို့ခေတ်ကာလ မဖွံ့ဖြိုးမတိုးတက်ခဲ့မှုများဆီမှ ယနေ့ခေတ်ကာလမှာ တိုးတက်ဖွံ့ဖြိုးလာမှုများ အရှိန်အဟုန်ပြင်းပြင်း ရှိနေစေရန် ဆန္ဒရှိရပါမည်။ သို့မှသာ အနာဂတ်အတွက် အားကိုးအားထားဖြစ်စေမည့် လူငယ်များကိုလည်း မြေတောင်မြှောက်ပေးရာ ရောက်ပေမည်။ ထို့ကြောင့် လူငယ်နှင့်လူကြီးများကြား၌ လိုအပ်သော ကြားခံတစ်ခုဖြစ်သည့် နားလည်မှုကို နှစ်ဦးနှစ်ဖက်စလုံးက အပြန်အလှန်ထားရှိကာ လူမှုဆက်ဆံရေးနယ်ပယ်၌ အဆင်ပြေချောမွေ့မှုများဖြင့် အလှဆင်နိုင်ကြပါစေ။ ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ မှန်ကန်စွာ လျှောက်လှမ်းနိုင်ကြပါစေ။ နားလည်မှုများဖြင့် သာယာလှပသော လူနေမှုဘဝကို တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

## သီလဆောက်တည် ကောင်းမှုရည်

❖ ထူးမြတ်လှတဲ့ ဝါတွင်းခါ
သီလဆောက်တည်ပါ။
ဖြူစင်စေတနာ စိတ်မှာထား
ကောင်းကျိုးကုသိုလ်ပွား။

❖ စုပေါင်းအားနဲ့ ဆင်နွှဲပြန်
ရိုးရာမပျက်အမှန်။
ဒါနဝေလျှံ မျှော်ရည်မှန်း
ဝါဆိုမြတ်သင်္ကန်း။

❖ ချမ်းသာသုခ အစစ်ရှာဖွေ
အဝေးမကြည့်စေ။
မိမိကိုယ်လေ တိုက်ကာကျွေး
တရားအမြိုက်ဆေး။

❖ အေးချမ်းလှတဲ့ ချိန်ခါဝယ်
ကုသိုလ်ရန့်ကြွယ်။
ချစ်ခင်စဖွယ် မြတ်ဓလေ့
စောင့်ထိန်းကြပါပေ့။

ခဲတန်

## စာဖတ်ကြစို့ လူငယ်တို့

✻ နိုင်ငံ့အကျိုး မြင့်မားအောင်
လူငယ်များစွမ်းဆောင်။
အမိပြည်ထောင် ဖွံ့ဖြိုးရေး
တာဝန်ရှိတယ်လေး။

✻ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေ
များများဖတ်စာပေ။
ပညာတတ်တွေ များပြားမှ
နိုင်ငံကြီးလှပ။

✻ ကိုယ်စွမ်းကိုယ်စ ပါဝင်ကူ
နိုင်ငံ့ဂုဏ်ကိုထူ။
လေ့လာနည်းယူ တိုင်းတစ်ပါး
ကောင်းမှတ်စံယူထား။

✻ စာတွေများများ ဖတ်မှကွယ်
အသိဉာဏ်တွေကြွယ်။
တိုးတက်မှုဝယ် အံ့မခန်း
အမှားအမှန် သိမြင်လှမ်း
စာပေရဲ့အစွမ်း။

စျာန်လေး(ပညာရေး)

# ဆရာကြီး စည်သူ ဒေါက်တာကျော်စိန်၏ ဘဝနှင့်စာပေ

**ရီဝေဝေလှိုင် (စာပေဗိမာန်)**

(ယမန်နေ့မှအဆက်)

**တက္ကသိုလ်မြေမှာ အနေကြာ**

ဆရာကြီးသည် ငယ်စဉ်က ပဲခူးမြို့ ဗိုင်းဂနိုင်းတောင်ပိုင်း ဝက်ပါလမ်းတွင် မိသားစုနှင့်အတူ နေထိုင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် ရန်ကုန်တက္ကသိုလ်သို့ ကျောင်းသားအဖြစ် စတင်ရောက်ရှိခဲ့ရာ စစ်ကိုင်းဆောင်တွင် လေးနှစ်တာ နေထိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်နယ်မြေတွင် တက္ကသိုလ်ကျောင်းသားဘဝ၊ သရုပ်ပြဆရာဘဝမှ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်သည်အထိ ရာထူးအဆင့်အလိုက် အိမ်ရာအမျိုးမျိုးဖြင့် နေထိုင်လာခဲ့သည်။ အိမ်ထောင်လည်းကျခဲ့ပြီး သားသမီးသုံးယောက်သည်လည်း ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းမှာပင် လူလားမြောက်ခဲ့ကြသည်။

၁၉၈၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နေအိမ်တွင် နေထိုင်ခဲ့သည်။ အလုပ်မှ အငြိမ်းစားယူပြီးနောက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် မွေးဖွားရာဇာတိ ပဲခူးမြို့တွင် အသက် ၁၈ နှစ်တာ ကာလမျှသာနေထိုင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ၃၅ နှစ်ကြာမျှ နေထိုင်ခဲ့သည်ဖြစ်ရာ ဆရာကြီး အနေကြာခဲ့ပြီး ပျော်မွေ့ခဲ့သည်မှာ ရန်ကုန်တက္ကသိုလ်ပရဝုဏ်အတွင်းသာ ဖြစ်ပေသည်။


**လူမှုရေး၊ နိုင်ငံရေးတာဝန်များ**

ဆရာကြီးသည် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်နေစဉ်တွင် အခြား လူမှုရေး၊ နိုင်ငံရေးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံသုတေသနအသင်း၏ အတွင်းရေးမှူးတာဝန်နှင့် တက္ကသိုလ်အနုပညာအသင်း၏ ပြဇာတ်တာဝန်ခံလည်းဖြစ်ရာ ကျောင်းဆင်းချိန် ညနေပိုင်းတွင် အဖွဲ့ဝင်ဆရာများ၊ တပည့်များနှင့် ဇာတ်စာဖတ်ခြင်း၊ ဇာတ်တိုက်ခြင်းတို့ ပုံမှန်ပြုလုပ်ခဲ့သည်။ ဆရာကြီးကိုယ်တိုင်လည်း ရန်ကုန်တက္ကသိုလ် ဘာသာပေါင်းစုံ မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် ကပြဖျော်ဖြေခဲ့သည့် "ဘိလပ်ပြန်မောင်သောင်းဖေ" ပြဇာတ်တွင် ဝတ်လုံတော်ရ မောင်သောင်းဖေအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာ လူကြိုက်များ ကျော်ကြားခဲ့သည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ်၏ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် ပဒေသာကပွဲတွင် ဆရာကြီး ဦးစီးဆောင်ရွက်ရသည့် ကိုလိုနီပညာရေး ဆန့်ကျင်သည့် ပြဇာတ်ဖြစ်သော ၁၃၀၀ ပြည့် အရေးတော်ပုံပြဇာတ်မှာလည်း လူကြိုက်အများဆုံးဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရန်ကုန်တက္ကသိုလ် လမ်းစဉ်လူငယ်အစည်းအရုံး (ဝိဇ္ဇာ)၏ ဥက္ကဋ္ဌ၊ ကမာရွတ်မြို့နယ် စာပေလုပ်သားအဖွဲ့၏ ဥက္ကဋ္ဌ စသည့်တာဝန်များကိုလည်း ဆောင်ရွက်ခဲ့သည်။

**ပထမခြေလှမ်း**

ဆရာကြီး ဒေါက်တာကျော်စိန်က လူငယ်လမ်းညွှန်စာအုပ်တွင် "ဤစာရေးသူကား ၁၀ တန်းအောင်၍ တက္ကသိုလ်တွင် ပထမ၊ ဒုတိယနှစ်များသို့ ရောက်သည်အထိ တိကျသောရည်မှန်းချက် မရှိသေးပေ။ စာရေးဆရာ၊ အယ်ဒီတာ၊ ကျောင်းဆရာ၊ အုပ်ချုပ်ရေးဝန်ထမ်း စသည်ဖြင့် အမျိုးစုံလုပ်ချင်နေ၏။ ဂျာနယ်ကျော်ဦးချစ်မောင်ကို အားကျ၍ စာရေးရင်း အယ်ဒီတာလုပ်လို၏။ မန်းတင်ကို အားကျ၍ အုပ်ချုပ်ရေးဝန်ထမ်းလုပ်ရင်း စာရေးလို၏။ ခေတ်စမ်းကဗျာဆရာတို့ကို အားကျ၍ တက္ကသိုလ်ဆရာလုပ်ရင်း စာရေးလို၏။ သို့သော် တကယ့် ပထမခြေလှမ်းကိုမူ ဘီအေအောင်ပြီးသည့်အခါတွင်မှ စဖြစ်၏။

အတိအကျဆိုရပါမူ ၁၉၅၄ ခုနှစ် ဇွန်လဆန်းပိုင်းတွင် ပါမောက္ခဒေါက်တာလှဘူးနှင့် ဌာနမှူး ဒေါက်တာ လှသွင်တို့က စိတ်ပညာဌာနတွင် နည်းပြဆရာဝင်လုပ်ရင်း မဟာဝိဇ္ဇာတန်းဆက်တက်ဖို့ တိုက်တွန်းနှိုးဆော်သည့်အခါတွင်မှ ဘဝရည်မှန်းချက်ပန်းတိုင် ပေါ်လာ၏။ 'ငါသည် တက္ကသိုလ်ဆရာဘဝဖြင့် ကြီးပွားတိုးတက်အောင်မြင်အောင် ဆောင်ရွက်တော့အံ့' ဟု စိတ်ကိုဆုံးဖြတ်ကာ လခ ၃၀၀ စား နည်းပြဆရာအဖြစ် ပထမဆုံးသောခြေလှမ်းကို စတင်လိုက်၏။ ထိုအချိန်မှစ၍ စိတ်ပညာတွင် အထွတ်အထိတ်ရောက်ရေးအတွက် ဉာဏ်၊ ဝီရိယတို့ကို အစွမ်းကုန်ထုတ်၍ သုံးစွဲခဲ့၏။ ကံကလည်းလိုက်သောကြောင့် နိုင်ငံခြားပညာတော်သင်အဖြစ် အရွေးခံခဲ့ရ၏။ ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇွဲ၊ လုံ့လ အကူအညီဖြင့် ပါရဂူဘွဲ့ရခဲ့၏။ ဤကား စာရေးသူ၏ ကိုယ်တွေ့ ပထမခြေလှမ်း ဇာတ်လမ်းပင်တည်း"ဟု ဖော်ပြထားရာ ဆရာကြီး၏ ဇွဲ၊ လုံ့လ၊ ဝီရိယရှိပုံများကို



ဆရာကြီး ဒေါက်တာကျော်စိန်

လေးစားအတုယူဖွယ် သိရှိရပါသည်။

**စိတ်ပညာဆိုင်ရာ စာပေများ**

ဆရာကြီး ရေးသားခဲ့သည့် စာအုပ်တစ်အုပ်စီတိုင်းတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများအပေါ် ထားရှိသည့် ဆရာကြီး၏ မေတ္တာ၊ စေတနာများမှာ ထင်ရှားပေါ်လွင်လှပါသည်။ ၎င်းစာအုပ်များထဲမှ အချို့ကို ဖော်ပြရလျှင်–


**စိတ်ပညာသမိုင်းကျမ်းစာအုပ်**

ဆရာကြီးသည် ၁၉၆၆ ခုနှစ် ပါရဂူဘွဲ့ရပြီးစချိန်ကတည်းက မိမိကို ပညာတော်သင်အဖြစ် ငွေကုန်ကြေးကျခံကာ နိုင်ငံခြားသို့ စေလွှတ်ပေးသော အမိနိုင်ငံတော်ကို မိမိတတ်မြောက်သောပညာဖြင့် ကျမ်းသုံးစောင်ပြုစု၍ ကျေးဇူးဆပ်လိုသောဆန္ဒ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် စိတ်ပညာသမိုင်းကျမ်းကို ရေးသားပြုစုခဲ့သည်။ ယင်းသို့ရေးသားရာတွင် ဆရာကြီး၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ၂၀ ရာစုနှစ်တွင် ဖွံ့ဖြိုးခဲ့သော စိတ်ပညာအကြောင်း၊ စိတ်ပညာ၏ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုပုံ၊ စိတ်ပညာရှင်တို့၏ လူသားဆန်သော လှုပ်ရှားပြုမူမှုများ အကြောင်းကို မြန်မာစာဖတ်ပရိသတ် နားလည်သဘောပေါက်စေလိုသောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရသော် စိတ်ပညာသမိုင်းတည်းဟူသော စင်တော်ကြီးတွင် လှုပ်ရှားပါဝင် ကပြခဲ့ကြသော ရုရှား၊ ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန် စသည့် စိတ်ပညာရှင်များ၏ အခန်းကဏ္ဍကို ပီပီပြင်ပြင် မြင်စေလိုသောဆန္ဒကြောင့် ဖြစ်သည်။ စိတ်ပညာရှင်တို့၏ သီအိုရီ၊ အယူအဆနှင့် အဆိုအမိန့်များကိုတင်ပြရင်း ထိုသူတို့၏ ဘဝဇာတ်ကြောင်းကိုလည်း တစေ့တစောင်း အကဲခတ်နိုင်စေရန် ရည်ရွယ်ရေးသားထားခြင်း ဖြစ်သည်။ ဆရာကြီး၏ နိုင်ငံတော်အပေါ် ကျေးဇူးသိတတ်မှုကို တွေ့မြင်ရသဖြင့် ဂုဏ်ယူလေးစားမိပါသည်။ ယနေ့ခေတ် နောင်လာနောက်သား ကျောင်းသားလူငယ်များအတွက် အတုယူစရာ စံနမူနာပင် ဖြစ်ပါသည်။

**ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံနည်းများစာအုပ်**


ဆရာကြီးက ကျွန်ုပ်တို့၏ လူ့လောကပတ်ဝန်းကျင်တွင် တွေ့ဆုံပေါင်းသင်းမှု ပြုနေရသော လူအားလုံးနှင့် အဆင်ပြေစွာ ဆက်ဆံနိုင်ရန်အတွက် Ursula Markham ၏ How to deal with difficult people ဆိုသည့် မူရင်းစာအုပ်ကို "ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံနည်းများ" ဟူ၍ ဘာသာပြန်ဆို ရေးသားခဲ့သည်။ ဘဝတွင် တစ်ချိန်မဟုတ် တစ်ချိန်ဆိုသလို ပေါင်းသင်းရခက်သူတို့နှင့် တွေ့ထိဆက်ဆံကြရမည်ဖြစ်ရာ ပြဿနာတစ်မျိုးမျိုး တက်စေနိုင်သောကြောင့် သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံတတ်ရန်၊ ကောင်းကျိုးများရရှိစေရန် ရည်ရွယ်၍ ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၂၃ သို့ ☆










- ❖ **ဆရာကြီးသည် ၁၉၆၆ ခုနှစ် ပါရဂူဘွဲ့ရပြီးစချိန်ကတည်းက မိမိကို ပညာတော်သင်အဖြစ် ငွေကုန်ကြေးကျခံကာ နိုင်ငံခြားသို့ စေလွှတ်ပေးသော အမိနိုင်ငံတော်ကို မိမိတတ်မြောက်သောပညာဖြင့် ကျမ်းသုံးစောင်ပြုစု၍ ကျေးဇူးဆပ်လိုသောဆန္ဒ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် စိတ်ပညာသမိုင်းကျမ်းကို ရေးသားပြုစု**
- ❖ **ဆရာကြီး၏ နိုင်ငံတော်အပေါ် ကျေးဇူးသိတတ်မှုကို တွေ့မြင်ရသဖြင့် ဂုဏ်ယူလေးစားမိပါသည်။ ယနေ့ခေတ် နောင်လာနောက်သား ကျောင်းသားလူငယ်များအတွက် အတုယူစရာ စံနမူနာပင်ဖြစ်**

☆ စာမျက်နှာ ၂၂ မှ

လူတို့သည် ရန်လိုသူ၊ ကျိုးနွံသူ၊ ယတိပြတ်သူ စသည်ဖြင့် စိတ်ထားအမျိုးမျိုး ရှိကြသည့်အနက် မိမိကိုယ်တိုင် မည်သည့်လူအမျိုးအစားထဲတွင် ပါဝင်နေသနည်း၊ ပေါင်းသင်းဆက်ဆံရေး မှားယွင်းနေမှုများကို မည်ကဲ့သို့သိမြင်နိုင်မည်နည်း၊ ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေအောင် ဆက်ဆံနိုင်ရန် မည်သည့်နည်းလမ်းများ ရှိသနည်း ဆိုသည်ကို ထိုစာအုပ်ထဲတွင် ဥပမာအကြောင်းအရာများနှင့် သိမြင်လိုက်နာဖွယ် အကျယ်တဝင့် ရေးသားထားသည်။ ပြည်တွင်းအဆင့်မှ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်များအထိ လုပ်ငန်းနယ်ပယ် ဖြန့်ကြက်လိုသူများအတွက် အတိုင်းအတာကြီးမားစွာ အထောက်အကူပေးနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ပတ်ဝန်းကျင်ရှိလူအားလုံးနှင့် အဆင်ပြေစွာ ဆက်ဆံနိုင်ပြီး ထိုသူတို့ကို စည်းရုံးခေါင်းဆောင်နိုင်သူဖြစ်ရေးအတွက် အဓိကရည်ရွယ်သည်။ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ဦးဆောင်လှုပ်ရှားနေကြသည့် လူငယ်၊ လူလတ်များအတွက် အားထားလက်ကိုင်ပြုစရာ စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ဆရာကြီး၏ တိုင်းပြည်အနာဂတ် ခေါင်းဆောင်များအတွက် အမြော်အမြင်ကြီးမားစွာ စေတနာရှေ့ထား ဆောင်ရွက်ပေးမှုပင် ဖြစ်ပါသည်။




### လူငယ်လမ်းညွှန်စာအုပ်

ဆရာကြီး ရေးသားခဲ့သည့် လူငယ်လမ်းညွှန် စာအုပ်သည် လူသားတိုင်း မဖြစ်မနေ ဖြတ်သန်းလာခဲ့ရသော လူငယ်ဘဝနှင့်ပတ်သက်၍ ဖခင်တစ်ဦးအနေဖြင့်လည်းကောင်း၊ ဆရာတစ်ဦးအနေဖြင့်လည်းကောင်း၊ မိတ်ဆွေတစ်ဦးအနေဖြင့်လည်းကောင်း၊ ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်းကောင်း အတွေ့အကြုံရှိပြီးသော လူကြီးတစ်ယောက်က လူငယ်အားလုံးအတွက် ရည်စူး၍ မိမိ၏ စာတွေ့၊ လက်တွေ့ဘဝနှင့်ယှဉ်သော အတွေ့အကြုံများကို ကိုးကားကာ လမ်းညွှန်ထားသည့် စာအုပ်တစ်အုပ် ဖြစ်သည်။

ထို့ပြင် ဤစာအုပ်သည် ကျန်းမာသော လူငယ်တစ်ယောက်၊ ပညာတတ် ပညာတော် လူငယ်တစ်ယောက်၊ ဘာသာတရားကိုင်းရှိုင်း၍ လူမှုဆက်ဆံရေး ပြေပြစ်ရည်မွန်သူ လူငယ်တစ်ယောက်၊ မကောင်းသောအလေ့အထများကို ပယ်ရှားကာ မျိုးချစ်စိတ်ရှိ၍ အမျိုးသားနိုင်ငံရေးကို နားလည်သဘောပေါက်သူ လူငယ်တစ်ယောက်၊ မိမိ၏ ကြီးပွားတိုးတက်ရေးအတွက် အစဉ်ကြံဆနေပြီး အိမ်ထောင်ရေးကိစ္စကိုလည်း လက်တွေ့ကျကျ စဉ်းစားအကောင်အထည်ဖော်တတ်သော လူငယ်တစ်ယောက် ဖြစ်စေရေးအတွက် နည်းကောင်းလမ်းမှန်တို့ကို ညွှန်ပြသော စာအုပ်ဖြစ်ပါသည်။

ဆရာကြီး၏ စေတနာကား ကိုယ့်နိုင်ငံသား လူငယ်များကို ကမ္ဘာ့စံချိန်တင် ကျန်းမာစေလို၏။ ပညာထက်စေလို၏။ နိုင်ငံရေးဗဟုသုတ ကြွယ်ဝစေလို၏။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်စေလို၏။ လူကောင်းလူသန့် ဖြစ်စေလို၏။ ကြီးပွားတိုးတက်စေလို၏။ သာယာသော အိမ်ထောင်တစ်ခုကို ပိုင်ဆိုင်စေလို၏။ ထိုသို့သော စေတနာတို့ဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ စေတနာများမှာ အတိုင်းအဆမရှိ အကန့်အသတ်မရှိ ကြီးမားများပြား နက်ရှိုင်းလှပါဘိ။

ဆရာကြီး ဒေါက်တာကျော်စိန်သည် ၁၉၅၇ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးမြို့ စိန်ပန်းရပ်ဇာတိဖြစ်သူ ဒေါ်တင်တင်အေးနှင့် အိမ်ထောင်ပြု၍ ဆံဖြူ သွားကျိုး၊ ရိုးမြေပြာကျ၊ ကွယ်လွန်သည်အထိ စွဲစွဲမြဲမြဲ အိမ်ထောင်တည်မြဲခဲ့သူ ဖြစ်သည်။ သားသမီးသုံးယောက်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် မြေတောင်မြှောက်ပေးနိုင်ခဲ့သော ဖခင်ကောင်းတစ်ယောက်လည်း ဖြစ်ပေသည်။ တပည့်လက်သားများအပေါ် ထောက်ထားစာနာ ညှာတာတတ်သော ဆရာကောင်းတစ်ဆူလည်း ဖြစ်ပါပေသည်။ ဆရာကြီးသည် အသက် ၈၁ နှစ်အရွယ် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် အိမ်အမှတ် ၃၄၊ သီရိမင်္ဂလာလမ်း၊ ကုန်းမြင့်ရိပ်သာ၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ကျွန်ုပ်မှ စာတည်းတာဝန်ဖြင့် စာပေဗိမာန်သို့ ရောက်ရှိချိန်တွင် ဆရာကြီး၏ စာပေလက်ရာများ၊ ဆရာကြီး၏မိတ်ဆွေ ဆရာ၊ ဆရာမကြီးများထံမှ တစ်ဆင့် သိရသည့် စာပေစေတနာများနှင့်သာ ရင်းနှီးခွင့် ရရှိခဲ့ပါသည်။ ဆရာကြီးသည် စာပေဗိမာန်၏ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထဲထဲဝင်ဝင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့သည်များကိုလည်း သိရှိရပါသည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်အဖြစ်လည်းကောင်း၊ မြန်မာ့ရည်ညွှန်းကျမ်း စိစစ်ရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ စာပေဗိမာန်၏ စာတမ်းဖတ်ပွဲများတွင် သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

စိတ်ပညာနှင့် အလှမ်းဝေးသည့် ကျွန်ုပ်မအတွက် ဆရာကြီး၏ စာပေများကို ဖတ်ရှုရခြင်းကြောင့် အသိပညာများ တိုးပွားလာရပါသည်။ အပြင်စွဲ၊ အတွင်းစွဲ၊ စိတ်စွဲ၊ စိတ်ချောက်ချား စသည်ဖြင့် ထူးခြားဆန်းပြားသည့် ကိုယ်ရည်ကိုယ်သွေးခြင်းရာ လက္ခဏာများအကြောင်း၊ အစ်၊ အီဂို၊ ဆူပါ အီဂို စသည့်စိတ်ခွဲပညာရှင်တို့၏ ဝေါဟာရများအကြောင်း၊ စိတ်၏ ထူးခြားလေးနက်ပုံများအကြောင်းမှာ လွန်စွာမှ အံ့ဩဖွယ်၊ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ အရာရာကို စိတ်ကသာ လွှမ်းမိုးထားသည်ဖြစ်ရာ လူ့ဘဝတိုတိုလေးအတွင်း စိတ်အကြောင်းမသိဘဲ အသက်ရှင်နေထိုင်ရပါက လူဖြစ်ကျိုးမနပ် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်မတို့နှင့်အတူ နောင်လာနောက်သားများ သိရှိစေရန် စိတ်၏ သဘောသဘာဝတို့ကို လေးလေးနက်နက် အသေးစိတ်ရှင်းပြ ရေးသားထားသည့် ဆရာကြီး၏ စာအုပ်များကို ဖတ်ရှုခွင့်ရသည့်အတွက် များစွာ အကျိုးကျေးဇူး ကြီးလှပါသည်။ ဗဟုသုတများစွာ ရရှိပါသည်။ ဆရာကြီးကို လေးစားအားကျမိပါသည်။ စာပေဗိမာန်တွင် ဆရာကြီးနှင့် တွေ့ဆုံ ပညာယူရခဲ့သော် ကောင်းလေစွဟု အတွေးဝင်မိပါသည်။




မြန်မာစာပေ ဖွံ့ဖြိုးအောင်၊ မြန်မာနိုင်ငံသားတို့ အသိပညာ မြင့်မားအောင်၊ ရရှိလာသည့် လူ့ဘဝကို အဓိပ္ပာယ်ရှိရှိ နေထိုင်တတ်အောင် မေတ္တာစေတနာ အပြည့်ဖြင့် စာပေများ ရေးသားလမ်းညွှန်ပေးခဲ့သည့် ဆရာကြီး ဒေါက်တာကျော်စိန်သာ သက်ရှိထင်ရှား ရှိနေမည်ဆိုပါက ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့သည် ဆရာကြီး၏ အသက် ၈၉ နှစ်ပြည့် မွေးနေ့ ဖြစ်ပေလိမ့်မည်။ ဆရာကြီးရေးသားသည့် စိတ်ပညာဆိုင်ရာ စာအုပ်စာပေများလည်း ယခုထက် ပိုမိုများပြားစွာ ထွက်ရှိလာမည်မှာ မလွဲကေန် ဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်။ တန်ဖိုးမဖြတ်နိုင်သော စိတ်ပညာဆိုင်ရာ ပညာရပ်များ၊ အတွေးအခေါ်ဆိုင်ရာ ပညာရပ်များနှင့် သုတရသ စာပေပညာရပ်များအကြောင်း ပျံ့နှံ့အောင်ရေးသားဖြန့်ဝေပေးခဲ့သည့် ဆရာကြီး၏ဂုဏ်ကျေးဇူးများကို အောက်မေ့သတိရတမ်းတရင်း ဆရာကြီးကို လက်စုံမိုး၍ ရှိသေစွာ ရှိခိုးကန်တော့လိုက်ပါသည်။ ။

**စာကိုး**

(၁) ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် စာစောင် အတွဲ (၁)
(၂) ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု လက်ကမ်းစာအုပ်၊ စာပေဗိမာန်
(၃) ရာပြည့် ဦးစိုးညွှန့်၊ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀ (အတ္ထုပ္ပတ္တိအကျဉ်း)
(၄) မောင်ခေတ်ထွန်း၊ "မြသီလာသို့ အလွမ်းပြေ" (ရန်ကုန်တက္ကသိုလ်ရာပြည့်)၊ အမှတ်-၂၊ မြန်မာတိုင်း သတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်။
(၅) ဆရာကြီး ဒေါက်တာကျော်စိန် ရေးသားခဲ့သော စာအုပ်များ

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ အသွားအလာ ကန့်သတ်စောင့်ကြည့်စင်တာများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၈၂ ဦးနှင့် အမျိုးသမီး ၁၅၅ ဦး စုစုပေါင်း ၃၄၇ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၆ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၂၀၂ ဦးနှင့် အမျိုးသမီး ၁၆၁ ဦး စုစုပေါင်း ၃၆၃ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၆၄ ဦးနှင့် အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၉၈ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။



အထက်ပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ နှင်းယွန်းဇေတဝန်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒက (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့တွင် ခမည်းတော် ဦးဟန်စီ၊ မယ်တော် ဒေါ်တင်လှတို့မှ ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ် ကဆုန်လဆန်း ၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ နှင်းယွန်းဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလ္လကို ဥပဇ္ဈာယ်ပြု၍ ဒေါ်စိန်၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၉ ခုနှစ် ကဆုန်လဆန်း ၃ ရက်နေ့တွင် ဘိုကလေးမြို့ သီရိမင်္ဂလာစံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တ စိတ္တရကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့နေ ဦးသင်၊ ဒေါ်ကြင်နုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ နှင်းယွန်းဇေတဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တ ကောသလ္လ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တ သောဘိတနှင့် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ အာစာရ စသော ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**


ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်း၊ နှင်းယွန်းဇေတဝန်ကျောင်းတိုက်၌ စာသင်သားရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ထန်းတပင်မြို့နယ် ပါဠိပထမပြန်စာမေးပွဲ၏ နာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒါစရိယ စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ခမာ၊ ဓာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (၁၃-၈-၂၀၂၁)ရက် (သောကြာနေ့) နံနက် ၁၀:၁၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၁၄-၈-၂၀၂၁)ရက် (စနေနေ့)တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနကျင်းပခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။



**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ဇရပ်ကြီးမြို့ နှင်းယွန်းဇေတဝန်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒက ဘဝနတ်ထံ ပျံလွန်တော်မူ

**ထန်းတပင် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ နှင်းယွန်းဇေတဝန်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဣန္ဒက (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (၁၃-၈-၂၀၂၁)ရက် (သောကြာနေ့) နံနက် ၁၀:၁၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၄-၈-၂၀၂၁ ရက် (စနေနေ့)တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနကျင်းပခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။



**သွားရောက်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ သို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၀ နှင့် Flow Meter ၃၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငပုတောမြို့နှင့် ကြံခင်းမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ Oxygen Concentrator နှစ်လုံး၊ Oxygen Flow Meter သုံးခု၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၃ လုံးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်ရှိ သုဂတိရှင်နာရေး ကူညီမှုအသင်းရုံး၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် အလှူငွေကျပ် သိန်း ၅၀၀၊ တောင်သာမြို့ အမှတ်(၆)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၌ အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေကျပ် သိန်း ၁၀၀ နှင့် မြင်းခြံမြို့ အမှတ်(၁၃)ရပ်ကွက် မင်းကျောင်းတိုက်ရှိ အာယုပါလကုသိုလ်ဖြစ် ဆေးခန်း၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀ တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့ ပြည်သူ့ဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၅ လုံး တို့ကိုလည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေး အဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**တိုးမြှင့်တပ်ဆင်လည်ပတ်**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အောက်ဆီဂျင်စက်ရုံများကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အောက်ဆီဂျင်စက်ရုံများကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးအတွင်းရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေနတ်တောင်ရေသန့်စက်ရုံဝင်းအတွင်းရှိ ရွှေ့လျားအောက်ဆီဂျင်ထုတ်စက်ရုံ စတင်လည်ပတ်ထုတ်လုပ်မှုနှင့် Liquid အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှုကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြောင်းပုလဲမြို့သစ်ရပ်ကွက်ရှိ အောက်ဆီဂျင်စက်ရုံမြေနေရာသို့ စက်ရုံသုံးပစ္စည်းများ ရောက်ရှိလာမှုကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ အေးရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်ရှိ သုဂတိရှင်နာရေးကူညီမှုအသင်းရုံး၊ တောင်သာမြို့ အမှတ်(၆)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာနှင့် မြင်းခြံမြို့ အမှတ်(၁၃)ရပ်ကွက် မင်းကျောင်းတိုက်ရှိ အာယုပါလကုသိုလ်ဖြစ်ဆေးခန်း၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှုနှင့် စတင်ဖွင့်လှစ်လည်ပတ်နေမှုကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့အထွေထွေရောဂါကု ဆေးရုံကြီးအတွင်းရှိ အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှုကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒဂုံဆိပ်ကမ်းနှင့် လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်များမှ အလုပ်သမားများအား ကာကွယ်ဆေးထိုးနှံပေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinovac)ထိုးနှံပေးနေပြီဖြစ်ရာ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်မှုဇုန်များမှ အလုပ်သမား ၃၄၅ ဦးအား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီရုံး ကနောင်ခန်းမ၌ လည်းကောင်း၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် နိုင်ငံ့ဝန်ထမ်းပေါင်း ၁၆၂ ဦးအား မြို့နယ်ဆေးရုံ၌ လည်းကောင်း ယနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"ဒဂုံဆိပ်ကမ်းမြို့နယ်မှာ အလုပ်သမားဦးရေစာရင်းတွေကောက်ယူထားတာရှိပြီး စက်မှုဇုန်ကြီးကြပ်ကနေ ပေးထားတာကတော့ ခန့်မှန်းအလုပ်သမား ၆၁၀၀ ကျော်လောက်ရှိပါတယ်။ ကျွန်မတို့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဆေးထိုးအဖွဲ့သုံးဖွဲ့နဲ့ တစ်ရက်ကို အလုပ်သမား ၅၀၀ ကနေ ၇၀၀ ကြားလောက်အထိကို ကာကွယ်ဆေးထိုးနှံပေးဖို့လျာထားပါတယ်။ တနင်္လာနေ့ကျရင်တော့ အလုပ်သမားပေါင်း ထောင်ကျော်ရှိတဲ့ စက်ရုံပေါင်းသုံးရုံက အလုပ်သမားတွေအတွက် ကာကွယ်ဆေးထိုးနှံဖို့ကို စက်ရုံတွေက နေရာပေးမှာဖြစ်တာကြောင့် ဒီထက် လူဦးရေပိုပြီးတော့ ကာကွယ်ဆေးထိုးနှံပေးနိုင်တော့မှာဖြစ်သလို စက်မှုဇုန်ကြီးကြပ်ရေးကော်မတီရုံး ကနောင်ခန်းမမှာလည်း ကာကွယ်ဆေးထိုးနှံပေးသွားမှာ ဖြစ်ပါတယ်" ဟု ဒဂုံဆိပ်ကမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူယာကျော်(ကုသ)က ပြောသည်။



ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်မှုဇုန်များမှ အလုပ်သမားများအား ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ လက်ရှိကောက်ယူထားသောအလုပ်သမားဦးရေစာရင်းအရ အလုပ်သမား ၈၀၀၀ ကျော်ရှိနေကြောင်းသိရပြီး ဩဂုတ် ၁၃ ရက်မှစတင်၍ အလုပ်သမားများအား ကာကွယ်ဆေးစတင်ထိုးနှံပေးလျက်ရှိရာ ယင်းနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ အလုပ်သမား ၄၂၀ နှင့် ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အလုပ်သမား ၁၂၇၄ ဦးအား ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ယနေ့နံနက် ၉ နာရီမှစတင်၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို စက်မှုဇုန်(၄)ရှိ Decoland စက္ကူနှင့်စာရေးကိရိယာထုတ်လုပ်သည့် စက်ရုံ၊ ရွှေယမုံဂျပ်ပုံးများထုတ်လုပ်သည့် စက်ရုံ၊ ဇုန်(၁)ရှိ UPG အိမ်သုတ်ဆေးထုတ်လုပ်သည့် စက်ရုံ၊ ဇုန်(၆)ရှိ Golden Sea ပင်လယ်စာထုတ်လုပ်သည့်စက်ရုံတို့၌ အဖွဲ့လေးဖွဲ့ခွဲ၍ လည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး၌ အဖွဲ့တစ်ဖွဲ့က လည်းကောင်း စုစုပေါင်း အဖွဲ့ငါးဖွဲ့ခွဲ၍ ကာကွယ်ဆေးထိုးနှံပေးခဲ့ရာ အဆိုပါဆေးထိုးနှံရာနေရာများသို့ အမှတ်(၁)စစ်ဒေသမှူးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ကွင်းဆင်းကြည့်ရှုအားပေး၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - စိုးမြင့်အောင်**

**ဓာတ်ပုံ -ဒဂုံဆိပ်ကမ်း TMO**

## အနုပညာ

# ၂၀၂၁ ခုနှစ်အတွင်း ကြည့်ရှုသူအများဆုံး ရုပ်ရှင်

## Escape from Mogadishu



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂျိုအင်ဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်သစ်တစ်ကားကို လတ်တလောမှာ စတင်ပြသခဲ့ပြီဖြစ်ပါတယ်။ သူပါဝင်ထားတဲ့ ရုပ်ရှင်ဟာ Escape from Mogadishu လို့ အမည်ရပြီး အဆိုပါရုပ်ရှင်ဟာ ၂၀၂၁ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ကြည့်ရှုသူအများဆုံး ဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်ဟာ ကမ္ဘာကြီးကို လှစ်ဟမပြရသေးတဲ့ ဖြစ်ရပ်မှန်တစ်ခုအပေါ် အခြေခံကာ ရိုက်ကူးထားတာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ကို ဇူလိုင် ၂၈ ရက်က စတင်ရုံတင်ခဲ့ပြီး ဩဂုတ် ၁၃ ရက်မှာ အဆိုပါရုပ်ရှင်ကို လာရောက်ကြည့်ရှုသူ နှစ်သန်းကျော်လွန်ခဲ့ပြီဖြစ်ကြောင်း လော်တေးအင်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တဲ့အချက်အလက်တွေအရ သိရပါတယ်။ လက်ရှိ ဆိုးလ်မြို့ ဧရိယာအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ တင်းကျပ်ထားသည့်ကာလဖြစ်သော်လည်း အဆိုပါရုပ်ရှင်ကို ကြည့်ရှုသူ နှစ်သန်းရှိခဲ့ကာ ဒီလိုရုံဝင်ပမာဏဟာ ၂၀၂၁ ခုနှစ်အတွင်း ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် အများဆုံးဖြစ်ခဲ့ပါတယ်။

Escape from Mogadishu ဟာ ၁၉၉၁ ခုနှစ်အတွင်း ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူးမှ ပြန်လည်ထွက်ခွာနိုင်ဖို့အရေး ကြိုးပမ်းခဲ့ကြတဲ့ တောင်ကိုရီးယားသံရုံးဝန်ထမ်းတွေ အကြောင်းကို ရိုက်ကူးပုံဖော်ထားတာပါ။ တောင်ကိုရီးယားသံရုံးဝန်ထမ်းတွေဟာ ဆိုမာလီပြည်တွင်းစစ်အတွင်း မိုဂါဒစ်ရှူးကနေ လွတ်မြောက်နိုင်ဖို့အရေး ကြိုးပမ်းခဲ့ကြရပုံတွေကို အဆိုပါရုပ်ရှင်မှာ တွေ့မြင်ရမှာဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ်နဲ့ ပတ်သက်ပြီး ဂျိုအင်ဆောင်က Escape from Mogadishu ကို စတင်ပြသမယ့်နေ့ဟာ သူ့ရဲ့မွေးနေ့နဲ့ တိုက်ဆိုင်နေကြောင်းနဲ့ ဒီလိုတိုက်ဆိုက်မှုက သူ့အတွက် ထူးခြားတဲ့အရာတစ်ခု ဖြစ်လာမှာဖြစ်ကြောင်း ရုပ်ရှင်စတင်ပြသချိန်မှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဂျိုအင်ဆောင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်း ရိုက်ကူးခဲ့ရတဲ့ရုပ်ရှင်ဖြစ်ပေမယ့် အရာရာအဆင်ပြေပြေ ပြီးဆုံးသွားတဲ့အတွက်လည်း သူ့အနေနဲ့ ပါဝင်လုပ်ဆောင်သူတွေကို ကျေးဇူးတင်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။


အဆိုပါရုပ်ရှင်ဟာ ဂျိုအင်ဆောင်အနေနဲ့ အသက် ၄၀ ပြည့်ပြီးနောက်ပိုင်း ပထမဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင်လည်း ဖြစ်ပါတယ်။ ရုပ်ရှင်ရိုက်ကူးခဲ့တဲ့အပေါ် ဂျိုအင်ဆောင်က ယခင်ပါဝင်သရုပ်ဆောင်ခဲ့ဖူးတဲ့ ဇာတ်ကောင်တွေနဲ့ မတူကွဲပြားတဲ့ ဇာတ်ကောင်စရိုက်တွေနဲ့ သရုပ်ဆောင်လိုကြောင်းနဲ့ ရုပ်ရှင်သစ်၊ ဇာတ်လမ်းတွဲသစ်၊ ရုပ်သံအစီအစဉ်သစ်တွေနဲ့အတူ ပရိသတ်တွေနဲ့ ပိုမိုလွတ်လပ်စွာ ဆက်သွယ်နိုင်မယ့် အခွင့်အရေးတွေရနိုင်ဖို့ရာ မျှော်လင့်မိကြောင်းလည်း ပြောကြားခဲ့ပါတယ်။

■

# Cruella ဇာတ်လမ်းတွဲတွင် အမ်မာစတုန်း ပါဝင်သရုပ်ဆောင်မည်


ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ အမ်မာစတုန်းဟာ Cruella ဇာတ်လမ်းတွဲသစ်မှာ ပြန်လည်ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ အတည်ပြုခဲ့တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Cruella ရုပ်ရှင်တွေရဲ့ ဒုတိယမြောက် ဇာတ်လမ်းတွဲမှာ အသက် ၃၂ နှစ်အရွယ် မင်းသမီး အမ်မာစတုန်း ပါဝင်သွားမှာဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲရဲ့ ပထမအကြိမ် ထုတ်လွှင့်ပြသမှုကို ပြီးခဲ့တဲ့ မေ ၂၈ ရက်က ပြုလုပ်ခဲ့ပြီး အဆိုပါ လိုက်ဖ်အက်ရှင်ရုပ်ရှင်ဟာ ပြသချိန်မှာ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၂ သန်း ရရှိခဲ့ပြီး အောင်မြင်တဲ့ ရုပ်ရှင်တစ်ခုဖြစ်ခဲ့ပါတယ်။




**အေးပြည့် - ရေးသားသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟေမဝိဟာရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း









[illegible]

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
# ဒေါ်အေးကြင် (မိကျောင်းရဲမြို့)
## အသက် (၉၄)နှစ်

မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့ (ပဒုမ္မာရွှေကြာတိုက်၊ ဒေါ်ကြင်လှဆေးလိပ်)နေ (ဦးဝင်းကက်- ဒေါ်ကြင်လှ)တို့၏သမီးကြီး၊ (ဦးမောင်စိန်-ဒေါ်သာလိ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆၈၁)၊ သစ္စာလမ်း၊ (၆)ရပ်ကွက်နေ (ဦးဘခိုင်)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းဦးခိုင် (ငြိမ်း)-ဒေါ်သဇင်ချစ် (အထပြ-ငြိမ်း)၊ (မတင်မာခိုင်)၊ ဦးသက်ထွန်းခိုင် [Chief Surveyor, Geomotion(S) Pte Ltd. Singapore]-ဒေါ်ခင်စန်းဝေတို့၏မိခင်၊ ဒေါက်တာခိုင်ရွှေစင်ဦး၊ ဒေါက်တာကောင်းထက်ဦး၊ ဒေါက်တာဟိန်းထက်ဦး၊ မဟေသီသက်ထွန်း [SMU University(SG)]၊ မကေသရီသက်ထွန်း [SMU University(SG)]တို့၏အဘွားသည် ၁၄-၈-၂၀၂၂ (စနေနေ့) နံနက် ၆:၅၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၄၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်နှင်းဦး
**ခရိုင်တရားသူကြီး(ငြိမ်း)**
### အသက်(၆၄)နှစ်

(ဦးစံခင်-ဒေါ်စောရီ)တို့၏သမီး၊ (ဦးချင်းဆင်-ဒေါ်ယွန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင် မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ်(၁၁)၊ (အေ-၄းလွှာ)နေ ဦးသိန်းကျော်(ခေတ္တ-USA)၏ချစ်လှစွာသော ဇနီး၊ မောင်ကောင်းထက်ကျော်(တွဲဖက်မြို့နယ်တရားသူကြီး-ညောင်တုန်းမြို့)-မယဉ်မင်းပိုင်၊ မောင်ဟိန်းထက်သော်(ခေတ္တ-Singapore)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်နှင်းဦးသည် ၁၃-၈-၂၀၂၂ (သောကြာနေ့) ည ၁၁:၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၂၂(စနေနေ့)တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်နှင်းဦး
**ခရိုင်တရားသူကြီး(ငြိမ်း)**
### အသက်(၆၄)နှစ်

(ဦးစံခင်-ဒေါ်စောရီ)တို့၏သမီး၊ (ဦးချင်းဆင်-ဒေါ်ယွန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ်(၁၁)၊ (အေ-၅လွှာ)နေ ဦးသိန်းကျော်(ခေတ္တ-USA)၏ချစ်လှစွာသောဇနီး၊ မောင်ကောင်းထက်ကျော်(တွဲဖက်မြို့နယ်တရားသူကြီး-ညောင်တုန်းမြို့)-မယဉ်မင်းပိုင်၊ မောင်ဟိန်းထက်သော်(ခေတ္တ-Singapore)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်နှင်းဦးသည် ၁၃-၈-၂၀၂၂ (သောကြာနေ့) ည ၁၁:၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိဘုံ ရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

**တရားရေးအပတ်စဉ်(၂)ဧယျ(၇၄)သူငယ်ချင်းများ**

---

### ဦးဝင်းနိုင်(ခ)ဦးဆန်နီ(ညောင်ဦးမြို့)
**ဥက္ကဋ္ဌ၊ မူဆယ်သူ အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးအသင်း**
### အသက်(၆၅)နှစ်

မန္တလေးမြို့၊ ရဲမွန်တောင်ရပ်နေ ဒေါ်ခင်မေရီ [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး]၏ ခင်ပွန်း၊ ညောင်ဦးမြို့၊ ကံသာယာရပ်နေ (ဦးအောင်ငွေ-ဒေါ်ခင်စန်းမြင့်)တို့၏ သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းနေ (ဦးငယ်-ဒေါ်ခင်မိမိကလေး)တို့၏ သားသမက်၊ ဦးရဲဒင်-ဒေါ်သန်းသန်းနု၊ ဦးဝင်းခိုင်-ဒေါ်နွဲ့နွဲ့မူ၊ ဦးတင်ငွေ-ဒေါက်တာခင်သီတာ၊ (ဦးစိုးမြင့်)-ဒေါ်ခင်နီလာ၊ ဒေါက်တာဝင်းဆွေ-ဒေါ်ချိုချိုအောင်၊ (ဦးသက်ခိုင်)၊ ဦးကျော်စိုး-ဒေါ်ခင်သူဇာ၊ ဦးမောင်မောင်သန်း-ဒေါ်ဘောဘီဝင်းတို့၏ မောင်/ညီ/အစ်ကို ၊ ကိုရဲလင်းအောင် (ဦးစီးအရာရှိ၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း)-မနှင်းဝေမွန်၊ ဗိုလ်ကြီးစိုးမိုးထွန်းတို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး၊ မောင်စစ်ပိုင်ဦး၊ မောင်သုတဇော်တို့၏ အဘိုးသည် ၁၃-၈-၂၀၂၂ (သောကြာနေ့) နံနက် ၂:၂၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မန္တလေးမြို့ တောင်အင်း မြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးတင်စိန်(ငြိမ်း) အသက်(၇၁) နှစ် ၂၃-၇-၂၀၂၂ ရက်**
**ဗိုလ်ကြီးတင်ရီ(ငြိမ်း) အသက်(၇၁) နှစ် ၂၈-၇-၂၀၂၂ ရက်**
**ဗိုလ်မှူးခင်စိုး(ငြိမ်း) အသက်(၇၁) နှစ် ၁၀-၈-၂၀၂၂ ရက်**

O.T.S (49)မှ သူငယ်ချင်း (၃)ဦးတို့သည် ယဉ်တွဲပါရက်နေ့ အသီးသီးတွင် ကွယ်လွန်သွားကြခြင်းအတွက် ကျန်ရစ်သူ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

(သူငယ်ချင်းတို့ ကောင်းရာသုဂတိလားကြပါစေ)

**O.T.S (49)ကျောင်းဆင်းသူငယ်ချင်းများ**
**နှင့်မိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းလှိုင် (B.A,BCS)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်မြို့**
### အသက်(၉၁)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်-ရန်ကုန်၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာလှလှဝင်း၏ ဖခင်ဖြစ်သူ ဦးထွန်းလှိုင် (B.A,BCS)သည် ၁၀-၈-၂၀၂၂ရက် နံနက် ၁၁:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်၊ တောင်ကြီးမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်မြင့်
### အသက်(၅၅)နှစ်

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းစီမံကိန်းဦးစီးမှူး ဒေါ်စိုးဆင့်ဝင်း၏ခင်ပွန်းဖြစ်သူ ဦးကျော်မြင့်သည် ၁၃-၈-၂၀၂၂ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်တင့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊**
**ဒေါ်သန်းသန်းချို (ညွှန်ကြားရေးမှူး-ငြိမ်း)**

---

## မူးယစ်
## ကို
## ပစ်
## ပန်းတိုင်
## သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

---

### ဦးလှတင်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၆၄-H)၊ ကြာပဒုမ္မာလမ်းနေ (ဦးတင်-ဒေါ်မမကြီး)တို့၏ သား၊ ဒေါ် ခင်အေးလှိုင်၏ ခင်ပွန်း ဦးလှတင်သည် ၁၄-၈-၂၀၂၂ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မြညွန့်
**မြရတနာအထည်ဆိုင်(မော်လမြိုင်မြို့)**
### အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့်ဇနီး ဒေါ်မြင့်မြင့်မော်တို့၏မိခင် ဒေါ်မြညွန့်သည် ၁၁-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**စက်မှုဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မြညွန့်
**မြရတနာအထည်ဆိုင်(မော်လမြိုင်မြို့)**
### အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့်ဇနီး ဒေါ်မြင့်မြင့်မော်တို့၏မိခင် ဒေါ်မြညွန့်သည် ၁၁-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်ဦးသိန်းဆွေနှင့်ဇနီးဒေါ်အေးသီဂီမြင့်**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**စက်မှုဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းလှိုင်
### အသက်(၉၁)နှစ်

ပါမောက္ခ ဒေါက်တာလှလှဝင်း[ပါမောက္ခချုပ်-ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ဥက္ကဋ္ဌ-ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာရှင်အဖွဲ့]၏ဖခင်ကြီး ဦးထွန်းလှိုင် အသက်(၉၁)နှစ်သည် ၁၀-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**အရာထမ်း/အမှုထမ်းများ**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
### ဗိုလ်မှူးခင်စိုး(ငြိမ်း) O.T.S(49)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၃၁၇)၊ အခန်း(၁၄)နေ(ဦးထွန်းမောင်-ဒေါ်ခင်ရီ)တို့၏သား၊ (ဒေါ်ခင်သန်း)၏မောင်၊ မမေသုခစိုး၊ မောင်ရန်နောင်စိုး၊ မထက်ထက်နေခြည်စိုး၊ မောင်ဉာဏ် လင်းမောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မအိမ့်မျက်သွယ်၊ မောင်ဝေဘုန်းပြည့်စုံတို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၁၀-၈-၂၀၂၂(အင်္ဂါနေ့) ညနေ ၆:၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ရက် ညနေပိုင်းတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးညွန့်ဦး(ရွှေဘိုမြို့)
### အသက်(၇၃)နှစ်

သူငယ်ချင်း ဦးညွန့်ဦး(ကြည်း-၁၂၅၃၀)၊ ဗိုလ်ညွန့်ဦး (ငြိမ်း)(OTS-45)သည် ၁၂-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း သိစေအပ်ပါသည်။

**OTS-45**
**ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သင်းသင်းစိုး
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ရတနာလမ်း၊ အမှတ် ၂၆(က)နေ (ဦးစိုးလှိုင်-ဒေါ်နုနု)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ ဦးသန်းဌေး-ဒေါ်ခင်သန်းဝင်း (စာရေးဆရာမကြီး-ကြူကြူသင်း)တို့၏သမီးချွေးမ၊ (ဦးဇော်လွင်ဌေး)၏ချစ်လှစွာသော ဇနီး၊ ကိုဟိန်းသီဟ၏ချစ်လှစွာသောမိခင်၊ ဦးစိုးမင်းဌေး-ဒေါ်ယဉ်ယဉ်ထွန်းမင်းတို့၏ မရီး ဒေါ်သင်းသင်းစိုးသည် ၅-၈-၂၀၂၂ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုက ဝမ်းနည်းကြေကွဲမဆုံးဖြစ်ရပါသည်။ ကွယ်လွန်သူအတွက်ရည်စူး၍ "မဟာဗောဓိစာသင်တိုက်"သို့ လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းခဲ့သည့် ကုသိုလ်၏ အဖို့ဘာဂကို အမျှပေးဝေပါသည်။ အမျှရ၍ သာဓုခေါ်ဆိုနိုင်ကြပါစေ။

**ဦးသန်းဌေး-ဒေါ်ခင်သန်းဝင်း**
**ဦးစိုးမင်းဌေး-ဒေါ်ယဉ်ယဉ်ထွန်းမင်း**

---

### အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း
### ဦးဝင်းမင်းထွန်း(ဘ)ဦးလှဝင်း [၇/သဝတ(နိုင်)ဝ၆၉၁၄၀]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၁၂၂/၅လွှာ-ဘီ)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီဌေး(ခ)ခိုင်ရွှန်းနီဆားဟ်[၁၂/မရက(နိုင်)၁၂၈၇၈၂]မှ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၆၅)နေ ဦးဝင်းမင်းထွန်း(ခ)မိုဟာမွဒ်ဂျာဗီဒ်နှင့် ၁၆-၁၂-၂၀၀၅ရက်တွင် နေကာဟ်ပြုလက်ထပ်ထိမ်းမြားပြီး ပေါင်းသင်းနေထိုင်လာရာမှ အိမ်ထောင်ရေးအဆင်မပြေမှုများနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်မှုများကြောင့် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းလိုသည့် ဆန္ဒမရှိကြတော့ပါသဖြင့် ၂၀-၆-၂၀၂၂ရက်တွင် အစ္စလာမ်ဓလေ့ထုံးတမ်းနှင့်အညီ ဦးဝင်းမင်းထွန်းမှ သွလားက်(၃)ကြိမ်ပေး၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဒေါ်ရီရီဌေးနှင့် ဦးဝင်းမင်းထွန်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ပတ်သက်ခြင်း (လုံးဝ)လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဲ့လှဲ့ဝင်း(LL.B,D.B.L,D.I.L,D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၃၂)**
**အမှတ်(၁၀၈/၁၁၀)၊ (၃၈)လမ်း(အောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၅၅၀၅**

## ဗိုလ်မှူးမောင်မောင်ခင်(ငြိမ်း)

**စစ်တက္ကသိုလ် အပတ်စဉ်(၆)**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့မီးရထား**

**အသက်(၈၄)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတော(တောင်)နေ (ဦးကံရို-ဒေါ်စောရှို)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းပလာဇာ၊ အခန်းအမှတ်(၃-စီ)နေ (ဒေါ်ဝင်းဝင်း)၏ ခင်ပွန်း၊ ဦးအောင်ကျော်နိုင်၊ ဒေါ်အေးအေးမြင့်၊ ဦးမြတ်သူ-ဒေါ်သီတာခင်၊ ဒေါ်နီလာခင်၊ ဒေါ်စန္ဒာခင်(ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)တို့၏ ဖခင်၊ မောင်ကောင်းထက်ကျော်၊ မအေးငြိမ်းသူ၊ မောင်ကျော်ဇင်ဟိန်း၊ မောင်နေဝင်းသူတို့၏ အဘိုးသည် ၁၃-၈-၂၀၂၂ ရက်တွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# (၁)လပြည့် လွမ်းဆွတ်သတိရခြင်း

## ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း(ငြိမ်း)

## (၁၅-၇-၂၀၂၂) မှ (၁၅-၈-၂၀၂၂)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁၅-၈-၂၀၂၂ရက်တွင် (၁)လပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ကွယ်လွန်သွားတာ (၁)လပြည့်သွားပေမယ့် ယနေ့တိုင် သက်ရှိထင်ရှားရှိနေတယ်လို့ ထင်ယောင်နေဆဲပါ။ ကျန်ရစ်သူ သားသမီးမြေးများမှ ဖခင်ကြီးအား ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးနေပါတယ်။ ယခုဘဝတစ်လျှောက်လုံးမှာ ဒါနကုသိုလ်ကောင်းခဲ့တဲ့ ဖခင်ကြီး မြင့်မြတ်တဲ့ဘုံဘဝမှ ကုသိုလ်ကောင်းမှုအစုစုအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။

**အဖေ့ကိုချစ်သော သားသမီးများနှင့်**

**ဘိုးဘိုးကြီးကိုချစ်သော မြေးများ**

---

## ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းအောင်

**သံဖြူဇရပ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**(ပထမအကြိမ်)**

**အသက် (၆၆)နှစ်**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြာကန်ရပ်ကွက်နေ ဒေါ်အေးစိန်၏ချစ်လှစွာသောခင်ပွန်း၊ သားသမီး ရစ်ယောက်တို့၏ချစ်ဖခင်၊ မြေး ၁၁ ယောက်တို့၏ ချစ်အဘိုး ဦးသိန်းအောင်သည် ၁၂-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်ဖြန်(ခ)ဒေါ်အေး

## ပဲခူး

**အသက်(၁၀၄)နှစ်**

ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၁၆)နေ (ဦးထိရာ)၏ဇနီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၁၇)နေ ဒေါ်အမာကြည်၊ ဒေါ်ခင်မြိုင်၊ ဒေါက်တာ ဒေါ်ခင်လှိုင်၊ ဦးတင်အေး-ဒေါ်ကျင်ဝင်း၊ ဦးကျော်စိန်-ဒေါ်ကျင်မေ၊ ဦးကျော်ညွန့်-ဒေါ်ခင်အေးဆွေ၊ ဒေါက်တာ ဒေါ်ခင်သန်းဝင်း၊ ဒေါက်တာ ဒေါ်ခင်မျိုးဝင်း၊ ဦးကျော်ဇော်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၅ယောက်တို့၏ ချစ်လှစွာသောအဘွား၊ မြစ် ၁၁ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၇-၈-၂၀၂၂(စနေနေ့) ည ၁၀း၄၇နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၂(တနင်္လာနေ့)တွင် ရေဝေးတရုတ်ဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**(၁)လပြည့် ဝမ်းနည်းကြေကွဲခြင်း**

**ဦးငြိမ်းချမ်း**

**Model Diamond (Mandalay Yadanar Mall)**

**အသက်(၅၅)နှစ်**

**ဒေါ်မေသူဝင်း**

**ဘဏ္ဍာရေးမှူး၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာအသင်း(မန္တလေး)**

**Model Diamond (Mandalay Yadanar Mall)**

**အသက်(၄၃)နှစ်**

မန္တလေးမြို့နေ ဦးငြိမ်းချမ်း Model Diamond (Mandalay Yadanar Mall)သည် ၁-၇-၂၀၂၂ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်မေသူဝင်း၊ ဘဏ္ဍာရေးမှူး၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအသင်း (မန္တလေး)၊ Model Diamond (Mandalay Yadanar Mall)သည် ၂၉-၆-၂၀၂၂ရက်တွင်လည်းကောင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

---

**သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ရှင်ရဟန်းအလှူ့ဒါယိကာမကြီး**

**ဒေါ်အေးသန်း**

**(မော်လမြိုင်)**

**အသက်(၈၉)နှစ်**

မော်လမြိုင်မြို့နေ (ဦးအောင်မြင့်-ဒေါ်စိန်မျှင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၈)လမ်း၊ အမှတ်(၃၃)၊ (မြေညီထပ်)နေ [ဦးချစ်စိန် (ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်/လယ်ယာ)]၏ဇနီး၊ [ဦးဦးတင် (လ.ဝ.က မှူး)(ငြိမ်း)-ဒေါ်ကြိုင်ကြိုင်]၊ (ဗိုလ်ကြီးဝင်းအောင်)၊ ဒေါ်ညွန့်ရီတို့၏အစ်မကြီး၊ ဦးအောင်မင်းသူ-ဒေါ်ဝင်းဝင်းမာ (မူလွန်၁၄-ငြိမ်း)၊ (ဦးမျိုးအောင်)-ဒေါ်လွဲလွဲဝင်း (ထ-၅၊ ငြိမ်း)၊ ဦးကျော်နိုင်စိုး-ဒေါ်အေးအေးမွန်(လ/ထညွှန်မှူး)တို့၏ မိခင်ကြီး၊ ပိုင်ဆက်မင်း-ယုသန္တာဇော်၊ အေးချမ်းမင်း၊ ခင်စိုးဟန်တို့၏ ဘွားဘွား၊ ခန့်ညားထိုက်၊ ညွန်းဆင့်နေတို့၏ဘွားဘွားကြီးသည် ၁၃-၈-၂၀၂၂ရက်တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

**ဒေါ်သန်းလွင်(ခ) ဒေါ်ရှုဝမ်**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁)ရပ်ကွက်၊ဇေယျမင်္ဂလာလမ်း၊အမှတ်(၁၃)နေ(ဦးစံ+ဒေါ်သိန်း)တို့၏သမီး၊ဦးရွှေသောင်း၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း+ဒေါ်မြင့်မြင့်သွင်(ဦးဝင်းမော်)ဦးသိန်းထိုက်+ဒေါ်တင်တင်ဦးတို့၏ ချစ်လှစွာသောမိခင် မြေး(၆)ယောက်တို့၏အဘွား ဒေါ်သန်းလွင်(ခ) ဒေါ်ရှုဝမ်သည်(၁၃. ၈. ၂၀၂၂)နံနက်(၁၀)နာရီတွင်(၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြင့်မြင့်အေး**

**ဘယ်လ်ဂျီယန်စတားစိန်တိုက် (Mandalay Yadanar Mall)**

**အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

**အသက် (၅၁)နှစ်**

မန္တလေးမြို့နေ ဒေါ်မြင့်မြင့်အေး (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)သည် ၁၀-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

---

**ဦးကျော်ဝင်း(မုံရွာ)**

**အသက်(၆၈)နှစ်**

မုံရွာမြို့၊ ပွဲစားတန်း၊ ဘုရားကြီးရပ်နေ (ဦးကျော်-ဒေါ်စိန်ရင်)တို့၏သား၊ (ဦးမြတ်သိန်း-ဒေါ်အုန်းတင့်)တို့၏သားသမက်၊ ဒေါ်သန္တာ၏ခင်ပွန်း၊ (ဦးသန်းစိန်)-ဒေါ်စန်းစန်းရင်၊ ဒေါက်တာကြံအောင်-ဒေါ်သန်းသန်းရင်တို့၏မောင်၊ (ဦးအေးချမ်းဖြိုး)-ဒေါ်သဥ္ဇာကျော်(ဖြိုးစတိုး)၊ ဦးကျော်စွာဦး-ဒေါ်အလိမ္မာကျော်တို့၏ ဖခင်၊ မောင်ဖြိုးသန့်စင်၊ မမြတ်သဒ္ဒါဦးတို့၏အဘိုးသည် ၁၃-၈-၂၀၂၂ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဝင်းဇော်**

**တွံတေးမြို့နယ် စက္ကူဒါနအလှူ့ရှင်**

**တွံတေးမြို့နယ်အသင်း(ရန်ကုန်)စာရင်းစစ်**

**အသက်(၆၇)နှစ်**

တွံတေးမြို့နယ်၊ ဈေးကြီးလမ်းနေ ဦးခြောက်ဆယ်-ဒေါ်ကြင်မှုံတို့၏သား၊ ဒေါ်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းဇော်သည် ၁၅-၇-၂၀၂၂ ရက် ည ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေဂုံတိုင်မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး မင်းကြော့ရှိန်
**မြို့နယ်ပညာရေးမှူး(ငြိမ်း)**
**အသက်(၈၉)နှစ်**

စာဆိုတော်နေ့၊ အကန်တော့ခံသက်ကြီးစာပေပညာရှင်၊ စာရေးဆရာကြီး မင်းကြော့ရှိန်သည် ၁၃-၈-၂၀၂၁ ရက်နေ့မှာ ကွယ်လွန်ခဲ့ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)**

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး မြတ်ဝေတိုး
**အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)**
**အသက်(၆၃)နှစ်**

အမျိုးသားစာပေဆုရစာရေးဆရာ၊ တိုင်းရင်းသားယဉ်ကျေးမှုသုတေသနပညာရှင် ဆရာကြီးမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)သည် ၁၃-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သက်ရီ
**(လာပြီ လာပြီ ဒေါ်သက်ရီ JACOB)**
**အသက်(၇၄)နှစ်**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီစာရင်းစစ် ဦးသက်နိုင်ဦး၏မိခင် ဒေါ်သက်ရီသည် ၁၃-၈-၂၀၂၁ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင်ရီ(ခ)အတူး (ပုသိမ်)
**စီးပွားကူးသန်းဝန်ကြီးဌာန**
**(ကုန်သွယ်/လယ်ယာ မန်နေဂျာ-ငြိမ်း)**
**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၁၆)၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးမျှင်-ဒေါ်ကြင်မြ)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်အေးခင်)တို့၏သားသမက်၊ ဒေါ်ညွန့်မေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးရဲထွဋ်-မခိုင်၊ ဒေါ်ဇင်မျိုးလတ်၊ ဦးလွင်မင်းသန့်-ဒေါ်ခင်မိုးသူ တို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်ဇေလင်းရဲ၊ မောင်အောင်ခန့်ပိုင်၊ မဖြူစင်မိုးတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၃-၈-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၂:၄၈ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ယင်းနေ့ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်းအမကြီး**
## ဒေါ်နီနီသိန်း
**အထက(၂)ဒဂုံ၊ မြို့မ(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့နေ (ဦးသိန်းတင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးရာရှိန်-ဒေါ်မြစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၈၆၀)နေ ဦးသိန်းကြိုင် ၏ချစ်လှစွာသောဇနီး၊ ဦးစူဝံကျော်-ဒေါ်ယုယုကြိုင်၊ ဒေါ်တင်မျိုးအေး၊ (ဦးဝင်းမြင့်အောင်)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မထက်နန္ဒာကျော်၊ မောင်ဇေဘုန်းထက်နိုင်တို့၏အဘွားသည် ၁၃-၈-၂၀၂၁(သောကြာနေ့) ညနေ ၄:၃၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ကျောင်းဒါယကာကြီး**
## ဦးအေးမောင်
**Electrical Engineer(New Zealand),HGP,B.A(Psychology)**
**ပြင်ဦးလွင် စက်မှုအထက လ/ထ နည်းပြ(ငြိမ်း) EX UNV Specialist**
**အသက်(၇၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့နေ (ဦးအုန်းရွှေ-ဒေါ်လှခင်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ(ရွှေမောင်းဦးငွေ-ဒေါ်သန်း မြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၂၃/သုံးလွှာ)နေ ဒေါ်ညွန့်ညွန့်ဝေ(နတ်မောက်/ပြင်ဦးလွင် စက်မှု အထက လ/ထ နည်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ဇီဇဝါ အေးမောင်၊ ဗိုလ်မှူးအာကာအေးမောင်-ဒေါ်သီရိသူတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဝေယံမြင့်မြတ်မောင်၊ မဟိန်းသီရိသက်စံတို့၏ အဘိုး၊ မြစ်ငယ်မြို့နေ(ဦးတာဇံ)၊ ရန်ကုန်မြို့နေ (ဦးမြသိန်း-ဒေါ်ခင်မြင့်သိန်း)၊ (ဦးအေးမြင့်)၊ (ဒေါ်ခင်အေးမြင့်)၊ ဒေါ်ခင်လှရီ-ဒေါက်တာအောင်ထွဋ်၊ ဒုတိယဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)-ဒေါ်ခင်ဝင်းကြည်၊ ဒေါက်တာဒေါ်ယဉ်ယဉ်မေ-ဒေါက်တာဇော်မျိုးအောင်တို့၏ ညီ/မောင်၊ တူ/တူမ ၁၀ယောက်တို့၏ ဦးလေး ဦးအေးမောင်သည် ၁၄-၈-၂၀၂၁ ရက်တွင် သန်လျင်မြို့နယ်ရှိ အမှတ်(၂၂)တပ်မတော်ဆေးရုံ ခုတင်(၁၀၀)၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်လှိုင်
**(အငြိမ်းစားကျောင်းဆရာကြီး)**
**တပ်ကုန်းမြို့၊ နေပြည်တော်**
**အသက်(၉၁)နှစ်**

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ အောင်စိုးမိုးလမ်း၊ အမှတ် (၁၄၇)နေ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ Dr.သင်းသင်းလှိုင် (သားဖွား/မီးယပ်အထူးကုဆရာဝန်ကြီး)၊ ဦးဝင်းနိုင်၊ ဒေါ်မိုးစန္ဒာလှိုင်၊ Dr.ထူးအောင်-Dr.နီလာလှိုင် (တော်ဝင်နီလာဆေးရုံ)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး ဦးတင်လှိုင် (အငြိမ်းစားကျောင်းဆရာကြီး) သည် ၁၃-၈-၂၀၂၁ရက် နံနက် ၁:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ညနေ ၃နာရီတွင် တပ်ကုန်းမြို့၊ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများကို အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
## ဗိုလ်မှူးတင်အောင်(ငြိမ်း)
**ကြည်-၈၈၆၉(OTS-28)**
**မြင်းခြံမြို့**
**အသက်(၉၀)**

ရန်ကုန်မြို့နေ (ဦးသိန်းဟန်-ဒေါ်သန်းတင်)တို့၏ ချစ်လှစွာသော သား၊ မြင်းခြံမြို့၊ အမှတ်(၁၆)၊ ခြံအမှတ်(၄၅၈)နေ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်နိုင်အောင်(စီမံကိန်းဌာန)-ဒေါ်နီနီဝင်း၊ ဒေါ်တင်တင်ဝင်း(ပြန်/ဆက်)၊ ဦးမိုးကျော်အောင်-ဒေါ်သီတာဦး(မန်းရာဇာဆေးနှင့်ဆေးပစ္စည်း)၊ ဒေါ်အေးအေးဝင်း(အထက-၄)၊ ဒေါ်စန္ဒာအောင်(အထက-၄)၊ ဒေါ်လှယဉ်ဝင်း (BME-အ.မက)၊ ဦးအောင်မျိုးဆွေ(မြေစာရင်း)-ဒေါ်စန္ဒာ(မြေစာရင်း)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ဗိုလ်ကြီးကျော်သာထွန်း(ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း၊ နေပြည်တော်)-ဒေါ်သန္တာတင်(မူလွန်ရေဆင်း)၊ ဗိုလ်ကြီးအောင်မြင့်မြတ်၊ မဥမ္မာကျော်(မူလွန်ရှာသာဖုံ)၊ မောင်ဖြိုးခန့်ကျော်(MIIT-MDY)၊ မောင်ဟန်ဖြိုးသော်၊ မောင် အောင်ခန့် ကျော်၊ မောင်ဟိန်းသန့်ဇော်တို့၏အဘိုး၊ မရွှေဘုံစံ၊ မရွှေပြည့်အိမ်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၂၁(ကြာသပတေးနေ့) ည ၁၁နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၁ရက်တွင် မြင်းခြံမြို့ဆူးဖြူကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းအပေါင်းအသင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်ကြီးတင်လှိုင်(ငြိမ်း)
**BEME နတ်တလင်း**
**အသက်(၈၉)နှစ်**

နတ်တလင်းမြို့နေ (ဦးခင်မောင်-ဒေါ်လှအေး)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်နု)တို့၏သားသမက်၊ ဦးမျိုးဆက်(NOL)-ဒေါ်မာလာဝေ၊ ဦးမျိုးထွဋ်-(ဒေါ်မိုးမိုးစိုးလွင်)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး နှစ်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ ကုန်းဘောင်(၁)လမ်း၊ အမှတ်(၂၀၂)နေ (ဒေါ်ကြည်ကြည်အေး)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးတင်လှိုင်(ငြိမ်း) သည် ၁၃-၈-၂၀၂၁ရက် နံနက် ၅:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းလှိုင်(ခ)လူရာချန်
**အသက်(၈၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (123)၊ (၁၄)လမ်းနေ ဒေါ်ခင်နွယ်နွယ်(ခ)လင်ရှုလန်၏ ချစ်လှစွာသောခင်ပွန်း၊ မစုစန္ဒာလှိုင်(ခ)မမီးမီး၊ မောင်နေမင်းထွန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင် ဦးဝင်းလှိုင်သည် ၁၂-၈-၂၀၂၁ ရက် ည၈:၅၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၈-၂၀၂၁ရက် မွန်းလွဲတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးညွန့်ဦး(ရွှေဘိုမြို့)
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်ချုပ်(၁)ရပ်ကွက်၊ ခြံအမှတ် (9/C-2)နေ (ဦးသိန်းမောင်-ဒေါ်သိန်းအိ)တို့၏သား၊ ဦးညွန့်ဖူး-ဒေါ်ထားထားတို့၏အစ်ကို၊ (ဦးမြမောင်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒေါ်ညိုညို၏ချစ်လှစွာသောခင်ပွန်း၊ မနေရည်ညွန့်ဦး(ကထိက-ရန်ကုန်တက္ကသိုလ်)၊ မောင်မင်းစည်သူ (WYTU)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၈-၂၀၂၁ (သောကြာနေ့) နံနက် ၉:၅၀ နာရီတွင် မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ**
## ဆရာတော်ဘဒ္ဒန္တ နန္ဒောဘာသ
**အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ**
**သိင်္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာ**
**သိက္ခာတော် (၈၀)၊ သက်တော်(၁၀၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး၊ သိင်္ဂီဦးကျောင်းတိုက်ဦးစီးနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ သိင်္ဂုတ္တရပဝရသိရီ မဟာဓမ္မရာဇာ၊ ဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသသည် (၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက်) ၁၄-၈-၂၀၂၁ (စနေနေ့) ၁၀:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ကြားသိရပါသဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း ဦးခိုက်ပူဇော်ကန်တော့၍ လေးမြတ်စွာ မှတ်တမ်းတင်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## ဦးထွန်းထွန်းကို
**သဘောၤအင်ဂျင်နီယာ(F.G)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ (၂၈-A)၊ (၃၂)ရိပ်သာလမ်း၊ ဖမိုင်ခွဲနေ (ဦးကိုကို-ဒေါ်လှလှမြ)တို့၏သား၊ Dr.မေပြုံးလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်ခိုင်-Dr.ချိုချိုဦးတို့၏ မောင်၊ ဒုဗိုလ်မှူးကြီးရဲဝင့်မောင်-ဒေါ်ခင်ခင်ပြုံး၊ Capt.သွင်အောင်သန့်-ဒေါ်မိမိမေဘ်တို့၏ အစ်ကို၊ မောင်ဇင်မင်းထက်၊ မမေမိုးပွင့်ကျော်၊ မောင်ထွဋ်မိုးအောင်တို့၏ ဦးလေးသည် ၁၂-၈-၂၀၂၁ ရက် ည ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၁ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# အရေပြားအကျိတ်နာရောဂါ
# ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) နာမကျန်း ကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြားနွားများနှင့် ရောနှောခြင်း မပြုရန်၊

(၂) ကျွဲ၊ နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊

(၃) ကျွဲ၊ နွား အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊

(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိ နွားများနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊

(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၇) ကျွဲ၊နွားများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်(AHD/PC-3)ရယူရန်၊

(၈) မိမိ ကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကလေးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်တံတားကို သွားရောက်မီးငြိမ်းသတ်ပြီး ပြန်လည်ထွက်ခွာလာသည့် မီးသတ်ယာဉ် မိုင်းဆွဲတိုက်ခိုက်ခံရ



ကလေးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်တံတားကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် မီးသတ်ယာဉ်ကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်တံတားကို သွားရောက်မီးငြိမ်းသတ်ပြီး ပြန်လည်ထွက်ခွာလာသည့် မီးသတ်ယာဉ်အား အကြမ်းဖက်သောင်းကျန်းသူများက ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့နယ် ဆည်တော်ကျေးရွာနှင့် ကြာအင်းကျေးရွာအကြားရှိ ကလေး-နတ်ချောင်းကားလမ်းပေါ်၌ ဒေသခံပြည်သူများ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆောက်ထားသည့် တံတားအမှတ်(၂/၁၁၇) ဘေလီကွန်ကရစ်တံတားကို ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲခဲ့ရာ လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိဘဲ ကလေးမြို့သို့အဝင်ဘက် တံတားချဉ်းကပ်လမ်း၏ ယာဘက်ခြမ်းရှိ မြေသားများ ချိုင့်ဝင်နိမ့်ကျသွားခဲ့သည်။

ထို့အပြင် ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ○


ကြေးမုံ ယနေ့ ဖတ်စရာ

ယူဂန္ဓာနိုင်ငံ၌ ဆေးဘက်ဆိုင်ရာကျောင်းများ ပြန်လည်ဖွင့်လှစ်

စာမျက်နှာ » ၁၂

အေးချမ်းစွာနေထိုင်သော ပြည်သူအချို့ကို လက်နက်ကိုင်အကြမ်းဖက်သူများက အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်

စာမျက်နှာ » ၁၄

အကြောင်းအကျိုးအပေါ်က ဆုံးဖြတ်ချက်တစ်ခု

စာမျက်နှာ » ၁၅

မျိုးဆက်သစ် ပျိုးခင်း

စာမျက်နှာ » ၂၀၊ ၂၁


# လိဒ်ယူနိုက်တက်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး မန်ယူအသင်း ပရီမီယာလိဂ်ရာသီ အဖွင့်လှခဲ့

မန်ယူအသင်းဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၄ ရက်(စနေနေ့) ညပိုင်းက လိဒ်ယူနိုက်တက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက လိဒ်ယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ရာသီအဖွင့်လှခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က ပွဲကစားချိန် မိနစ် ၃၀၊ ၅၄ မိနစ်နဲ့ မိနစ် ၆၀ တို့မှာ ဟက်ထရစ်ဂိုးသွင်းယူခဲ့ပြီး ပွဲကစားချိန် ၅၂ မိနစ်မှာ ဂရင်းဝုဒ်က တစ်ဂိုးနဲ့ ပွဲကစားချိန် ၆၈ မိနစ်မှာ ဖရက်ဒ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လိဒ်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၄၈ မိနစ်မှာ အေလိုင်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၅ သို့ ✻

